# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ဆင်းရဲဒုက္ခတို့ မကျရောက်**

အမျက် 'ဒေါသ' ကိုစွန့်ရာ၏။ မာနကို ပယ်ရာ၏။ သံယောဇဉ်မှန်သမျှကို ကျော်လွန်ရာ၏။ နာမ်ရုပ်၌ မငြိတွယ် မကြောင့်ကြသူထံသို့ ဆင်းရဲဒုက္ခတို့သည် မကျရောက်ကုန်။

ကောဓဝဂ်(ဓမ္မပဒ-၂၂၁)


၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက် | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၈ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၀)၊ အမှတ် (၃၄၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု၊ သွင်းအားစုများရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေး ပြည့်မီအောင် ထုတ်လုပ်သွားရန်လို

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဒုတိယ ဗိုလ်ချုပ်ကြီး စိုးထွဋ်၊ ဦးဝဏ္ဏမောင်လွင်၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဦးချစ်နိုင်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးအောင်နိုင်ဦး၊ ဦးကိုကိုလှိုင်၊ ဒေါက်တာ ဒေါ်သီတာဦး၊ *စာမျက်နှာ ၃ ကော်လံ ၁* ❖





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) တွင် အမှာစကားပြောကြားစဉ်။

## ယနေ့ ဖတ်စရာ


**တားဆီး၊ ကယ်တင်၊ ကူညီရေး လူကုန်ကူးခံရသူအသံ နားထောင်ပေး**
ဆောင်းပါး | စာ ၁၀

**မြို့ပြရဲ့လူနေစရိတ်စက ကြီးမားလာ၍ ကျေးလက်ကို အခြေချလာကြတဲ့ လက်ဘာနွန် ပညာတတ်အချို့**
နိုင်ငံတကာရေးရာ | စာ ၁၄

**ပုဂံ-ညောင်ဦး ရှေးဟောင်းဇုန်အတွင်းရှိ နှစ်ပေါင်း ၉၀၀ ခန့် သက်တမ်းရှိ အုတ်တိုက်အမှတ် ၁၃၁၅ ပြိုကျပျက်စီး**
ပြည်တွင်းသတင်း | စာ ၂၃

# အကြမ်းဖက်အဖွဲ့က လေလှိုင်းမှ နောက်တစ်ဖန် ပြန်လည်မွှေနှောက်ခြင်း

အကြမ်းဖက်အဖွဲ့အဖြစ် ကြေညာခံထားရသည့် NUG က ကြေညာချက်တစ်ရပ်ကို လေထဲမှထုတ်လွှင့်ခဲ့ရာ ယင်းကြေညာချက်ကို ပြည်ဖျက်မီဒီယာများက D-Day စတင်ကြောင်း ကြေညာခြင်း၊ တစ်နိုင်ငံလုံး အရေးပေါ်အခြေအနေကြေညာခြင်း၊ ပြည်သူ့တော်လှန်ရေး စတင်ခြင်းအဖြစ် အသီးသီးထုတ်လွှင့်ခဲ့ကြပြီး အယုံလွယ်သူတို့ အပြေးအလွှား ဆန်ဝယ်၊ ဆီဝယ်၊ စုကြ၊ ဆောင်းကြနှင့် လူမှုကွန်ရက်မှ ခိုင်းသမျှ လိုက်လုပ်ခဲ့ကြသည်ကို တွေ့ရသည်။

D-Day ဟု အမည်တပ်၍ ထုတ်လွှင့်ကြေညာချက်၏ အနှစ်ချုပ်မှာ ပြည်သူလူထုအတွင်း စိုးရိမ်စိတ်များဖြင့် မတည်မငြိမ်မှု ဖြစ်ပေါ်လာစေရန် ရည်ရွယ်ရင်း သက်သက်သာဖြစ်သည်။ တစ်နည်းအားဖြင့် တိုင်းရင်းသားလက်နက်ကိုင်တို့၏ နယ်မြေသို့ သွားရောက်ကာ အကြမ်းဖက်အဖျက် ရက်တိုသင်တန်းများ တက်ရောက်ခဲ့ကြပြီး မြို့ကြီးများတွင် ပြန်လည်ခိုဝင်နေထိုင်ကြကာ လူသတ်၊ ဖောက်ခွဲလုပ်ရပ်များ လုပ်ကိုင်နေကြသည့် အကြမ်းဖက်အုပ်စုများ ဖော်ထုတ်ဖမ်းဆီးခံရခြင်း၊ လက်နက်ခဲယမ်း မီးကျောက်များ အမြောက်အမြား သိမ်းဆည်းခံရခြင်းတို့ကြောင့် မြို့ပြနယ်မြေဒေသများ တည်ငြိမ်အေးချမ်းမှုရရှိလာချိန်တွင် NUG က နောက်တစ်ဖန်ပြန်လည်မွှေနှောက်ကာ ပြည်သူလူထုအတွင်း တစ်ဦးနှင့်တစ်ဦး မယုံသင်္ကာစိတ်များနှင့် စိုးရိမ်ထိတ်လန့်မှုများ ဖြစ်ပေါ်အောင်၊ ဝန်ထမ်းများ တာဝန်ထမ်းဆောင်မှုတွင် အနှောင့်အယှက်ဖြစ်အောင် ဖန်တီးလိုက်ခြင်းပင်ဖြစ်သည်။

တော်လှန်ရေးစတင်ပြီဟု အသံပေးလိုက်သူက ဘေးကင်းရန်ကင်းသည့်နယ်မြေတွင် ခိုလှုံနေကြပြီး အနေအစားမပျက် အသံပေးရုံသာပေးလိုက်ခြင်းဖြစ်သည်။ လတ်တလောတွင်မူ ဈေးကွက်ထဲမှ ဆန်ဈေး၊ ဆီဈေးတို့ လှုပ်ကုန်ကြပြီး ဝင်ငွေနည်းပြည်သူတို့ သောကပွေ့ကြရသည်။ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် အလုပ်အကိုင်များ ရပ်နားထားကြရပြီး စီးပွားရေးအခြေအနေတို့ ယိမ်းယိုင်ကျားကန်နေရသည့်အခြေအနေတွင် ပြည်သူလူထုအတွင်း နောက်ထပ်ဝေဒနာတစ်ခုကို ထပ်မံဖြန့်ကြဲပေးလိုက်ခြင်းက ရက်စက်သည့်လုပ်ရပ်ပင်ဖြစ်သည်။ D-Day ဟု အမည်ခံထားခြင်းဖြစ်သည့်အတွက် နောက်ဆက်တွဲအကြမ်းဖက်လုပ်ရပ်တို့ ရက်ပိုင်းအတွင်း ပြုလုပ်လာနိုင်သည်ကို သတိပြုကြရမည်ဖြစ်သော်လည်း ဖေ့စ်ဘုတ်ပေါ်တွင် ရေးသားနေသမျှကို ယုံကြည်ကာ စိုးရိမ်ထိတ်လန့်နေကြရန်မလိုပေ။ မိမိတို့နေထိုင်ရာ ရပ်ရွာများအတွင်း တရားဥပဒေစိုးမိုးရေးနှင့် အေးချမ်းသာယာရေးအတွက် အဖျက်အမှောင့်သမားများ မိမိပတ်ဝန်းကျင်၌ ခိုဝင်မနေစေရေး၊ အဖျက်အမှောင့်လုပ်ရပ်များ မလုပ်ကိုင်နိုင်စေရေး ကာကွယ်တားဆီးသွားကြရမည်၊ ရပ်ရွာလုံခြုံရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။

ထို့အပြင် လူမှုကွန်ရက်ပေါ်မှ သတင်းအတုအယောင်များ၊ သတင်းအမှားများကို မစူးမစမ်း၊ မဆင်မခြင် ယုံကြည်ခြင်း၊ ထပ်ဆင့်ဖြန့်ဝေခြင်းတို့ မပြုမိရန်လည်း လိုအပ်သည်။ ကောလာဟလများနှင့် သတင်းအမှားများက အခြေအနေကို ပို၍ရှုပ်ထွေးစေပြီး မကောင်းသော အကျိုးရလဒ်တို့ကိုသာ ဖြစ်ပေါ်စေမည်ဖြစ်သည်ကိုလည်း ဂရုပြုကြရန်လိုသည်။ ပြည်သူလူထုအတွင်း သတင်းအမှားများ ပျံ့နှံ့နေမှုနှင့်အတူ တင်ကြိုဖြစ်ပေါ်နေသည့် စိုးရိမ်ထိတ်လန့်မှုတို့က မုဆိုးမအိမ်မှ ဆန်ကောတစ်ချပ်လေထဲသို့ လွင့်ပါသည်မှ အစပြုကာ ပျူမြို့ပြနိုင်ငံ ပျက်စီးရသည့်အဖြစ်မျိုးကဲ့သို့ ရောက်ရှိသွားစေနိုင်သည်။

ပစ္စက္ခကာလတွင် မိမိတို့ ရင်ဆိုင်ကျော်ဖြတ်ကြရမည့် စိန်ခေါ်မှုနှစ်ခုမှာ ကိုဗစ်-၁၉ ကပ်ရောဂါနှင့် မြို့ပြရပ်ရွာများ တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည်။ ယင်းနှစ်ခုလုံးကို အောင်မြင်နိုင်ရေးတွင် ပြည်သူတို့၏ စုပေါင်းစွမ်းအားများက ပဓာနကျအရေးပါသည်။ ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုဖြင့် ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှု လျော့ကျရေး အောင်မြင်သကဲ့သို့ အကြမ်းဖက်အဖျက်သမားများ ဖော်ထုတ်ရေးတွင်လည်း အောင်မြင်သည့်သာဓကတို့ ရှိခဲ့ပြီးဖြစ်ရာ လေထဲမှ အသံပေးခဲ့သည့် ကြေညာချက်နှင့်အတူ အကြမ်းဖက်အဖျက်အုပ်စုတို့၏ နှောင့်ယှက်ထိပါးမှုတို့ ပြုလုပ်လာပါကလည်း ရပ်ရွာဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို ဦးတည်၍ ဝိုင်းဝန်းနှိမ်နင်းကြရန်သာ ဖြစ်ပါကြောင်း။ ။

# ၂၀၁၈ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**၂၀၁၈ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၂၄ / ၂၀၂၁**
**၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်**
**(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို "၂၀၁၈ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေကို ပြင်ဆင်သည့်ဥပဒေ"ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေသည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ တာဝန်များပြီးမြောက်ပြီးနောက် ကျင်းပသည့်ရွေးကောက်ပွဲအရ ပြည်ထောင်စုအစိုးရအဖွဲ့နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းပြီးသည့်နေ့ရက်အထိ အာဏာတည်ရမည်။

၃။ ဤဥပဒေအာဏာတည်လျက်ရှိနေသမျှကာလပတ်လုံး ၂၀၁၈ ခုနှစ်၊ ရောဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်းဥပဒေ၏ အခန်း (၈)ပါ ပြဋ္ဌာန်းချက်များအား ရုပ်သိမ်းထားဘိသကဲ့သို့ မှတ်ယူစေရမည်။

၄။ ဝန်ကြီးသည် ရပ်ရွာအခြေပြု ငါးလုပ်ငန်းအစုအဖွဲ့များ ဖွဲ့စည်းခြင်းနှင့်စပ်လျဉ်း၍ လိုအပ်ပါက အမိန့်ကြော်ငြာစာ၊ အမိန့်နှင့် ညွှန်ကြားချက်များ ထုတ်ပြန်ဆောင်ရွက်နိုင်သည်။

၅။ ရောဝတီတိုင်းဒေသကြီး ရေချိုငါးလုပ်ငန်း နည်းဥပဒေ အခန်း ၁၃(က)၊ အခန်း ၁၃ (ခ)နှင့် အခန်း ၁၃ (ဂ)တို့ပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေနှင့် မဆန့်ကျင်သမျှ ဆက်လက်ကျင့်သုံးနိုင်သည်။

---

ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်-

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဗိုလ်မှူးကြီး ဇော်ဝင်းထွန်း<br>ကာကွယ်ရေးဝန်ကြီးဌာန | ကျောင်းအုပ်ကြီး<br>မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းကောလိပ်<br>ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန |
| (၂) | ဒုတိယဗိုလ်မှူးကြီး ကျော်နိုင်အေး<br>ကာကွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့သင်္ဘောကျင်းလုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန |

## မြစိမ်းရောင်ချေးငွေများ ရမ်းဗြဲမြို့နယ်၌ ထုတ်ချေး

ရမ်းဗြဲ စက်တင်ဘာ ၇

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရမ်းဗြဲမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရမ်းဗြဲမြို့နယ်တွင် (၅)နှစ်မြောက် ပြန်လည်ထုတ်ချေးသည့် ရွာဟောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ကိုင်သူ ၃၂ ဦးအား ငွေကျပ် ၉ ဒသမ ၉ သန်း၊ မွေးမြူရေးလုပ်ကိုင်သူ ၄၈ ဦးအား ငွေကျပ် ၁၅ ဒသမ ၁ သန်း၊ ရေလုပ်ငန်းလုပ်ကိုင်သူ နှစ်ဦးအား ငွေကျပ် ၀ ဒသမ ၆၅ သန်း၊ အရောင်းအဝယ်လုပ်ကိုင်သူ ၃၂ ဦးအား ငွေကျပ် ၁၀ ဒသမ ၃ သန်း၊ အသက်မွေးဝမ်းကျောင်း လုပ်ကိုင်သူတစ်ဦးအား ငွေကျပ် ၀ ဒသမ ၄ သန်းကို စက်တင်ဘာ ၅ ရက်က ထုတ်ချေးပေးသည်။

ထိုသို့ထုတ်ချေးရာတွင် မြို့နယ်မြစိမ်းရောင်ရန်ပုံငွေ ကြီးကြပ်မှုကော်မတီမှ ကျေးရွာမြစိမ်းရောင်ကော်မတီသို့ ချေးငွေကျပ် ၃၆ ဒသမ ၃၅ သန်း လွှဲပြောင်းထုတ်ချေးပေးပြီး အိမ်တိုင်ရာရောက်ငွေထုတ်ပေးမှုကို ကွင်းဆင်းကြီးကြပ်ပေးသည်။ ကိုထွန်း

# မြစ်ကမ်းပါးပြိုကျမှုကြောင့် ယာယီပြောင်းရွှေ့နေထိုင်ကြသည့် လူနေအိမ်များနှင့် ရောဝတီမြစ်ရေမြင့်တက်မှုကြောင့် ပြောင်းရွှေ့အိမ်ထောင်စုများအား စားနပ်ရိက္ခာထောက်ပံ့

ရွှေတောင် စက်တင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ်အတွင်းရှိ မြစ်ကမ်းပါးပြိုကျမှုကြောင့် ယာယီပြောင်းရွှေ့နေထိုင်ကြသည့် အိမ်ထောင်စုများနှင့် ရောဝတီမြစ်ရေ မြင့်တက်မှုကြောင့် ပြောင်းရွှေ့နေထိုင်သည့် အိမ်ထောင်စုများအား ယမန်နေ့ ညနေပိုင်းက ပြည်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့နှင့် အဖွဲ့ဝင်များက စားနပ်ရိက္ခာ ဆန်၊ ဆီ၊ ပဲများ သွားရောက်ထောက်ပံ့ပေးသည်။

ထိုသို့ထောက်ပံ့ပေးအပ်ရာတွင် ပြည်ခရိုင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များက တရုတ်မှော်အုပ်စု သာစည်ကျေးရွာနှင့် ရွှေဟသာ်အုပ်စု ညောင်ကုန်းကျေးရွာတို့မှ ကမ်းပြိုအိမ်ထောင်စု အိမ်ခြေ ၄၂ အိမ်၊ အိမ်ထောင်စု ၄၂ စု၊ လူဦးရေ ၁၃၇ ဦးတို့အတွက် အိမ်ထောင်စုတစ်စုလျှင် စားနပ်ရိက္ခာ ဆန်တစ်အိတ်၊ ဆီ ငါးပိဿာ၊ ပဲ သုံးပိဿာ၊ နှာခေါင်းစည်း တစ်ဘူးနှုန်းဖြင့် အိမ်ထောင်စု ၄၂ စုအတွက် ဆန် ၄၂ အိတ်၊ ဆီ ပိဿာ ၂၁၀၊ ပဲ ၁၂၆ ပိဿာ၊ နှာခေါင်းစည်း ၄၂ ဘူးတို့ကို ထောက်ပံ့ပေးအပ်ပြီး ရွှေတောင်မြို့နယ်အတွင်း မြို့ပေါ်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုနှစ်အုပ်စုတို့တွင် ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် ပြောင်းရွှေ့နေထိုင်သော အိမ်ခြေ ၄၅၇ အိမ်၊ အိမ်ထောင်စု ၄၅၉ စု၊ လူဦးရေ ၁၆၄၅ ဦးတို့အတွက် စားနပ်ရိက္ခာဆန် လူတစ်ဦးလျှင် ငွေကျပ် ၂၁၀၀ တန်ဖိုးရှိသော ဆန်နို့ဆီဘူး ၁၄ ဘူးနှုန်းဖြင့် စုစုပေါင်းဆန် ၁၁၅ အိတ် တန်ဖိုးငွေကျပ် ၃၄၅၄၅၀၀ နှင့် နှာခေါင်းစည်းဘူး ၈၀ တို့အား ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

“နိုင်ငံတစ်ခု၏ အဓိကမောင်းနှင်အားသည် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားတို့ပင်ဖြစ်၊ ကမ္ဘာပေါ်တွင် ဩဇာအင်အားတောင့်တင်းသည့် နိုင်ငံများသည် နိုင်ငံရေးအရအင်အားတောင့်တင်းသည့်နိုင်ငံ၊ စစ်အင်အားရှိသည့် နိုင်ငံ၊ စီးပွားရေးအင်အားရှိသည့် နိုင်ငံများပင်ဖြစ်၊ နိုင်ငံရေးအရဩဇာအာဏာရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်ရ၊ နိုင်ငံရေးအရ တည်ငြိမ်မှုရှိရန်အတွက် ကမ္ဘာ့နိုင်ငံများအချို့တွင်လည်း စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေ၊ စစ်ရေးအရ အင်အားတောင့်တင်းသည့်နိုင်ငံများ၊ စီးပွားရေးအရ တောင့်တင်းသည့်နိုင်ငံများရှိ၊ နိုင်ငံရေးနှင့်ကာကွယ်ရေးအတွက် Institution များက ဆောင်ရွက်ကြ၊ သို့သော် နိုင်ငံ၏ စီးပွားရေးအတွက် တစ်နိုင်ငံလုံးက ကြိုးစားဆောင်ရွက်ကြခြင်းဖြစ်ပြီး စီးပွားရေး၏အကျိုးအား နိုင်ငံသူနိုင်ငံသားအားလုံး ခံစားရခြင်းဖြစ်သဖြင့် စီးပွားရေးမောင်းနှင်အားသည် နိုင်ငံတစ်ခု၏ အမှန်တကယ်အကျိုးရှိသည့် မောင်းနှင်အားပင်ဖြစ်၊ ထို့ကြောင့် နိုင်ငံ၏စီးပွားရေး ကောင်းမွန်စေရန်အတွက် လက်ရှိရင်ဆိုင်နေရသည့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါအား ကျော်လွှားနိုင်ရန်လို၊ လက်ရှိတာဝန်ယူဆောင်ရွက်နေသည့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံသာယာဝပြောရန်၊ တိုးတက်စေရန်နှင့် စီးပွားရေးကောင်းမွန်အောင်ဆောင်ရွက်”

❖ *ရှေ့ဖုံးမှ*

ဦးမောင်မောင်အုန်း၊ ဦးကိုကို၊ ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဦးခင်မောင်ရီ၊ ဦးအောင်သန်းဦး၊ ဒေါက်တာ ချာလီသန်း၊ ဦးခင်ရီ၊ ဦးမြင့်ကြိုင်၊ ဒေါက်တာပွင့်ဆန်း၊ ဒေါက်တာညွန့်ဖေ၊ ဒေါက်တာ မျိုးသိန်းကျော်၊ ဒေါက်တာသက်ခိုင်ဝင်း၊ ဦးမင်းသိန်း၏၊ ဦးရွှေလေး၊ ဒေါက်တာ သက်သက်ခိုင်၊ ဒေါက်တာ ငွေးအောင်နှင့် ဦးစောထွန်းအောင်မြင့်တို့ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များက Video Conferencing စနစ်ဖြင့် ချိတ်ဆက်တက်ရောက်ကြသည်။

### အတိုင်းအတာတစ်ခုအထိအောင်မြင်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က အဖွင့်အမှာစကား ပြောကြားရာတွင် မိမိတို့အစိုးရအဖွဲ့အနေဖြင့် တာဝန်ထမ်းဆောင်သည်မှာ ၇ လတာကာလရှိပြီး လုပ်ငန်းများ ဆောင်ရွက်ချိန်တွင် ပြည်တွင်း၊ ပြည်ပဆိုင်ရာ အခက်အခဲများကြားမှ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ အစိုးရတစ်ရပ်၏တာဝန်သည် နိုင်ငံသာယာဝပြောစေရန် ဆောင်ရွက်ကြခြင်းဖြစ်ကြောင်း၊ မိမိတို့ တာဝန်ယူဆောင်ရွက်ချိန်ကာလအတွင်း နိုင်ငံရေးအရ တည်ငြိမ်မှုရှိအောင် ကြိုးပမ်းဆောင်ရွက်နေသကဲ့သို့ ကမ္ဘာနှင့်အဝှမ်း ဖြစ်ပွားနေသည့် ကိုဗစ်-၁၉ ကပ်ရောဂါ တတိယလှိုင်းအား ရင်ဆိုင်ကျော်လွှားနေရသည့် အချိန်ဖြစ်သဖြင့် အခက်အခဲများရှိကြောင်း၊ မိမိတို့နိုင်ငံ၌ ဇွန်၊ ဇူလိုင်လများတွင် တတိယလှိုင်း စတင်ဖြစ်ပွားခဲ့ပြီး အခက်အခဲများ ဖြစ်ပေါ်ခဲ့သော်လည်း တာဝန်ရှိသည့် ခေါင်းဆောင်များ၏ မဆုတ်မနစ်သည့် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးပမ်းဆောင်ရွက်ခဲ့မှုနှင့် ပြည်သူများ၏ အခက်အခဲများကြားမှ အပြည့်အဝပူးပေါင်းဆောင်ရွက်မှုများကြောင့် အတိုင်းအတာတစ်ခုအထိ အောင်မြင်မှုများ ရရှိခဲ့ခြင်းဖြစ်ကြောင်း။

### အထူးအလေးပေးဆောင်ရွက်

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကမ္ဘာပေါ်တွင် လက်ရှိအချိန်အထိ ကူးစက်မှုနှုန်းများ မြင့်တက်လျက်ရှိနေသေးကြောင်း၊ အာဆီယံနိုင်ငံများတွင် အင်ဒိုနီးရှားနိုင်ငံသည် ကူးစက်မှုအများဆုံးဖြစ်ပြီး ဖိလစ်ပိုင်နိုင်ငံသည် ကူးစက်မှု ဒုတိယအများဆုံးနိုင်ငံဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် အာဆီယံနိုင်ငံများတွင် ဆဌမမြောက် ကူးစက်မှုအများဆုံး နိုင်ငံဖြစ်ပြီး စက်တင်ဘာ ၆ ရက်အထိ ကူးစက်သူ ၄၁၇၀၀၀ ကျော်ရှိပြီး သေဆုံးသူ ၁၅၉၈၅ ဦးရှိကြောင်း၊ ပြီးခဲ့သည့် ဇူလိုင်လဆန်းပိုင်းတွင် ကူးစက်မှုနှုန်းများ ၄၀ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သဖြင့် မိမိတို့အနေဖြင့် ကူးစက်မှုရာခိုင်နှုန်း ခေါက်ချိုးအထိ ကျဆင်းစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ယခုအခါ ၁၀ ရာခိုင်နှုန်းခန့်သာ ကူးစက်မှုရှိသည်ကို တွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ရောဂါကူးစက်မှုနှုန်းများကို ထိန်းချုပ်နိုင်ရန်အတွက် ရောဂါပိုးဆေးစစ်မှုများမှစ၍ အထူးအလေးပေးဆောင်ရွက်ခဲ့ကြောင်း၊ ရောဂါကူးစက်မှုနှုန်းများ ကျဆင်းသွားသော်လည်း လက်ရှိအချိန်တွင် လုံးဝပျောက်ကင်းသွားနိုင်သည့် ရောဂါမဟုတ်သည့်အတွက် ပေါ့ဆ၍မရကြောင်း၊ ဗိုလ်ချုပ်အောင်ဆန်း ပြောကြားခဲ့သော မိန့်ခွန်းတွင်ပါရှိသည့် လှေပြိုင်ပွဲဥပမာအတိုင်း ပန်းတိုင်မရောက်ခင် တက်ထောင်သဖြင့် နောက်လှေမှ ကျော်တက်သွား၍ အောင်မြင်မှုနှင့် လွဲချော်နိုင်သည်ကို သင်ခန်းစာယူ၍ မဖြစ်သင့်မဖြစ်ထိုက်သည်များမဖြစ်အောင် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အထူးအလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။

### စဉ်ဆက်မပြတ်ကြိုးပမ်းဆောင်ရွက်နေ

နိုင်ငံတစ်ခု၏ အဓိကမောင်းနှင်အားသည် နိုင်ငံရေးအင်အား၊ စီးပွားရေးအင်အားနှင့် ကာကွယ်ရေးအင်အားတို့ပင်ဖြစ်ကြောင်း၊ ကမ္ဘာပေါ်တွင် ဩဇာအင်အားတောင့်တင်းသည့် နိုင်ငံများသည် နိုင်ငံရေးအရအင်အားတောင့်တင်းသည့်နိုင်ငံ၊ စစ်အင်အားရှိသည့် နိုင်ငံ၊ စီးပွားရေးအင်အားရှိသည့် နိုင်ငံများပင်ဖြစ်ကြောင်း၊ နိုင်ငံရေးအရ ဩဇာအာဏာရှိအောင်လည်း ကြိုးပမ်းဆောင်ရွက်ရကြောင်း၊ နိုင်ငံရေးအရ တည်ငြိမ်မှုရှိရန်အတွက် ကမ္ဘာ့နိုင်ငံများအချို့တွင်လည်း စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်နေကြကြောင်း၊ စစ်ရေးအရ အင်အားတောင့်တင်းသည့် နိုင်ငံများ၊ စီးပွားရေးအရ တောင့်တင်းသည့် နိုင်ငံများရှိကြကြောင်း၊ နိုင်ငံရေးနှင့်ကာကွယ်ရေးအတွက် Institution များက ဆောင်ရွက်ကြရကြောင်း၊ သို့သော်နိုင်ငံ၏စီးပွားရေးအတွက် တစ်နိုင်ငံလုံးက ကြိုးစားဆောင်ရွက်ကြခြင်းဖြစ်ပြီး စီးပွားရေး၏ အကျိုးအား နိုင်ငံသူနိုင်ငံသားအားလုံး ခံစားရခြင်းဖြစ်သဖြင့် စီးပွားရေးမောင်းနှင်အားသည် နိုင်ငံတစ်ခု၏ အမှန်တကယ်အကျိုးရှိသည့် မောင်းနှင်အားပင်ဖြစ်ကြောင်း၊ ထို့ကြောင့် နိုင်ငံ၏ စီးပွားရေး ကောင်းမွန်စေရန်အတွက် လက်ရှိရင်ဆိုင်နေရသည့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် ကိုဗစ်-၁၉ ကပ်ရောဂါအား ကျော်လွှားနိုင်ရန်လိုကြောင်း၊ လက်ရှိတာဝန်ယူဆောင်ရွက်နေသည့် တာဝန်ရှိသူများအနေဖြင့် နိုင်ငံသာယာဝပြောရန်၊ တိုးတက်စေရန်နှင့် စီးပွားရေးကောင်းမွန်အောင် ဆောင်ရွက်ရန်လိုအပ်ကြောင်း။

### နှောင့်နှေးမှုများမရှိအောင်စီမံ

ကျန်းမာမှအလုပ်လုပ်နိုင်မည်၊ ကျန်းမာမှပညာသင်ကြားနိုင်မည်ဖြစ်ပြီး ကိုဗစ် – ၁၉ ရောဂါရှိနေသမျှ ကျန်းမာရေးအရထိခိုက်နေမည်ဖြစ်ကြောင်း၊ နိုင်ငံသာယာဝပြောစေရန်အတွက် စီးပွားရေးကောင်းမွန်စေရန် အလုပ်လုပ်နိုင်ရန်လိုကြောင်း၊ အလုပ်လုပ်နိုင်ရန်အတွက် ကျန်းမာနေရန်လိုအပ်သဖြင့် ကိုဗစ်-၁၉ ကပ်ရောဂါကာကွယ်ရေးနှင့် ပတ်သက်၍ ဝန်ကြီးဌာနများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် ဦးစားပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ စာသင်ကျောင်းများ ပိတ်ထားရသည်မှာ နှစ်လခန့် ရှိပြီဖြစ်ကြောင်း၊ စာသင်ကျောင်းများ ဖွင့်မှသာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးလမ်းကြောင်းပေါ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ပညာသင်ကြားရာတွင် စဉ်ဆက်မပြတ် သင်ကြားနေမှသာ တိုးတက်မှုရှိမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးလမ်းကြောင်းပေါ်တွင် အမြဲရှိစေချင်သဖြင့် အလေးပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ပြည်ပမှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသဆေးများနှင့် အခြားလိုအပ်သည့် ဆေးဝါးများ တင်သွင်းမှုနှင့် ပတ်သက်၍လည်း နှောင့်နှေးမှုများမရှိအောင် စီမံဆောင်ရွက်ပေးထားကြောင်း၊ ဆေးရုံတိုင်းတွင် ကိုဗစ်-၁၉ ရောဂါအား ကုသနိုင်ရန်အတွက် ICU များ တည်ဆောက်ရေးအတွက်လည်း မှာကြားထားပြီးဖြစ်ကြောင်း၊ ဆေးရုံများ သပ်သပ်ရပ်ရပ်ဖြင့် အဆင့်ရှိရှိဖြစ်စေရေး သက်ဆိုင်ရာဝန်ကြီးဌာနများမှ စီမံဆောင်ရွက်သွားကြရန်လိုကြောင်း။

### စားသောက်ကုန်များ အမြဲလိုအပ်

မိမိတို့နိုင်ငံ၏ အဓိကထုတ်ကုန်ပစ္စည်းသည် စိုက်ပျိုးမွေးမြူရေး ထုတ်ကုန်များပင်ဖြစ်ကြောင်း၊ သယံဇာတပစ္စည်းများအား ထုတ်လုပ်ရောင်းချခြင်းသည် ကန့်သတ်မှုများရှိကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် သမာအာဇီဝနည်းဖြစ်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန်လိုကြောင်း၊ ကမ္ဘာပေါ်တွင် လူဦးရေ ၇ ဘီလီယံခန့်ရှိသဖြင့် နိုင်ငံတိုင်းတွင် စားသောက်ကုန်များ အမြဲလိုအပ်ချက်ရှိကြောင်း၊ ကမ္ဘာပေါ်တွင် စိုက်ပျိုးရေးနိုင်ငံများရှိပြီး နိုင်ငံတွင်းစားရေးအဆင်ပြေစေရန်နှင့် ပြည်ပဝင်ငွေရရှိရန် ဆောင်ရွက်နေကြခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးလုပ်ငန်းများဆောင်ရွက်၍ ကမ္ဘာ့ဈေးကွက်မှ ပြည်ပဝင်ငွေရရှိအောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံအတွင်း မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းခန့်၊ နွေစပါးစိုက်ပျိုးဧက ၂ သန်းခန့် စိုက်ပျိုးကြောင်း၊ မိုးစပါးစိုက်ပျိုးဧက ၁၅ သန်းတွင် တစ်ဧကတင်း ၁၀၀ နှုန်းထွက်ပါက လူဦးရေ သန်း ၁၀၀ အတွက် လုံလောက်မှုရှိကြောင်း၊ မိမိတို့နိုင်ငံတွင် လူဦးရေ ၅၅ သန်းခန့်ရှိသဖြင့် လူဦးရေ ၄၅ သန်းစာ ပိုလျှံမှုရှိလာမည်ဖြစ်ကြောင်း၊ ပြည်ပသို့ဆန်များစွာ တင်ပို့နိုင်ကြောင်း၊ သို့သော် တစ်ဧကစပါးအထွက်နှုန်းတင်း ၁၀၀ မပြည့်သည့်အတွက် ပြည်ပနိုင်ငံများသို့ မျှော်မှန်းသလို တင်ပို့နိုင်မှုမရှိသည်ကို တွေ့ရှိရကြောင်း၊ စီးပွားရေးသည် တစ်နိုင်ငံလုံးနှင့် သက်ဆိုင်သည့်ကိစ္စဖြစ်ပြီး မိမိတို့နိုင်ငံအနေဖြင့် စိုက်ပျိုးရေးထုတ်ကုန်များကို ပြည်ပသို့ တင်ပို့နိုင်ရေး သက်ဆိုင်ရာဝန်ကြီးဌာနများအနေဖြင့် စနစ်တကျဖြင့် ဆောင်ရွက်ပေးရန်လိုကြောင်း၊ အလားတူ မိမိတို့တာဝန်ယူသည့် ကာလအတွင်း စိုက်ပျိုးရေးတောင်သူများအား ထောက်ပံ့ကြေးပေးခြင်း၊ ချေးငွေများထုတ်ပေးခြင်းနှင့် အခြားလိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးရန်နှင့် စိုက်ပျိုးရေးထုတ်ကုန်များ အရှုံးပေါ်မှုမရှိစေရေးအတွက်လည်း စီမံဆောင်ရွက်ပေးရန် လိုကြောင်း၊ သွင်းအားစုများ အသုံးပြုခြင်းနှင့် မျိုးကောင်းများ အသုံးပြုပြီး ကောက်ကွက်ပြည့်အောင် စနစ်တကျစိုက်ပျိုးခြင်းဖြင့် စပါးများအထွက်နှုန်းတိုးစေရေး ဆောင်ရွက်နိုင်ခြင်းဖြင့် တောင်သူများ ဝင်ငွေ ပိုမိုကောင်းမွန်စေမည်ဖြစ်ကြောင်း၊

*စာမျက်နှာ ၄ သို့*

❖ စာသင်ကျောင်းများ ပိတ်ထားရသည်မှာ နှစ်လခန့် ရှိပြီဖြစ်

❖ စာသင်ကျောင်းများ ဖွင့်မှသာ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာသင်ကြားရေးလမ်းကြောင်းပေါ်တွင် ရောက်ရှိမည်

❖ ပညာသင်ကြားရာတွင် စဉ်ဆက်မပြတ် သင်ကြားနေမှသာ တိုးတက်မှုရှိမည်ဖြစ်၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ပညာရေးလမ်းကြောင်းပေါ်တွင် အမြဲရှိစေချင်သဖြင့် အလေးပေးဆောင်ရွက်

- ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်၍ ပထမအကြိမ်တွင် ၂ ဒသမ ၁ သန်း၊ ဒုတိယအကြိမ်တွင် ၂ ဒသမ ၆ သန်းကျော် ထိုးနှံနိုင်ခဲ့
- ယခုလအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၀ သန်း ရောက်ရှိမည်ဖြစ်ပြီး လာမည့်အောက်တိုဘာတွင် ကာကွယ်ဆေး ၁၀ သန်းနှင့် နိုဝင်ဘာလတွင် ကာကွယ်ဆေး ၄ သန်း ထပ်မံရောက်ရှိမည်
- ထို့ပြင် လိုအပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်မံဝယ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိ

*စာမျက်နှာ ၃ မှ*

ထို့ကြောင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အလိုက် ဝန်ကြီးချုပ်များအနေဖြင့် မိမိတို့ဒေသအလိုက် စပါးစိုက်ပျိုးရေးနှင့် ပတ်သက်၍ ဦးစားပေး ဆောင်ရွက်ကြရန်လိုကြောင်း။

**အားပေးဆောင်ရွက်ကြရန်လို**

စားသုံးဆီနှင့်ပတ်သက်၍ ပြည်တွင်း၌ ဆီဖူလုံမှု ရှိရန်လိုအပ်ကြောင်း၊ ထို့ကြောင့် စားသုံးဆီများ ထွက်ရှိရေးအတွက် တနင်္သာရီတိုင်းဒေသကြီးအတွင်း ဆီအုန်းများဖြစ်ထွန်းစေရေး ဆောင်ရွက်လျက်ရှိသကဲ့သို့ ဆီအဓိကထွက်ရှိသည့် မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင်လည်း ဆီထွက်သီးနှံများစိုက်ပျိုးကြကြောင်း၊ အဆိုပါတိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဆီအထွက်နှုန်းများ တိုးတက်စေရေးအတွက် သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့် အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ ဝါစိုက်ပျိုးရေးနှင့်ပတ်သက်၍လည်း မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးခြင်းနှင့် လိုအပ်သည့် ရေနှင့်မြေဩဇာများရရှိအောင် ဆောင်ရွက်ပေးခြင်းဖြင့် ဝါအထွက်နှုန်းများ တိုးတက်အောင်ဆောင်ရွက်နိုင်ခြင်းဖြင့် ပြည်ပမှ ချည်များ တင်သွင်းမှုကို လျှော့ချပေးနိုင်မည်ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ မောင်းနှင်အားတွင် စီးပွားရေး မောင်းနှင်အားသည် အရေးကြီးကြောင်း၊ မိမိတို့နိုင်ငံ၏ စီးပွားရေးလုပ်ငန်းသည် လက်ရှိအခြေအနေတွင် စိုက်ပျိုးရေးလုပ်ငန်းကိုအခြေခံသည့် စီးပွားရေးသည် အဓိကမောင်းနှင်အားတွင် ပါဝင်နေသဖြင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအနေဖြင့် အလေးထား ဆောင်ရွက်ကြရန်လိုကြောင်း။

> **“ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ နေထိုင်သည့်ဒေသများတွင်လည်း ထိုးနှံပေးနိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိ၊ ငြိမ်းချမ်းရေး နှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့အနေဖြင့် အကြောင်းအမျိုးမျိုးပြကာ NCA သဘောတူညီချက်များကို ချိုးဖောက်မှုများရှိသော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံသားများ၏ ရပိုင်ခွင့်များနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုနှင့် ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ မကျန်စေလို”**

**ဦးစားပေးဆောင်ရွက်**

မိမိတို့သည် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်နှင့် ဦးတည်ချက်များအပေါ်တွင် အခြေခံဆောင်ရွက်နေခြင်းဖြစ်သဖြင့် ဝန်ကြီးဌာနများအနေဖြင့်လည်း အဆိုပါအချက်များအပေါ်တွင်အခြေခံ၍ စီမံခန့်ခွဲရေးနည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရခြင်းဖြစ်ကြောင်း၊ မိမိတို့တာဝန်ယူသည့်ကာလအတွင်း ဝန်ကြီးဌာနများအလိုက် ဆောင်ရွက်ရန်ရှိသည့်ကိစ္စရပ်များကို မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ကြရန်လိုကြောင်း၊ လုပ်ငန်းရပ်အသစ်များကို ဆောင်ရွက်ခြင်းထက် လက်ရှိဆောင်ရွက်နေသည့် လုပ်ငန်းရပ်များအား အောင်မြင်အောင် ဦးစားပေး ဆောင်ရွက်ကြရန်လိုကြောင်း၊ အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ ခရီးသွားလာမှုဆိုင်ရာကိစ္စရပ်များ၊ ပြည်သူများစွမ်းရည်ရှိအောင် ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ ပညာရေးဆိုင်ရာ ကိစ္စရပ်များ၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ၊ ဆောက်လုပ်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များအား အောင်မြင်အောင် ရည်မှန်းချက်ထား ဆောင်ရွက်ကြရန်လိုကြောင်း၊ နိုင်ငံဖွံ့ဖြိုးရေးနှင့်ပတ်သက်၍ ပြည်နယ်နှင့်တိုင်းကွာခြားမှု၊ ကျေးလက်မြို့ပြကွာခြားမှုများကို လျှော့ချရန် မိမိအနေဖြင့် အမြဲပြောကြားခဲ့ကြောင်း၊ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် ဒေသအားလုံး တစ်ပြေးညီတိုးတက်စေရန် ဆန္ဒရှိကြောင်း၊ လိုအပ်ချက်ရှိသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များအား ပိုမိုအလေးပေး ဖြည့်ဆည်းဆောင်ရွက်ပေးရန်လိုကြောင်း၊ ဝန်ကြီးဌာနများအားလုံးမှ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံစဉ်းစား၍ အဓိကလိုအပ်ချက်များအား ဖြည့်ဆည်းပေးနိုင်ရေး၊ အောင်မြင်မှုရှိစေရေးနှင့် တိုးတက်မှုရှိစေရေး စဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း မှာကြားသည်။

**အတည်ပြုချက်ရယူ**

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြဆွေးနွေး၍ အတည်ပြုချက်ရယူကြသည်။

**ကြပ်မတ်ဆောင်ရွက်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ နိုင်ငံပိုင်စက်ရုံများ ရပ်ဆိုင်းထားရသည့်အတွက် တိုင်းပြည်အတွက် ထိခိုက်နစ်နာမှု များစွာရှိကြောင်း၊ သို့ဖြစ်၍ အကြောင်းအမျိုးမျိုးကြောင့် ရပ်ဆိုင်းထားသည့် နိုင်ငံတော်ပိုင်စက်ရုံများအား ပြန်လည်လည်ပတ်နိုင်ရေးအတွက် ကုန်ကြမ်းများရရှိမှု၊ သွင်းအားစုများ ရရှိမှုနှင့် ဈေးကွက်ရရှိရေးအပေါ် သုံးသပ်တွက်ချက်၍ဆောင်ရွက်သွားရမည်ဖြစ်ပြီး ထုတ်ကုန်များကိုလည်း အရည်အသွေးပြည့်မီအောင် ထုတ်လုပ်သွားရန် လိုအပ်ကြောင်း၊ သဘာဝဘေးအန္တရာယ်နှင့် အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံပိုင်ပစ္စည်းများ လေလွင့်ဆုံးရှုံးမှုများစွာရှိကြောင်း၊ သို့ဖြစ်၍ တာဝန်ရှိသူများအဆင့်ဆင့်က နိုင်ငံပိုင်ပစ္စည်းများ လူ၏ပေါ့လျော့မှုကြောင့် လေလွင့်ဆုံးရှုံးမှုများ မဖြစ်ပေါ်စေရေးအတွက် ဝန်ထမ်းအားလုံး အသိတရားရှိရှိဖြင့် စေ့စေ့စပ်စပ် သုံးစွဲနိုင်ရေး အသိပေးဆောင်ရွက်သွားကြရန်လိုကြောင်း၊ ဆောက်လုပ်ဆဲ ဝန်ထမ်းအိမ်ရာများ၊ အငှားအိမ်ရာများနှင့် အဆောက်အဦများ တစ်လုံးချင်း သတ်မှတ်ချိန်အတွင်းပြီးစီးအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထို့ပြင် အခြေခံဖြစ်သည့် ရေနုတ်မြောင်း၊ လမ်း၊ ပလက်ဖောင်း၊ ရေနှင့် မိလ္လာစနစ်တို့ကို ကောင်းမွန်အောင် ဆောင်ရွက်သွားရမည်ဖြစ်ပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးအတွက်လည်း လုပ်ဆောင်သွားကြရန်လိုကြောင်း၊ ဝန်ထမ်းအိမ်ရာများနှင့် ဘေးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးအတွက် တာဝန်ရှိသူများက ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း မှာကြားသည်။

**ကာကွယ်ဆေးများထပ်မံဝယ်ယူ**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကားပြောကြားရာတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ပထမအကြိမ်တွင် ၂ ဒသမ ၁ သန်း၊ ဒုတိယအကြိမ်တွင် ၂ ဒသမ ၆ သန်းကျော် ထိုးနှံနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုလအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၀ သန်း ရောက်ရှိမည်ဖြစ်ပြီး လာမည့် အောက်တိုဘာတွင် ကာကွယ်ဆေး ၁၀ သန်းနှင့် နိုဝင်ဘာလတွင် ကာကွယ်ဆေး ၄ သန်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် လိုအပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်မံဝယ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။

**အဆင်သင့်ပြင်ဆင်ထား**

ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းနှင့်ပတ်သက်ပြီး နှောင့်နှေးမှုမရှိအောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် အခြားဆေးပစ္စည်းများ ဝယ်ယူမှုနှင့် ပတ်သက်၍ အမေရိကန်ဒေါ်လာ ၁၆၉ သန်း အကုန်အကျခံ ဝယ်ယူခဲ့ပြီး ဆေးရုံ၊ ဆေးခန်းပြုပြင်ခြင်း၊ ကိုဗစ်စင်တာများနှင့် လူမှုရေးအဖွဲ့အစည်းများအတွက် ငွေကျပ် ၅၆၆ ဘီလီယံ သုံးစွဲခဲ့ကြောင်း၊ ထို့ပြင် အထွေထွေကိစ္စများအတွက် အမေရိကန်ဒေါ်လာ ၅ သိန်းကျော်ကိုလည်း သုံးစွဲခဲ့ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများအတွက် သုံးစွဲရန် ဘဏ္ဍာငွေကိုလည်း အဆင်သင့်ပြင်ဆင်ထားကြောင်း၊ ထို့အတွက် တာဝန်ရှိသူများအနေဖြင့် အကျိုးရှိရှိ လုပ်ဆောင်သွားကြရန် လိုအပ်ကြောင်း။

**အားလုံးပါဝင်နိုင်ရေးဆောင်ရွက်**

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ နေထိုင်သည့်ဒေသများတွင်လည်း ထိုးနှံပေးနိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း အချို့အနေဖြင့် အကြောင်းအမျိုးမျိုးပြကာ NCA သဘောတူညီချက်များကို ချိုးဖောက်မှုများရှိသော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံသားများ၏ ရပိုင်ခွင့်များနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံမှုနှင့် ပတ်သက်ပြီး မည်သူတစ်ဦး တစ်ယောက်ကိုမျှ မကျန်စေလိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ဒေသများအပြင် ရခိုင်ပြည်နယ်ရှိ အကျုံးဝင်သူများကိုလည်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ မိမိအနေဖြင့် နိုင်ငံရေးအရ ဆောင်ရွက်ပေးနေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး၊ အမျိုးသားအရေးနှင့် နိုင်ငံ့အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပါတီစွဲ၊ လူပုဂ္ဂိုလ်အစွဲမထားဘဲ လူသားတစ်ယောက်အနေဖြင့် တာဝန်သိသိ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းပြည် သာယာဝပြောရေး ဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

**ပိုမိုကြိုးစားဆောင်ရွက်**

မိမိတို့နိုင်ငံသည် အချုပ်အခြာအာဏာပိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ သို့သော်လည်း နိုင်ငံတကာနှင့် ဆက်ဆံရာတွင် နိုင်ငံ၏ဂုဏ်သိက္ခာနှင့်အညီ ဆောင်ရွက်နေခြင်းကို အချို့သောပုဂ္ဂိုလ်၊ အဖွဲ့အစည်းများက မျက်ကွယ်ပြု၍ဆောင်ရွက်နေကြကြောင်း၊ ပြည်ပနိုင်ငံများနှင့် နယ်နိမိတ်ထိစပ်နေသော တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် နယ်စပ်ဒေသဆက်ဆံရေးနှင့်စပ်လျဉ်း၍ နိုင်ငံတော်၏ ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး နိုင်ငံတကာ ကတိကဝတ်၊ သဘောတူညီချက်များနှင့်အညီ ပြောဆိုပြုမူ ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ နိုင်ငံ၏ ဂုဏ်သိက္ခာကို ထိခိုက်စေမည့် ကိစ္စရပ်များကို ရှောင်ရှားကြရန်လိုအပ်ကြောင်း၊ မိမိတို့နိုင်ငံ ဂုဏ်သိက္ခာမြင့်မားစေရန် တာဝန်ရှိသူများအနေဖြင့် ကဏ္ဍအလိုက် တိုးတက်အောင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ တာဝန်ရှိသူများအနေဖြင့် ဝန်ကြီးဌာနအလိုက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကောင်းမွန်တိုးတက်အောင် ဆောင်ရွက်သွားကြရမည်ဖြစ်ပြီး နိုင်ငံတော်ဘဏ္ဍာငွေများကို သုံးစွဲရာတွင် ပကာသနကိုလျှော့ချ၍ ခြွေတာရေးနည်းလမ်းများနှင့်အညီ အမှန်တကယ်အကျိုးရှိသည့် လုပ်ငန်းများကို လုပ်ဆောင်သွားကြရန်လိုကြောင်း၊ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်စေရန် ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ တာဝန်ရှိသူများအနေဖြင့် အောက်ခြေအထိ ထိတွေ့ဆက်ဆံသွားကြရန် လိုအပ်ကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၏ ဦးဆောင်မှုကို ပြည်သူလူထုက ယုံကြည်အားကိုးလာစေရန် ယခုထက် ပိုမိုကြိုးစားဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားခဲ့သည်။ **သတင်းစဉ်**

## ဝိသမလောဘများဖြစ်ပေါ်မှုမရှိအောင် ထိန်းသိမ်းကြပ်မတ်

ပြီးခဲ့သည့်ကာလအတွင်း ဆေးဝါးများ ဈေးနှုန်းကြီးမြင့်လာခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် စစ်ဆေးကြပ်မတ်ခြင်းများ စနစ်တကျဆောင်ရွက်ခဲ့၍ ဆေးဝါးများ၏ ဈေးနှုန်းများ ပုံမှန်အခြေအနေသို့ ပြန်လည်ကျဆင်းခဲ့ကြောင်း၊ မိမိတို့ မြန်မာနိုင်ငံ၏ အမျိုးသားရေးစရိုက်လက္ခဏာသည် စေတနာထားပြီး လှူဒါန်းလိုသည့်စိတ်၊ ပေးကမ်းလိုသည့် အခြေခံစိတ်များ ရှိပြီးဖြစ်သဖြင့် ၎င်းစိတ်ကို အခြေခံ၍ ဆောင်ရွက်မှုများသည် သဟဇာတဖြစ်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံတစ်ခုတည်းမဟုတ်ဘဲ ကမ္ဘာပေါ်ရှိ နိုင်ငံများအားလုံးတွင် စီးပွားရေးကျဆင်းမှုများ ဖြစ်ပေါ်နေခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် စားသောက်ရေးနှင့် ကာကွယ် ကုသဆေးများနှင့်ပတ်သက်၍ ဝိသမလောဘများဖြစ်ပေါ်မှုမရှိအောင် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၃-၈-၂၀၂၁ ရက်နေ့တွင် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၉)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေး၌ ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက်)**

## ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် စေတနာရှင်အလှူရှင်များက ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများလာရောက်လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၇

**ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံး ပြုရန်အတွက် တပ်မတော်သား များနှင့် စေတနာရှင်အလှူရှင်များက ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ် လှူဒါန်းလျက်ရှိသည်။**



ထိုသို့လှူဒါန်းလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အထောက်အကူပြုစေရန်အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ မြို့နယ်ပြည်သူ့ဆေးရုံများနှင့် တိုက်နယ်ဆေးရုံများအတွက် Oxygen Concentrators ၇၆ လုံး၊ စေတနာရှင်အလှူရှင်များဖြစ်သည့် Global technology Co.,Ltd. က ငွေကျပ်သိန်း ၁၀၀၀ တန်ဖိုးရှိ Fully Internet Provided Emetgency Respond Network တပ်ဆင်လှူဒါန်းခြင်း၊ SICHUAN PROVINCE FOUNDATION FOR POVERTY ALLEVIATION က ငွေကျပ်သိန်း ၂၆၉ သိန်းကျော်တန်ဖိုးရှိ Surgical Mask ၁၀၀၀၀၀ နှင့် PPE ဝတ်စုံ ၅၀၀၊ HIGHLAND Road Construction Co.,Ltd. က ငွေကျပ်သိန်း ၁၀၀၊ Great Caiso Co.,Ltd. က မန်နေးဂျင်းဒါရိုက်တာက ငွေကျပ်သိန်း ၁၀၀၊ ဦးစိုးတင့် Chairman Ways Automotive Co.,Ltd.က ငွေကျပ် ၈၅ သိန်းတန်ဖိုးရှိ O2 Cylinder ငါးလုံး၊ ဗိုလ်မှူးချုပ် ထွန်းသန်း (အငြိမ်းစား) နှင့် ဇနီး ဒေါ်ခင်ဆွေသန်း မိသားစုက ငွေကျပ်သိန်း ၃၀၊ ဦးအောင်ဇော်မြတ်Director Shwe Hinthar Co.,Ltd. က ငွေကျပ် ၁၁၁၁၁၀၀၊ ဦးတင်ဝင်း Chairman Asia Myanmar Auto Mobile Group Services Co.,Ltd. က ငွေကျပ် ၁၀ သိန်း၊ ဒေါ်ခင်မြင့်ကြည်၊ ဒေါ်ခင်ဆန်းမြင့်၊ ဒေါ်ခင်အေးအေးတို့က ငွေကျပ် ၁၀ သိန်းနှင့် သုဓမ္မမဏ္ဍိဇောတရေ ဦးစိုးမိုးအောင် MYANMAR FOOD PAK Co.,Ltd.၊ ရွှေပိတောက်ငါးဈေး– Jetty က ငွေကျပ် ၄၈၀၀၀၀ တန်ဖိုးရှိ Surgical Mask ၂၀၀၀၀ တို့ကို တိုင်းဒေသကြီးအစိုးရ အဖွဲ့ရုံး မင်္ဂလာခန်းမ၌ အသီးသီးလာရောက်လှူဒါန်းကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် တာဝန်ရှိသူများက လက်ခံယူခဲ့ကြပြီး **(အပေါ်ပုံ)** ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားများ ပြောကြားကြောင်း သတင်း ရရှိသည်။

**သတင်းစဉ်**

## လားရှိုးမြို့ရှိ မိဘမဲ့ဂေဟာများရှိ ကလေးသူငယ်များအတွက် စားသောက်ကုန်ပစ္စည်းများနှင့် ကိုဗစ်- ၁၉ ကာကွယ်ရေးပစ္စည်းများ လှူဒါန်း

နေပြည်တော် စက်တင်ဘာ ၇

ကိုဗစ်– ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ သွားလာမှုကန့်သတ်ချက်များကြောင့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ပရဟိတအသင်းအဖွဲ့များ၊ စေတနာ့ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရေးအတွက် တပ်မတော်နှင့် စေတနာရှင်အလှူရှင်များက စားသောက်ဖွယ်ရာများ၊ ထောက်ပံ့ငွေများနှင့် ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို ထောက်ပံ့လှူဒါန်းလျက်ရှိသည်။



ထိုသို့ ပေးအပ်လျက်ရှိရာ ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့ အမှတ်(၁၀) ရပ်ကွက်ရှိ ကျေးဇူးတော်မိဘမဲ့ဂေဟာ၊ ဖူးဂေါ်စပါယ် မိဘမဲ့ ပရဟိတကျောင်း(FULL GOSPEL ASSEMBLY )နှင့် အမှတ်(၉)ရပ်ကွက်ရှိ ဂရုဏာရင်ခွင် မိဘမဲ့ဂေဟာများမှ မိဘမဲ့ကလေးငယ်များနှင့် ဂေဟာမှ တာဝန်ရှိသူများအတွက် ဆန်၊ ဆီ၊ စားသောက်ကုန်ပစ္စည်းများ၊ ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို အရှေ့မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦးနှင့် တာဝန်ရှိသူများ၊ စေတနာရှင်အလှူရှင်များက ယနေ့နံနက်ပိုင်းတွင် ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက အသီးသီးလက်ခံရယူခဲ့ကြသည်။ **(အပေါ်ပုံ)**

ထို့အပြင် ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ဇလွန်မြို့နယ်များ အတွင်းရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၂) နှစ်အောက် ကလေးသူငယ်များအား နိုင်ငံတော်က ထောက်ပံ့ပေးအပ်သည့် ထောက်ပံ့ငွေကျပ်သိန်း ပေါင်း ၂၄၃၅၄၀၀၀၀ ကို ယနေ့တွင် မြို့နယ်အသီးသီးမှ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက အသီးသီးထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် စက်တင်ဘာ ၇

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေသည်။

မြန်မာ့ပင်လယ်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ Higher Military Command School သို့ သွားရောက်လေ့လာ

နေပြည်တော် စက်တင်ဘာ ၇

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Novosibirsk မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများလိုက်ပါ၍ စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန်နံနက်ပိုင်းတွင် Higher Military Command School သို့ သွားရောက်လေ့လာကြည့်ရှုကြရာ ကျောင်းအုပ်ကြီး Colonel Segey Markovchin နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်အတွက် အသက်စွန့်လွှတ် တာဝန်ထမ်းဆောင်ခဲ့ကြသည့် သူရဲကောင်းဆုတံဆိပ် ရရှိသူများကို ဂုဏ်ပြုထားသည့် သူရဲကောင်းရုပ်တုများအား ဂုဏ်ပြုပန်းခြင်းဖြင့် အလေးပြုပြီး လေ့လာကြည့်ရှုကြသည်။

ယင်းနောက် ကျောင်းခန်းမတွင် ကျောင်းအုပ်ကြီးက ကျောင်းသမိုင်းအကျဉ်းနှင့် ကျောင်းမှ သင်ကြားပေးလျက်ရှိသည့် ဘာသာရပ်များ၊ ပြည်ပသင်တန်းသားများ လာရောက်သင်ကြားနေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ သိရှိလိုသည်များကို အပြန်အလှန်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း Higher Military Command School အတွင်းရှိ လက်တွေ့ပစ်ခတ်မှု စက်ပစ်ကွင်းအား လေ့လာကြည့်ရှုစဉ်။

ဆွေးနွေးခဲ့သည်။ **(အပေါ်ပုံ)**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် အဖွဲ့ဝင်များသည် ကျောင်းအတွင်း လှည့်လည်၍ လိုက်လံကြည့်ရှုလေ့လာကြရာ ပြခန်းများအလိုက် တာဝန်ရှိသူများက ရှင်းလင်းပြသကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ကျောင်းအုပ်ကြီးတို့က အထိမ်းအမှတ်တံဆိပ်နှင့် အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန် လဲလှယ်ကြသည်။

ထို့နောက် Higher Military Command School အတွင်းရှိလက်တွေ့ပစ်ခတ်မှု စက်ပစ်ကွင်းသို့ သွားရောက်လေ့လာကြည့်ရှုကြသည်။ ထိုသို့လေ့လာစဉ် ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများ၊ သင်တန်းသားများက လက်နက်ငယ်နှင့် စနိုက်ပါ အမျိုးအစား မျိုးစုံတို့ကို လက်တွေ့ပစ်ခတ်ပြသခြင်းများ ပြုလုပ်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များက ကိုယ်တိုင်ပါဝင် လက်တွေ့စမ်းသပ်ပစ်ခတ်ကြသည်။

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) နှင့် ကိုယ်စားလှယ်အဖွဲ့သည် Higher Military Command School ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိသူများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

▼ *ကျောဖုံးမှ*

ခရီးစဉ်အတွင်း International Army Games–2021 ပိတ်ပွဲ အခမ်းအနားသို့ တက်ရောက်ခြင်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ စစ်ဘက်၊ အရပ်ဘက်တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခြင်းနှင့် အထင်ကရနေရာများသို့ သွားရောက်လေ့လာခြင်းများအပြင် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးမှုနှင့် စစ်ဘက်နည်းပညာဆိုင်ရာကဏ္ဍ၊ သိပ္ပံနှင့်နည်းပညာကဏ္ဍ၊ သုတေသနလုပ်ငန်းကဏ္ဍ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍနှင့် ယဉ်ကျေးမှုကဏ္ဍတို့တွင် ပိုမိုတိုးတက်ခိုင်မာအောင် ဆွေးနွေးဆောင်ရွက်နိုင်ခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် မြန်မာစံတော်ချိန် ယနေ့နံနက် ၈ နာရီခန့်တွင် နေပြည်တော် တပ်မတော်လေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ကာကွယ်ရေးဦးစီးချုပ် (လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. Pavel Klabukov နှင့် တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ခဲ့ကြသည်။

**သတင်းစဉ်**

# ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် International Army Games-2021 ပြိုင်ပွဲဝင် မြန်မာ့တပ်မတော်ကိုယ်စားလှယ်အဖွဲ့ ပြန်လည်ရောက်ရှိ

နေပြည်တော် စက်တင်ဘာ ၇

**ရုရှားဖက်ဒရေးရှင်းနိုင်ငံ မော်စကိုမြို့ မျိုးချစ်ပန်းခြံရှိ Congress စင်တာ၌ ကျင်းပပြုလုပ်သည့် International Army Games– 2021 ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသော မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိလာရာ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဗိုလ်ချုပ်ကိုလေး၊ ဗိုလ်ချုပ် ဇော်လွင်ဦးနှင့် တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။** (ယာပုံ)



အဆိုပါ International Army Games–2021 ကို နိုင်ငံပေါင်း ၄၃ နိုင်ငံမှ ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စစ်မြေပြင်စွမ်းရည်ပြိုင်ပွဲ ၃၄ မျိုးပါဝင်ကာ ရုရှားနိုင်ငံအပါအဝင် ၁၂ နိုင်ငံ၌ ပြိုင်ပွဲများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့တပ်မတော်အနေဖြင့် စတုတ္ထအကြိမ် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်းဖြစ်ကာ တင့်ကားစွမ်းရည်ပြိုင်ပွဲ၊ စစ်မြေပြင်ဆေးတပ်ဖွဲ့ စွမ်းရည်ပြိုင်ပွဲ၊ လေကြောင်းချီတပ်စုများ စွမ်းရည်ပြိုင်ပွဲများအပြင် ဆက်စပ်ပြိုင်ပွဲတစ်ရပ်ဖြစ်သည့် ရိုးရာယဉ်ကျေးမှုဆိုင်ရာပြိုင်ပွဲ Creative Competition တွင်လည်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ခြင်း ဖြစ်သည်။

ထိုသို့ ယှဉ်ပြိုင်ခဲ့ရာတွင် မြန်မာ့တပ်မတော်မှ တင့်တပ်ဖွဲ့ဝင်များသည် တင့်ကားမောင်းနှင်ပစ်ခတ်ခြင်းပြိုင်ပွဲ Tank Biathlon (Division–2) ၌ စံချိန် ၂ နာရီ ၂၈ မိနစ် ၀၅ စက္ကန့်ဖြင့် တတိယနေရာ၌လည်းကောင်း၊ မြန်မာ့တပ်မတော်မှ ယဉ်ကျေးမှု တပ်ဖွဲ့ဝင်များသည် ရိုးရာဝတ်စုံဖြင့် ဖျော်ဖြေတင်ဆက် ပြသမှုတွင် ပထမဆု၊ ရုရှားသီချင်းဖြင့် တစ်ဦးချင်း သီဆိုဖျော်ဖြေတင်ဆက်မှုတွင် ဒုတိယဆု၊ နိုင်ငံ့ရိုးရာယဉ်ကျေးမှုကို ပေါ်လွင်ထင်ဟပ်အောင် ဖျော်ဖြေတင်ဆက်ပြသမှုတွင် ဒုတိယဆုတို့ကို ဆွတ်ခူးရရှိခဲ့သည့်အပြင် အွန်လိုင်းမှတစ်ဆင့် ပရိသတ်များ၏ မဲပေးရွေးချယ်မှုတွင်လည်း တတိယဆုကို ရရှိအောင် အသီးသီးစွမ်းဆောင်နိုင်ခဲ့သည်။ ထို့ပြင် ဆေးတပ်ဖွဲ့ဝင်များအနေဖြင့် ပြိုင်ပွဲဝင်အသင်း ကိုးသင်းအနက် အဆင့် ၆ နေရာတွင်လည်းကောင်း၊ လေကြောင်းချီတပ်ဖွဲ့အနေဖြင့် ပြိုင်ပွဲဝင်အသင်း ၁၈ သင်းအနက် အဆင့် ၇ နေရာတွင် လည်းကောင်း အသီးသီး ရပ်တည်နိုင်ခဲ့အောင် စွမ်းဆောင်နိုင်ခဲ့ကြသည်။

မြန်မာ့တပ်မတော် တပ်ဖွဲ့ဝင်များအနေဖြင့် အဆိုပါ International Army Games ပြိုင်ပွဲများတွင် နိုင်ငံတကာ စစ်ဘက်အဖွဲ့အစည်းများ၏ ပြိုင်ပွဲယှဉ်ပြိုင်မှု အတွေ့အကြုံများ၊ နည်းပညာပိုင်းဆိုင်ရာ အတွေ့အကြုံများနှင့် ချစ်ကြည်ရင်းနှီးမှုများ ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ကြောင်း နှင့် လာမည့်နှစ်များတွင်လည်း ဆက်လက် ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာကံဇော်နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့ (၁၅) ကြိမ်မြောက် အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့(ASOSAI) စုံညီ ညီလာခံသို့ တက်ရောက်

နေပြည်တော် စက်တင်ဘာ ၇

**အာရှတိုက်ဆိုင်ရာ စာရင်းစစ်ချုပ်ရုံးများအဖွဲ့ (Asian Organization of Supreme Audit Institutions: (ASOSAI) ၏ (၁၅) ကြိမ်မြောက် စုံညီ ညီလာခံကို ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ် ဦးဆောင်၍ ယနေ့ မွန်းလွဲပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ ပြည်ထောင်စုစာရင်း စစ်ချုပ် ဒေါက်တာ ကံဇော် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။** (ယာပုံ)




ညီလာခံပထမပိုင်းတွင် အဖွဲ့၏ ၂၀၁၈-၂၀၂၁ ခုနှစ် ဘဏ္ဍာရေး ရှင်းတမ်းများ၊ ၂၀၂၂-၂၀၂၄ ခုနှစ် ဘတ်ဂျက်နှင့် ၂၀၂၂-၂၀၂၇ ခုနှစ် မဟာဗျူဟာစီမံချက်များ အတည်ပြုခြင်း၊ ၂၀၁၈-၂၀၂၁ ခုနှစ် ဘဏ္ဍာရေး ရှင်းတမ်းများအပေါ် ပြင်ပစာရင်းစစ်၏ စစ်ဆေးတွေ့ရှိချက်များအစီရင်ခံခြင်း၊ အဖွဲ့၏ Capacity Development လုပ်ငန်း ဆောင်ရွက်မှု အခြေအနေ အစီရင်ခံခြင်းတို့ ဆောင်ရွက်ကြသည်။

**အတည်ပြုခြင်း ဆောင်ရွက်**

ထို့နောက် Hanoi ကြေညာစာတမ်း အစီရင်ခံတင်ပြခြင်း၊ (၁၂) ကြိမ်မြောက်အဖွဲ့၏ သုတေသန စီမံချက်များ အစီရင်ခံခြင်း၊ ASOSAI ဂျာနယ် ဆုချီးမြှင့်ခြင်းဆိုင်ရာ ကိစ္စရပ်များ တင်ပြခြင်း၊ အခြားဒေသ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်းအတွက် အစီရင်ခံခြင်း၊ Environmental Audit နှင့်စပ်လျဉ်း၍ အစီရင်ခံခြင်းတို့ ဆောင်ရွက်ကြပြီး စဉ်ဆက်မပြတ် ရေရှည်ဖွံ့ဖြိုးရေးရည်မှန်းချက်များနှင့် Crisis Management Audit တို့အတွက် လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းခြင်း၊ ၂၀၂၄ ခုနှစ်တွင် (၁၆) ကြိမ်မြောက် စုံညီအစည်းအဝေးအား အိမ်ရှင်အဖြစ် ကျင်းပမည့် စာရင်းစစ်ချုပ်ရုံးနှင့် အထွေထွေအတွင်းရေးမှူး အတည်ပြုခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

**မှတ်တမ်းတင်နိုင်**

(၁၅) ကြိမ်မြောက် စုံညီ ညီလာခံတွင် မြန်မာနိုင်ငံစာရင်း စစ်ချုပ်ရုံးက ကိုဗစ်-၁၉ ကြောင့် ထိခိုက်မှုများကို ကုစားရန် ASOSAI မှ ပေးအပ်ခဲ့သည့် ထောက်ပံ့ငွေများကို ရရှိခဲ့ခြင်း၊ ASOSAI မှ ဆောင်ရွက်လျက်ရှိသည့် မဲခေါင်မြစ်ဝှမ်းရှိ ရေအရင်းအမြစ်များအား စီမံခန့်ခွဲခြင်း၊ နိုင်ငံတော်၏ ပြည်သူ့ကျန်းမာရေးစနစ် ခိုင်မာမှု၊ ကြံ့ခိုင်မှုနှင့် ရေရှည်တည်တံ့ခိုင်မြဲသော မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းတို့အား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များနှင့်အညီ ထိရောက်စွာ အကောင်အထည်ဖော်မှု အခြေအနေအား စစ်ဆေးခြင်း စသည့် စီမံချက်များတွင် မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့ခြင်းများအတွက် မှတ်တမ်းတင်နိုင်ခဲ့ကြောင်း သိရှိရသည်။

**တာဝန်လွှဲပြောင်း**

ဆက်လက်၍ ၂၀၂၁-၂၀၂၄ ခုနှစ်ကာလအတွက် အုပ်ချုပ်မှုဘုတ်အဖွဲ့ဝင်နိုင်ငံများနှင့် စာရင်းစစ်ကော်မတီ အဖွဲ့ဝင်နိုင်ငံများအား Online Voting စနစ်ဖြင့် ရွေးချယ်ခဲ့ကြသည်။ အစည်းအဝေး ဒုတိယပိုင်းတွင် ၂၀၂၁-၂၀၂၄ ASOSAI ဥက္ကဋ္ဌသစ် ထိုင်းနိုင်ငံစာရင်းစစ်ချုပ် Gen. Chanathap Indamra(RTD) ထံသို့ ဗီယက်နမ်နိုင်ငံ စာရင်းစစ်ချုပ်က ASOSAI အလံနှင့် ဥက္ကဋ္ဌ တာဝန်လွှဲပြောင်းခြင်း အခမ်းအနားကို ကျင်းပပြီး ASOSAI ဥက္ကဋ္ဌ ထိုင်းနိုင်ငံစာရင်းစစ်ချုပ်က (၈) ကြိမ်မြောက် စာတမ်းဖတ်ပွဲဆိုင်ရာ အစီရင်ခံတင်ပြ၍ နှုတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**



# ကမ္ဘာ့အမွေအနှစ် ဟန်လင်းပျူမြို့ဟောင်း မပျက်စီးစေရန် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်

**မုံရွာ စက်တင်ဘာ ၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာ ဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး၊ တိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သန်းဝင်းနှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၆ ရက်က ရွှေဘိုမြို့နယ် မြင်ချင်ကျေးရွာ အဆင့်မြင့် လယ်ယာဖော်ဆောင်ခြင်းစီမံကိန်း အတွင်းရှိ တိုင်းဒေသကြီးကိုယ်စားပြု စပါးတစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် တစ်ကွင်းတစ်စပ်တည်း ဧက (၁၀၀) စံပြကွက် မြေဩဇာကြဲပက်နေမှု၊ သမန်းနှိုးနေမှုနှင့် ဓာတ်မြေဩဇာများ လေလွင့်ဆုံးရှုံးမှု မရှိစေရန်နှင့် အပင်မှအာဟာရ ပြည့်ဝစွာ စားသုံးနိုင်စေရန်၊ ဓာတ်မြေဩဇာနှင့် သဘာဝမြေဩဇာတို့ကို တောင်သူများအကျိုးရှိရှိ တွဲဖက်အသုံးပြုတတ်စေရန် ရည်ရွယ်၍ ဓာတ်မြေဩဇာ ရောစပ်နေမှု သရုပ်ပြသခြင်းအား ကြည့်ရှုအားပေးကာ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဝက်လက်မြို့ ဟန်လင်းကျေးရွာရှိ ကမ္ဘာ့အမွေအနှစ် ဟန်လင်း ပျူမြို့ဟောင်းသို့ရောက်ရှိရာ မြို့ဟောင်းအုတ်ရိုး၊ ပျူလူမျိုးများ အသုံးပြုခဲ့သော အသုံးအဆောင်ပစ္စည်းများထားသည့် ပြတိုက်နှင့် ပျူလူမျိုးများအရိုးစုသင်္ချိုင်းနေရာ၊ ကျောက်စာရုံတို့အား ကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)** တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှေးဟောင်းအမွေအနှစ်များ မပျက်စီးစေရန်နှင့် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရေးတို့ကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမတွင် ကျင်းပသော အောက်ဆီဂျင် Concentrator များ၊ လီတာ ၄၀ အောက်ဆီဂျင်အိုးများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဝက်လက်မြို့ ပြည်သူ့ဆေးရုံသို့ ရောက်ရှိရာ ကျန်းမာရေးဝန်ထမ်း များနှင့် ကိုဗစ်-၁၉ ရောဂါ လူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီအစည်းအဝေး အမှတ်စဉ် (၃/ ၂၀၂၁) ကျင်းပ

**လွိုင်ကော် စက်တင်ဘာ ၇**

ကယားပြည်နယ် ရင်းနှီးမြှုပ်နှံမှု ကော်မတီ အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၁) ကို ယနေ့နံနက်ပိုင်းက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ **(အောက်ပုံ)** ပြည်နယ်ဝန်ကြီးချုပ် ဦးခင်မောင်ဦး၊ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစိန်ဦး၊ ပြည်နယ် ဥပဒေချုပ် ဦးကြည်မြိုင်၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးအံ့မော်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီ အစည်းအဝေး (၂/ ၂၀၂၁) ဆုံးဖြတ်ချက်မှ ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကော်မတီအတွင်းရေးမှူး ဒေါက်တာထွန်းထွန်းက ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ ပြည်နယ်ရင်းနှီးမြှုပ်နှံမှု ကော်မတီအတွင်းရေးမှူး ဒေါက်တာထွန်းထွန်းက မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု ကော်မရှင်က အမိန့်ကြော်ငြာစာအမှတ် (၂၆/၂၀၂၁) ဖြင့် ထုတ်ပြန်ထားသည့် တိုင်းဒေသကြီး/ပြည်နယ် ရင်းနှီးမြှုပ်နှံမှုကော်မတီများက လိုက်နာကျင့်သုံးရမည့် လုပ်ထုံးလုပ်နည်းများ၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့် ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခြင်းတို့အတွက် ပြုစုရေးဆွဲထားသည့် စံချိန်စံညွှန်းမီ လုပ်ထုံးလုပ်နည်းများ Standard Operation Procedure (SOP) မူကြမ်းကို အတည်ပြုပေးနိုင်ရန်၊ ကယားပြည်နယ်အတွင်းရှိ ခွင့်ပြုမိန့်/ အတည်ပြုမိန့်ဖြင့် လုပ်ငန်းဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို သိရှိနိုင်ရန် ဩဂုတ် ၁၆ ရက်တွင် ရင်းနှီးမြှုပ်နှံသူများနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပခဲ့မှုအခြေအနေများ၊ COVID-19 Fund မှ ထုတ်ပေးထားသည့် ချေးငွေများ အကျိုးရှိစွာ အသုံးချမှုအပေါ် စိစစ်ကြပ်မတ်ရေး အဖွဲ့ဝင်များနှင့် ချေးငွေရယူထားသည့် လုပ်ငန်းရှင်များ တတိယအကြိမ် တွေ့ဆုံဆွေးနွေးခဲ့သည့် အခြေအနေများနှင့် အထွေထွေကိစ္စရပ်များ စသည်တို့ကို ဆွေးနွေးတင်ပြခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီ ဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီအဖွဲ့ဝင်၊ ပြည်နယ်စီးပွားရေးရာ ဝန်ကြီးတို့က လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## မြန်မာနိုင်ငံပြန်တမ်း

### အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေး ဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးရုံး၊ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝါဝါမောင် အား အမြဲတမ်းအတွင်းဝန် တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## လေဖိအားနည်းရပ်ဝန်း အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၇**

ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်း (အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်း-ဩရိဿတောင်ပိုင်း) ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ် မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဩရိဿတောင်ပိုင်း ကမ်းခြေသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။

မိုး/ဇလ

# ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံးမှ ယွမ် ၁ ဒသမ ၅၅ သန်း တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြုပစ္စည်းများနှင့် ယွမ် ၁ ဒသမ ၅ သန်းတန်ဖိုးရှိ Oxygen Concentrator အလုံး ၆၀၀ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၇**

ကိုဗစ်-၁၉ ကူးစက်ပြန့်ပွားမှု ကာကွယ် တိုက်ဖျက်ရာ၌ အထောက်အကူ ဖြစ်စေရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရနိုင်ငံခြားရေးရုံးက မြန်မာနိုင်ငံ ကချင်ပြည်နယ် အစိုးရသို့ လှူဒါန်းသည့် တရုတ်ယွမ်ငွေ ၁ ဒသမ ၅၅ သန်း တန်ဖိုးရှိ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကုသရေး အထောက်အကူပြုပစ္စည်းများ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၂၇ ရက်က ယူနန်ပြည်နယ် ပေါင်စန်းပြည်နယ်ခွဲ ထိန်ချုံးမြို့၌ ကျင်းပရာ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Wang Wei က လှူဒါန်းသည့် ပစ္စည်းများကို လွှဲပြောင်းပေးအပ်ပြီး မြန်မာနိုင်ငံကိုယ်စား ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်က လက်ခံရယူသည်။

ထို့ပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ယူနန်ပြည်နယ် ပြည်သူ့အစိုးရနိုင်ငံခြားရေးရုံးက မြန်မာနိုင်ငံ ရှမ်းပြည်နယ်အစိုးရနှင့် ကချင်ပြည်နယ် အစိုးရတို့သို့ လှူဒါန်းသည့် တရုတ်ယွမ်ငွေ ၁ ဒသမ ၅ သန်းတန်ဖိုးရှိ Oxygen Concentrator အလုံး ၆၀၀ လွှဲပြောင်းပေးအပ်ပွဲကို ဩဂုတ် ၃၀ ရက်က ယူနန်ပြည်နယ် ရွှီရွီမြို့ရှိ CMC စက်ရုံတွင် ကျင်းပရာ ယူနန်ပြည်နယ် ပြည်သူ့အစိုးရ နိုင်ငံခြားရေးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် Mr. Hao Kun က လှူဒါန်းသည့် ပစ္စည်းများကို လွှဲပြောင်းပေးအပ်ပြီး မြန်မာနိုင်ငံကိုယ်စား ကူမင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံး ကောင်စစ်ဝန်ချုပ် ဦးသော်တာအောင်က လက်ခံရယူသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကုသရေး အထောက်အကူပြု ပစ္စည်းများနှင့် Oxygen Concen-trator အလုံး ၆၀၀ တို့ကို တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ မြန်မာနိုင်ငံ ရှမ်းပြည်နယ်နှင့် ကချင်ပြည်နယ်တို့သို့ နယ်စပ်ဂိတ်မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။



**သတင်းစဉ်**

# ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများအား နယ်စပ်ဂိတ်အသီးသီးတွင် ဆက်လက်လက်ခံလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ပနိုင်ငံများမှ ဝင်ရောက်လာသည့် မြန်မာနိုင်ငံသားများကို နယ်စပ်ဂိတ်အသီးသီးတွင် လက်ခံဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၆ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်နန်းတော် စစ်ဆေးရေးဂိတ်မှ အမျိုးသား ၄၈ ဦး၊ အမျိုးသမီး ၃၆ ဦး စုစုပေါင်း ၈၄ ဦး၊ နမ့်ဖာဟော်တံတားမှ အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၂၄ ဦး စုစုပေါင်း ၃၉ ဦးနှင့် ရန်လုံကျိုင်းတံတားမှ အမျိုးသား ခုနစ်ဦးတို့ကို အသီးသီးလက်ခံခဲ့သည်။

ထိုသို့လက်ခံရာတွင် သက်ဆိုင်ရာ ပြည်သူ့ဆေးရုံများမှ ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများ၊ တပ်မတော်ဆေးတပ်ဖွဲ့ဝင်များက ကိုဗစ်-၁၉ ရောဂါ စစ်ဆေးပေးခြင်း၊ Quarantine ဝင်ရောက်ရမည့် အထောက်အထား စာရွက်စာတမ်းများ ပြုလုပ်ပေးခြင်း၊ ကျန်းမာရေးဝန်ကြီးဌာန၏ ညွှန်ကြားချက်များကို ရှင်းလင်းပြောကြားခြင်း တို့ကို စနစ်တကျ ဆောင်ရွက်ပေးပြီး တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများက လိုအပ်သည်များ ကူညီဆောင်ရွက်ပေးကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့များက စီစဉ်ဆောင်ရွက်ပေးသည့် ခရီးသည်တင် မော်တော်ယာဉ်များဖြင့် ၎င်းတို့ နေရပ်အသီးသီးသို့ လိုက်လံပို့ဆောင်ပေးခဲ့ကြောင်းနှင့် ရောဂါပိုးတွေ့ရှိသူများအား သက်ဆိုင်ရာနေရာများတွင် သီးသန့်ထားရှိ၍ လိုအပ်သည့် ကျန်းမာရေးဆိုင်ရာများနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များကို အဆင်ပြေချောမွေ့အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

* *ကျောဖုံးမှ*

အသက် ၁၈ နှစ်အရွယ် ရာဒူကာနူသည် ပထမအဆင့်တွင် ဗိုဂီလီကို ၆-၂ ၆-၃၊ ဒုတိယအဆင့်တွင် ရှောင်ကို ၆-၂ ၆-၄၊ တတိယအဆင့်တွင် တော်မိုကို ၆-၀ ၆-၁ ဖြင့် အနိုင်ရရှိထားသလို ၁၆ ဦး အဆင့်တွင်လည်း ကမ္ဘာ့အဆင့်သတ်မှတ်ချက် ၄၃ ရှိသည့် ရော်ဂျာကို ၆-၂ ၆-၁ ဖြင့် အနိုင်ရရှိကာ ယူအက်စ်အိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်သို့ ထိုက်ထိုက်တန်တန် တက်လှမ်းလာနိုင်ခြင်းဖြစ်သည်။

ရာဒူကာနူသည် ယူအက်စ်အိုးပင်းတင်းနစ် အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲတွင် ကွာတားဖိုင်နယ်၌ အိုလံပစ်ချန်ပီယံ ဆွစ်ဇာလန် တင်းနစ်မယ် ဘီလင်ဒါ ဘင်းဆစ်နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဘင်းဆစ်သည် ၁၆ ဦးအဆင့်တွင် ပိုလန်တင်းနစ်မယ် ဆွီတက်ကို ရေကုန်ရေခန်းယှဉ်ပြိုင်ကစားခဲ့ပြီး ၇-၆ (၁၄-၁၂) ၆-၃ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းလာနိုင်ခြင်းဖြစ်သည်။ ထို့အပြင် ဆွစ်ဇာလန် တင်းနစ်မယ်ဘင်းဆစ်သည် လက်ရှိကမ္ဘာ့သတ်မှတ်ချက်တွင် အဆင့် (၁၁) ရှိသူဖြစ်သည်။ ရာဒူကာနူက လက်ရှိ ကမ္ဘာ့အဆင့် သတ်မှတ်ချက်တွင် ၁၅၀ ရှိသည့်အတွက် ယခုကွာတားဖိုင်နယ်သည် ရာဒူကာနူအတွက် ပို၍ခက်ခဲလာဖွယ်ရှိနေသည်။

အခြားသော အမျိုးသမီးတစ်ဦးချင်းပြိုင်ပွဲ ၁၆ ဦးအဆင့်တွင် ချက်တင်းနစ်မယ် ပီလစ်ကိုဗာက ရုရှားတင်းနစ်မယ် ပါလူချန်ကိုဗာကို ၇-၅ ၆-၄ ဖြင့်လည်းကောင်း၊ ဂရိတင်းနစ်မယ် ဆက်ကာရီက ကနေဒါ တင်းနစ်မယ် အန်ဒရက်စ်ကူကို ၆-၇ (၂-၇) ၇-၆ (၈-၆) ၆-၃ ဖြင့် လည်းကောင်း အသီးသီး အနိုင်ရရှိကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

**အောင်ဇော်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၇-၉-၂၀၂၁) ညနေ ၆ နာရီအချိန်ထိ ဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| Supportive | | | | |
| 1 | P.O Vitamin C | 10X10's / Box | 700 | Pai Brother |
| 2 | P.O – Pantocid | 10X10's / Box | 7000 | PL |
| 3 | P.O Omeprazole | 10X10's / Box | 1650 | Shwe Htay Min |
| 4 | Injection Pantocid | 1g/Vial | 1500 | Aorta |
| 5 | Injection Omeprazole | 1g/Vial | 1050 | Aorta |
| Antibiotics | | | | |
| 6 | PO – Azithromycin 500 mg | 5x3's | 4000 | Rammawaddy |
| 7 | P.O – Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 8 | P.O – Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 9 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 10 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

(၂၀၂၁ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်တွင်ကျရောက်သည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ ဂုဏ်ပြုဆောင်းပါး)

# ကိုဗစ်- ၁၉ ကာလ၊ ကာလအလွန် လူနေမှုဘဝအသစ်နှင့် ပညာရေးကဏ္ဍသစ်

ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာန(ပညာရေးဝန်ကြီးဌာန)

ယနေ့ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာကြီးတစ်ခုလုံး ကိုဗစ်- ၁၉ ကူးစက်ရောဂါ ပြန့်ပွားလျက်ရှိသည်။ ကမ္ဘာ့ကပ်ရောဂါကြီးကြောင့် လူမှုရေး၊ စီးပွားရေး၊ ပညာရေးစသည့် ကဏ္ဍပေါင်းစုံတွင် နစ်နာမှုများနှင့် ရင်ဆိုင်နေကြရသည်။ ကူးစက်ရောဂါကြောင့် ကမ္ဘာအနှံ့ စာသင်ကျောင်းများနှင့် အခြားပညာသင်ယူခွင့်ရသည့်နေရာများ ပိတ်ထားခဲ့ရပြီး နိုင်ငံပေါင်း ၁၉၀ ကျော်က ပညာသင်ယူနေသူ စုစုပေါင်း ၁ ဒသမ ၆ ဘီလီယံနီးပါးနှင့် အခြေခံပညာ ဆရာ ဆရာမ ၆ ဒသမ ၃ သန်းခန့်အပေါ် သက်ရောက်မှုများရှိခဲ့ပါသည်။ ကိုဗစ်-၁၉ ကူးစက်ရောဂါသည် ကမ္ဘာ့သမိုင်းတွင် အကြီးမားဆုံးသော ပညာသင်ယူရေးဆိုးရွားမှု၊ ပြတ်တောက်မှုကြီးကို ဖြစ်ပေါ်စေခဲ့ကြောင်း ကုလသမဂ္ဂနှင့်ကမ္ဘာ့ပညာရေးအဖွဲ့များ၏ ဆန်းစစ်ချက်များတွင် ဖော်ပြထားပါသည်။ ၎င်းသက်ရောက်မှုကို အလျင်အမြန် တုံ့ပြန်ကုစားနိုင်မှသာ အနာဂတ်မျိုးဆက်သစ်များအပေါ် ဆယ်စုနှစ်ကျော် တိုးတက်မှုများပျောက်ဆုံးနိုင်သည့် ခြိမ်းခြောက်မှုကို ဖြေရှင်းနိုင်မည်ဖြစ်သည်။

**❒ ပညာရေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး (No one left behind) ရည်မှန်းချက်ကို အောင်မြင်ပေါက်ရောက်စေရေးသည် ပညာရေးဝန်ထမ်းအားလုံး၏ တာဝန်တစ်ရပ်ပင် ဖြစ်သည်။ ၎င်းရည်မှန်းချက် ပေါက်မြောက်အောင်မြင်စေရန်မှာ လက်ရှိကပ်ရောဂါကာလတွင် ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်မှုအခန်းကဏ္ဍသည် အဓိကကျလျက်ရှိ**

ကမ္ဘာပေါ်တွင် ကူးစက်ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများကြောင့် စာတတ်မြောက်ရေးအတွက် သင်ယူရန် အခွင့်အလမ်းများကို လက်လှမ်းမမီခြင်း၊ မညီမျှခြင်းများ ဖြစ်ပေါ်စေပြီး စာမတတ်သူ လူကြီး၊ လူငယ် ၇၇၃ သန်းအပေါ်တွင်လည်း မျှတမှုမရှိ ဖြစ်စေသည်။ ထို့ပြင် စာရေး၊ စာဖတ်အားနည်းသူ၊ စာတတ်ကျွမ်းပြီးသူတို့တွင်ပင် လူမှုဘဝဖြစ်သော ကျန်းမာရေး၊ စီးပွားရေးနှင့် လုပ်ငန်းခွင်ဘဝစီမံခန့်ခွဲမှုများ၌ အားနည်းချက်များဖြစ်စေသည်ဟု ယူနက်စကိုမှတ်တမ်းတွင် ဖော်ပြထားသည်။

## ပိုမိုအလေးထားသင့်

ထိုကဲ့သို့သော စိန်ခေါ်မှုများနှင့်အတူ အခြားတစ်ဖက်တွင်လည်း ပညာဆက်လက်သင်ယူရေးနှင့် လေ့ကျင့်ရေးအခွင့်အလမ်းများ ဆက်လက်ဖြစ်ပေါ်နိုင်ရန်အတွက် ကိုဗစ်-၁၉ ကာလ လူနေမှုပုံစံသစ် (New Normal)နှင့်အတူ ပညာသင်ယူမှုပုံစံသစ်၊ နည်းလမ်းသစ် (New Learning Model) များကိုလည်း ICT နည်းပညာများ၊ မီဒီယာနည်းပညာများအပေါ်အခြေခံပြီး ကမ္ဘာ့နိုင်ငံများနှင့် ပညာရေးအသိုင်းအဝိုင်းတစ်ခုလုံးက တီထွင်ကြံဆဖော်ထုတ်လာကြရသည်။ သင်ယူမှုပုံစံသစ်များ၊ နည်းလမ်းသစ်များဖြင့် အရည်အသွေးရှိသော ပညာရေးရရှိရန် အရှိန်အဟုန်မြှင့် စီမံဆောင်ရွက်နေသည်နှင့်အမျှ "မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး" ရည်မှန်းချက်ကို အောင်မြင်စေရန်အတွက် ပညာသင်ယူခွင့်အခြေအနေ၊ အရင်းအမြစ် နည်းပါးသော ကလေး၊ လူငယ်များကို ဦးစားပေးပံ့ပိုးရန်အတွက်လည်းကောင်း၊ ပြောင်းလဲလာသော သင်ကြားမှုပုံစံသစ်၊ နည်းလမ်းသစ်များ စီမံဆောင်ရွက်ရန်အတွက်လည်းကောင်း၊ ပညာရေး အဆက်ပြတ်မှုမရှိစေရေးနှင့် ပိုမိုကောင်းမွန်စေရန် ပြန်လည်တည်ထောင်ရေးတွင် အဓိကကျသော ပညာရေးအသိုင်းအဝိုင်းအဖွဲ့အစည်းများကို ဖြည့်ဆည်းပေးရန်အတွက် လည်းကောင်း ပိုမိုအလေးထားသင့်ပေသည်။ လက်ရှိကာလ ရင်ဆိုင်ကြုံတွေ့နေရသော ပညာသင်ယူနိုင်ရေး အကျပ်အတည်းကြောင့် မျိုးဆက်သစ်များအား မထိခိုက်စေရေးနှင့် "မျိုးဆက်လိုက်ပျက်သုဉ်းခြင်း" (Generational Catastrophe) မဖြစ်စေရေးကို အလျင်အမြန် ဝိုင်းဝန်းဆောင်ရွက်သင့်ကြောင်း ကုလသမဂ္ဂအစီရင်ခံစာတွင် တိုက်တွန်းထားပါသည်။

မြန်မာနိုင်ငံတွင် ပညာရေးဝန်ကြီးဌာနနှင့် ပညာရေးနှင့်သက်ဆိုင်သူအားလုံးက ကိုဗစ်-၁၉ ကပ်ရောဂါကာလအတွင်း ပညာရေးကဏ္ဍတုံ့ပြန်မှုနှင့် ပြန်လည်တည်ထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်မှုများနှင့်အညီ ကပ်ရောဂါအခြေအနေအပေါ်ချင့်ချိန်၍ ဆောင်ရွက်လျက်ရှိပေသည်။ ကျောင်းသူကျောင်းသားများ ပညာသင်ယူခွင့် မဆုံးရှုံးစေရေး၊ ပညာသင်ယူမှုမနှောင့်နှေးစေရေး၊ ရပ်တန့်မှုမရှိစေရေး၊ ပိုမိုကောင်းမွန်လာစေရေးတို့အတွက် ရောဂါကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံမှု အစီအမံများ စနစ်တကျ စီမံပြီး တီထွင်ဆန်းသစ်သော နည်းလမ်းများ၊ ICT နည်းပညာများကို အကောင်းဆုံး အသုံးပြု၍ လူနေမှုဘဝပုံစံသစ် (New Normal) သို့ လျော်ညီစွာ ပြောင်းလဲကျင့်သုံးနိုင်ရေးအတွက် ဦးတည်ကြိုးပမ်းလျက်ရှိပါသည်။ ပညာရေးရုပ်သံများနှင့် ရေဒီယိုအစီအစဉ်များမှလည်းကောင်း၊ ကိုယ်တိုင်ရှာဖွေလေ့လာသင်ယူနိုင်သော အရင်းအမြစ်များကို online platform များမှ လည်းကောင်း လေ့လာသင်ယူမှုအခွင့်အလမ်းများ ရရှိအောင် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## သင်ကြားသင်ယူမှုပုံစံသစ်

ကိုဗစ်-၁၉ ကပ်ရောဂါကာလနှင့် အလွန်ကာလများအတွက် အခြေခံစာတတ်မြောက်ရေးအစီအစဉ်များကိုလည်း ကိုဗစ်-၁၉ ကပ်ရောဂါ ကာကွယ်ရေးအတွက် ချမှတ်ထားသော Physical Distancing အပါအဝင် စည်းကမ်းနည်းလမ်းများကို လိုက်နာပြီး တီထွင်ဆန်းသစ်ထိရောက်သော သင်ကြားသင်ယူမှုနည်းလမ်းများဖြင့် စာသင်ဝိုင်းအလိုက် စာသင်သားဦးရေ နည်းနည်း ကျဲကျဲဖြင့် သင်ကြားခြင်း (Small group learning at open space)၊ နေအိမ်တွင်း မိသားစုဝင်အချင်းချင်း သင်ကြားပေးခြင်း (Home -based family learning) စသော သင်ကြားသင်ယူမှုပုံစံသစ်များဖော်ဆောင်နိုင်ရန် ကြံဆထားကြရပေမည်။ တစ်ဖက်တွင်လည်း ပြောင်းလဲလာသော သင်ကြားသင်ယူမှုပုံစံသစ်များဖြင့် အခြေခံစာတတ်မြောက်ရေးအစီအစဉ်များတွင် လိုက်လျောညီထွေ သင်ကြားပြသပေးကြမည့် ဆရာ ဆရာမများ၏ အခန်းကဏ္ဍနှင့် တီထွင်ဆန်းသစ် ပြောင်းလဲတိုးတက်လာသော သင်ကြားပြသနည်းစနစ်များ၏ အခန်းကဏ္ဍသည် အရေးကြီးသောကဏ္ဍများပင်ဖြစ်သည်။ သင်ကြားသင်ယူမှုပုံစံသစ်များနှင့် လိုက်လျောညီထွေရှိမည့် သင်ပြနည်းသစ်များကို အသုံးချနိုင်ရေးအတွက် သင်ကြားပေးမည့် ဆရာ ဆရာမများအား သင့်တင့်လျောက်ပတ်သော နည်းပညာနှင့်သင်ကြားရေး ICT ပစ္စည်းပံ့ပိုးမှုများ ဖြည့်ဆည်းလေ့ကျင့်ပေးရမည်ဖြစ်သည်။

ပညာရေးတွင် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး (No one left behind) ရည်မှန်းချက်ကို အောင်မြင်ပေါက်ရောက်စေရေးသည် ပညာရေးဝန်ထမ်းအားလုံး၏ တာဝန်တစ်ရပ်ပင် ဖြစ်သည်။ ၎င်းရည်မှန်းချက် ပေါက်မြောက်အောင်မြင်စေရန်မှာ လက်ရှိကပ်ရောဂါ ကာလတွင် ဒစ်ဂျစ်တယ်နည်းပညာ ကျွမ်းကျင်မှုအခန်းကဏ္ဍသည် အဓိကကျလျက်ရှိပါသည်။ ပညာရေးတွင် ဒစ်ဂျစ်တယ်နည်းပညာကို အသုံးပြုလာကြခြင်းဖြင့် လူသားဗဟိုပြု ပြန်လည်ထူထောင်ရေးအတွက် စာတတ်မြောက်မှုနှင့် ဒစ်ဂျစ်တယ် ကျွမ်းကျင်မှုတို့၏ အရေးပါပုံကို သိရှိခြင်း၊ စာတတ်မြောက်ရေးကို ဒစ်ဂျစ်တယ်ကျွမ်းကျင်မှုနှင့် ပေါင်းစပ် သင်ကြားသင်ယူမှုအတွက် နည်းလမ်းသစ်များဖန်တီးပေးခြင်း၊ နည်းပညာကိုအသုံးပြု၍ သင်ကြားပေးနေသော စာတတ်မြောက်ရေးအစီအစဉ်များကို မြှင့်တင်ရန် အစိုးရများနှင့်မိတ်ဖက်များမှ ပူးပေါင်းဖော်ထုတ်နိုင်မည့် ခိုင်မာသောနည်းလမ်းရရှိစေနိုင်ခြင်း စသည့် ရလဒ်ကောင်းများ ပေါ်ထွန်းလာနိုင်မည်ဟု ယူနက်စကိုမှတ်တမ်းတွင် ဖော်ပြထားပါသည်။

## နည်းလမ်းများရှာဖွေလျက်ရှိ

ကမ္ဘာအနှံ့ မညီမျှမှုများ၊ ဆင်းရဲမွဲတေမှုများကို လျှော့ချနိုင်ရန်နှင့် အမြစ်ပြတ်ချေမှုန်းနိုင်ရန်အတွက်လည်းကောင်း၊ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ၏ ရည်မှန်းချက်များ ပြည့်မီရန်အတွက်လည်းကောင်း လူသားအားလုံး စာတတ်မြောက်ခြင်းသည် အဓိကအခြေခံကျသော အချက်ဖြစ်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင် အမှတ်(၄) (SDG-4) အရ ကလေးသူငယ်မှစ၍ အရွယ်ရောက်ပြီးသူများသည် ပညာသင်ယူမှု အခွင့်အရေးရရှိမည် ဖြစ်ပါသည်။ သို့ရာတွင် ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် ကျောင်းပညာရေးနှင့်တကွ ကျောင်းပြင်ပပညာရေးလုပ်ငန်းများနှင့် နိုင်ငံအနှံ့ ပုံမှန်ဆောင်ရွက်လျက်ရှိသော သက်ကြီးစာတတ်မြောက်ရေးအစီအစဉ်များသည် ဆိုင်းငံ့ထားရပေသည်။ စာမတတ်သေးသော၊ စာတတ်မြောက်မှုအားနည်းသော လူငယ်၊လူကြီးများ စဉ်ဆက်မပြတ်လေ့လာသင်ယူနိုင်ရေးနှင့် ကိုဗစ်-၁၉ နှင့်ပတ်သက်သော သတိပေး၊ ပညာပေးအချက်အလက်များ သိရှိနိုင်ရေးအတွက် အဝေးရောက်သင်ယူမှုအခွင့်အလမ်းများကို ICT နည်းပညာများ အသုံးပြု၍ လူနေမှုဘဝပုံစံသစ် (New Normal) တွင် ပညာသင်ယူမှုပုံစံသစ်၊ နည်းလမ်းသစ် (New Learning Model) များဖြင့် ပြောင်းလဲလုပ်ဆောင်ရန် နည်းလမ်းများ ရှာဖွေလျက်ရှိနေပြီဖြစ်သည်။

ယူနက်စကိုအဖွဲ့ချုပ်ကြီးက နိုင်ငံတကာစာတတ်မြောက်ရေးနေ့ အခမ်းအနားကို ၁၉၆၇ ခုနှစ်မှ စ၍ စက်တင်ဘာလ ၈ ရက်နေ့ရောက်တိုင်း ကမ္ဘာကြီးနှင့်လိုက်လျောညီထွေရှိသည့် Themes များဖြင့် အကောင်အထည်ဖော် ကျင်းပလျက်ရှိသည်။ ယခုနှစ် ၂၀၂၁ ၊ စက်တင်ဘာ ၈ ရက်နေ့တွင်ကျရောက်မည့် နိုင်ငံတကာစာတတ်မြောက်ရေးနေ့ကိုလည်း "Literacy for a human-centred recovery: Narrowing the digital divide" ဟူသော Theme ဖြစ်သည့် "ဒီဂျစ်တယ်ကွာဟမှုကိုလျှော့ချလို့ စာတတ်မြောက်ရေးဖြင့် လူသားဗဟိုပြုပြန်လည်ထူထောင်စို့" ဦးတည်ချက်နှင့်အညီ ကိုဗစ်ကာလနှင့် အလွန်ကာလတွင် အခြေခံစာတတ်မြောက်ရေး အစီအစဉ်များကို အောက်ဖော်ပြပါအချက်(၃)ချက်ဖြင့် ဖော်ဆောင်သွားမည် ဖြစ်ပါသည်။

၁။ လူသားဗဟိုပြု ပြန်လည်ထူထောင်ရေးအတွက် အခြေခံအုတ်မြစ်ခိုင်မာအောင် တည်ဆောက်ရာတွင် အခြေခံစာတတ်မြောက်ရေးက ပံ့ပိုးပေးနိုင်မှု၊ အထူးသဖြင့် စာတတ်မြောက်မှုမရှိသေးသော လူငယ်၊ လူကြီးများအတွက် စာတတ်မြောက်ရေးနှင့် ဒစ်ဂျစ်တယ်နည်းများအသုံးပြုနိုင်စွမ်း၊ အပြန်အလှန် အကျိုးသက်ရောက်မှုကို ဦးတည်ဖော်ပြရန်၊

၂။ နည်းပညာအသုံးပြု စာတတ်မြောက်ရေးသင်ကြားသင်ယူမှုများသည် မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး ဟူသော ပန်းတိုင်ကိုလူတိုင်းအကျုံးဝင်စေပြီး အဓိပ္ပာယ်ပြည့်စုံအောင် ဖော်ဆောင်နိုင်ကြောင်း ပြသရန်၊

၃။ အနာဂတ်ကာလ စာတတ်မြောက်ရေးသင်ကြားသင်ယူမှုပုံစံများကို ကပ်ရောဂါကာလနှင့် အလွန်ကာလများ၏ အခြေအနေနှင့် လျော်ညီစွာ ပြန်လည်စဉ်းစားသုံးသပ်နိုင်မည့် အခွင့်အလမ်းကောင်းရရှိစေရန်တို့ဖြစ်သည်။

## နိုင်ငံ့သားကောင်းဖြစ်ရေး

အချုပ်အားဖြင့် ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်-၁၉ ကြောင့် ကာလကြာရှည် ရပ်ဆိုင်းခဲ့ရသော ပညာရေး၊ လူမှုရေး၊ စီးပွားရေးဘက်ပေါင်းစုံတွင် ရပ်တည်မှုအသစ်ဖြစ်သော New Normal ဖြင့် ICT နည်းပညာသည် ရှေ့တန်းမျက်နှာစာတွင် ရောက်ရှိလာခဲ့ပေသည်။ ပညာရေးကဏ္ဍတွင်လည်း ကိုဗစ်-၁၉ ကာလနှင့် အလွန်ကာလများတွင် လုံခြုံစိတ်ချမှုရှိသော ဒစ်ဂျစ်တယ်နည်းပညာဖြင့် သင်ယူမှုအခွင့်အလမ်းများ မြှင့်တင်ရေး၊ ဆန်းသစ်ထိရောက်သော သင်ယူမှုပုံစံသစ်များ ဖော်ဆောင်ရေးနှင့် ဆရာ ဆရာမများအား သင်ပြနည်းသစ်များ လေ့ကျင့်ပေးရေးတို့တွင် ပြည်သူ၊ အစိုးရ၊ ပညာရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာဝန်ထမ်းများအားလုံးက အနာဂတ်မျိုးဆက်သစ်များဖြစ်သော ကျောင်းတွင်း၊ ကျောင်းပြင် ကျား/မ မရွေး ကလေး၊ လူငယ်များနှင့် လူရွယ်၊လူကြီးများပါမကျန် နိုင်ငံ့သားကောင်းဖြစ်ရေးအတွက် လုပ်ငန်းစဉ်များ ချမှတ်ပြီး ကျယ်ကျယ်ပြန့်ပြန့် ညီညီညွတ်ညွတ်နှင့် ပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း တင်ပြလိုက်ရပေသည်။ ။

# တားဆီး၊ ကယ်တင်၊ ကူညီရေး လူကုန်ကူးခံရသူအသံ နားထောင်ပေး

**မောင်သောင်းဝင်း (တမန်ဟောင်း)**

လူကုန်ကူးခြင်းသည် ခေတ်သစ်ကျေးကျွန်ပြုခြင်းပင်ဖြစ်သည်။ လူကုန်ကူးခံရသူသည် လုပ်အားခေါင်းပုံဖြတ်ခံရခြင်းနှင့် လိင်အကြမ်းဖက်ခံရခြင်းများကို ခါးစည်းခံရလေ့ရှိသည်။ အမျိုးသမီးများနှင့် ကလေးငယ်များသည် အများဆုံးလူကုန်ကူးခံရလေ့ရှိသည်။ အမျိုးသမီးများသည် လိင်ကျေးကျွန်အဖြစ် ရောင်းချခံကြရပြီး ကလေးငယ်များသည် လိင်အကြမ်းဖက်မှုနှင့် လုပ်အားခေါင်းပုံဖြတ်မှုခံကြရသည်။ လူကုန်ကူးခံရသူများသည် ကိုယ်ခန္ဓာအစိတ်အပိုင်းများကို ဖြတ်တောက်ထုတ်ယူခံရသည့် အသက်အန္တရာယ်နှင့်လည်း ကြုံတွေ့ရတတ်ပါသည်။ လက်ရှိအချိန်တွင် လူကုန်ကူးမှုသည် တရားမဝင်မူးယစ်ဆေးဝါးနှင့် လက်နက်ရောင်းဝယ်မှုပြီးလျှင် တတိယမြောက်အများဆုံး ရာဇဝတ်မှုပင်ဖြစ်သည်။ နှစ်စဉ် လူကုန်ကူးခံရသူ သန်း ၂၀ ခန့်ရှိပြီး ထိုလုပ်ငန်းမှတရားမဝင်အကျိုးအမြတ် အမေရိကန်ဒေါ်လာ ၄၀ ဘီလီယံခန့်ရရှိနေသည်ဟုဆိုသည်။ ထို့ကြောင့် လူကုန်ကူးမှုတိုက်ဖျက်ရာတွင် အခက်အခဲ ကြုံတွေ့နေရခြင်းဖြစ်သည်။

❖ **လူကုန်ကူးခံရသူများသည် အလုပ်အကိုင်အခွင့် အလမ်းရှားပါးမှု၊ အလွန်အကျွံဆင်းရဲမှု၊ အသိပညာဗဟုသုတနည်းပါးမှု၊ အိမ်တွင်းအကြမ်းဖက်ခံရမှုနှင့် သူငယ်ချင်းများ၊ ဆွေမျိုးများ စသည်တို့က နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကောင်းရမည်ဖြစ်ကြောင်း ပြောဆိုမှုများကို ယုံကြည်ကာ သွားရောက်ကြသဖြင့် လူကုန်ကူးသည့် မုဆိုးများ၏ ပစ်ကွင်းသို့ သက်ဆင်းသွားကြရသည်။ အချို့သောသူများသည် အားနာတတ်မှု၊ ရိုးသားမှု၊ မသိနားမလည်မှု၊ နိုင်ငံခြားကို အထင်ကြီးမှုတို့ကြောင့် သားကောင်ဘဝ သက်ဆင်းကာ တစ်ဖက်နိုင်ငံတွင် အခိုင်းအစေအဖြစ် ရောင်းချခြင်းခံကြရသည်**

## လူကုန်ကူးမှုဆိုသည်မှာ

လူကုန်ကူးမှုဆိုသည်မှာ လူပုဂ္ဂိုလ်တစ်ဦးဦးသည် အခြားသူတစ်ဦးတစ်ယောက်ကို ထိုသူ၏ သဘောတူညီချက်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ ခေါင်းပုံဖြတ်ခြင်းအလို့ငှာ လူများကို သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ငှားရမ်းခြင်း၊ ငှားယူခြင်း၊ ခိုလှုံခွင့်ပေးခြင်း သို့မဟုတ် လက်ခံခြင်းကို ဆိုလိုပါသည်။ ထိုသို့ လူကုန်ကူးရန်ပြုလုပ်မှုတစ်ရပ်ရပ်ပြုလုပ်ရာတွင် ခြိမ်းခြောက်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အခြားနည်းဖြင့် အနိုင်အထက်ပြုခြင်း၊ သွေးဆောင်ခေါ်ယူခြင်း၊ လိမ်လည်ခြင်း၊ လှည့်ဖြားခြင်း၊ အခွင့်အာဏာကို အလွဲသုံးစားပြုခြင်း သို့မဟုတ် ဘဝရပ်တည်ရန် ခက်ခဲနေသော အခြေအနေကို အလွဲသုံးစားပြုခြင်း တစ်ဦးတစ်ယောက်အပေါ် ချုပ်ကိုင်နိုင်သောသူ၏ သဘောတူညီချက်ရရှိရန် ငွေကြေး သို့မဟုတ် အကျိုးအမြတ်ပေးခြင်း သို့မဟုတ် လက်ခံရယူခြင်းတို့ပါဝင်သည်။ ထို့အပြင် လူပုဂ္ဂိုလ်တစ်ဦးသည် အခြားသူ တစ်ဦးတစ်ယောက်အား ပြည့်တန်ဆာပြုခြင်း၊ ကျေးကျွန်ကဲ့သို့ ခိုင်းစေခြင်း၊ ကြွေးမြီနှင့် နှောင်ဖွဲ့ခိုင်းစေခြင်း၊ သူတစ်ပါးခန္ဓာကိုယ်၏ အစိတ်အပိုင်းအား ထုတ်ယူခြင်း၊ ရောင်းချခြင်းတို့ကိုပြုရာမှ ငွေကြေး၊ အကျိုးအမြတ် လက်ခံရယူခြင်း သို့မဟုတ် လက်ခံရန်သဘောတူခြင်းများသည်လည်း လူကုန်ကူးမှုကျူးလွန်သည့် လုပ်ရပ်များပင်ဖြစ်သည်။

## လူကုန်ကူးခံရသည့် အကြောင်းတရားများ

လူကုန်ကူးခံရသူများသည် အလုပ်အကိုင်အခွင့်အလမ်းရှားပါးမှု၊ အလွန်အကျွံဆင်းရဲမှု၊ အသိပညာဗဟုသုတနည်းပါးမှု၊ အိမ်တွင်းအကြမ်းဖက်ခံရမှုနှင့် သူငယ်ချင်းများ၊ ဆွေမျိုးများ စသည်တို့က နိုင်ငံရပ်ခြားတွင် သွားရောက်အလုပ်လုပ်ကိုင်ပါက ဝင်ငွေကောင်းကောင်းရမည်ဖြစ်ကြောင်း ပြောဆိုမှုများကို ယုံကြည်ကာ သွားရောက်ကြသဖြင့် လူကုန်ကူးသည့် မုဆိုးများ၏ ပစ်ကွင်းသို့ သက်ဆင်းသွားကြရသည်။ အချို့သောသူများသည် အားနာတတ်မှု၊ ရိုးသားမှု၊ မသိနားမလည်မှု၊ နိုင်ငံခြားကို အထင်ကြီးမှုတို့ကြောင့် သားကောင်ဘဝ သက်ဆင်းကာ တစ်ဖက်နိုင်ငံတွင် အခိုင်းအစေအဖြစ် ရောင်းချခြင်းခံကြရသည်။ သဘောမတူသူနှင့် ပေးစားကာ လက်ထပ်ထိမ်းမြားပေးခြင်း၊ အဓမ္မအလုပ်စေခိုင်းခံရခြင်း၊ ပြည့်တန်ဆာအလုပ် စေခိုင်းခံရခြင်းတို့ကို ခံကြရသည်။ ထို့အပြင် ရွှေ့ပြောင်းသွားလာ လုပ်ကိုင်လိုသူများအပေါ် အကျိုးအမြတ်ရယူလိုသူများ၊ ခေါင်းပုံဖြတ်လိုသူများကြောင့် လူမှောင်ခိုမှု၊ လူကုန်ကူးမှုများ ဖြစ်ပေါ်လာရသည်။ တရားမဝင်ရွှေ့ပြောင်းသွားလာမှု၏ ဘဝနိဂုံးသည် လူကုန်ကူးခံရခြင်းပင်ဖြစ်သည်။

လူကုန်ကူးသူများသည် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် လူသားများကို မက်လုံးပေး စည်းရုံးသိမ်းသွင်း ရောင်းချလေ့ရှိကြသည်။ လူကုန်ကူးမှုများသည် တစ်စတစ်စကြီးထွားလာသော နယ်စပ်ဖြတ်ကျော် ရာဇဝတ်မှုများပင်ဖြစ်သည်။ နိုင်ငံတကာ အဖွဲ့အစည်းများကလည်း လူကုန်ကူးသူများကို လူ့အခွင့်အရေး ချိုးဖောက်သူများအဖြစ် ပြစ်တင်ရှုတ်ချထားလျက်ရှိသည်။ သို့သော် လူ့အသိုက်အဝန်းကို ခြိမ်းခြောက်နေဆဲပင်ဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတည်း အတွင်း၌ပင်လျှင် လူကုန်ကူးမှုများ တွေ့ရသည်။ ဆင်းရဲတွင်းနက်နေသူများ၊ ကလေးငယ်များ၊ အမျိုးသမီးငယ်များသည် လူကုန်ကူးသူများ၏ ပစ်မှတ်ဖြစ်လေ့ရှိကြသည်။ လူကုန်ကူးသူများသည် အမျိုးသမီးငယ်များကို လိင်ကျွန်ပြုရန်လည်းကောင်း၊ အရွယ်ရောက်သူအမျိုးသားများကို လုပ်အားခေါင်းပုံဖြတ်ရန်လည်းကောင်း၊ ကလေးငယ်များကို ကိုယ်လက်အင်္ဂါဖြတ်တောက်ရောင်းချရန်လည်းကောင်း မက်လုံးပေးဆွဲဆောင်စည်းရုံးရောင်းချလေ့ရှိကြသည်။

## လူကုန်ကူးခံရသူများ

လူကုန်ကူးခံရသူတစ်ဦးအား လိင်ဖျော်ဖြေရေးအတွက် ခေါင်းပုံဖြတ်စေခိုင်းခြင်းကို လိင်ကုန်ကူးခြင်းဟု ခေါ်ဆိုသည်။ ကလေးငယ်များကို လိင်ကျွန်ပြုခြင်းအပါအဝင် ပြည့်တန်ဆာလုပ်ခိုင်းခြင်းဖြင့် လိင်ကုန်ကူးသူများက အမြတ်ထုတ်လေ့ရှိကြသည်။ လိင်ကုန်ကူးမှုသည် ကမ္ဘာတစ်ဝန်းတွင် လျင်မြန်စွာ ကြီးထွားလာသော ရာဇဝတ်မှုလုပ်ငန်းတစ်မျိုးဖြစ်နေသည်။ နိုင်ငံတကာ အလုပ်သမားအဖွဲ့၏ အဆိုအရ လူ ၂၀ ဒသမ ၉ သန်းသည် အဓမ္မအလုပ်စေခိုင်းခြင်းခံနေရပြီး ၎င်းတို့အနက် ၂၂ ရာခိုင်နှုန်းနှင့် ညီမျှသော လူ ၄ ဒသမ ၅ သန်းသည် လိင်ကျွန်ပြုခံနေရသည်။ လက်ရှိအချိန်တွင် တစ်ကမ္ဘာလုံး၌ လူကုန်ကူးခံရသူ ၄၀ ဒသမ ၃ သန်းခန့်သည် လုပ်အားခမရဘဲ ကျွန်ပြုခံနေကြရသည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် လူကုန်ကူးခံရသူများသည် ခြိမ်းခြောက်ခံရခြင်း၊ အကြမ်းဖက်ခံရခြင်းတို့ကြောင့် အနည်းငယ်သောလုပ်အားခ သို့မဟုတ် လုပ်အားခလုံးဝမရဘဲ အလုပ်လုပ်နေကြရသည်။ နေရာတိုင်းတွင် တရားမဝင်ကျွန်ပြုနေခြင်းဖြစ်သည်။ ဆိုရလျှင် လူကုန်ကူးခံရသူများသည် ခေတ်သစ်ကျေးကျွန်များပင်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဆင်းရဲမွဲတေမှုမြင့်မားခြင်း၊ ကျောင်းနေရန် အခွင့်အလမ်းမရှိခြင်းတို့ကြောင့် ကလေးအလုပ်သမားများ မြင့်မားနေဆဲရှိနေဆဲပင်ဖြစ်သည်။ လူကုန်ကူးသူများသည် ကလေးများကို မက်လုံးပေးဆွဲဆောင်ကာ လုပ်ငန်းခွင်များသို့ ပြန်လည်ရောင်းချလေ့ရှိကြသည်။

## တားဆီး၊ ကယ်တင်၊ ကူညီရေး လူကုန်ကူးခံရသူအသံ နားထောင်ပေး

လူကုန်ကူးမှုပြဿနာသည် နိုင်ငံတစ်နိုင်ငံရှိ အစိုးရတစ်ရပ်တည်းဖြေရှင်းလို့ မရသည့်ရာဇဝတ်မှုမျိုးဖြစ်သည်။ ကမ္ဘာ့နိုင်ငံအားလုံးပေါင်းစပ်ချိတ်ဆက်ဆောင်ရွက်မှသာ ထိုရာဇဝတ်မှုလျော့နည်းကျဆင်းလာနိုင်သည်။ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများအကြား ပေါင်းစပ်ဆောင်ရွက်ခြင်း၊ နိုင်ငံတော်အဆင့် တာဝန်ရှိသူများ ပေါင်းစပ်ဆောင်ရွက်ခြင်း၊ စွမ်းဆောင်ရည်တည်ဆောက်ခြင်း၊ ပြည်သူများအား ဗဟုသုတမျှဝေခြင်း၊ နည်းပညာပိုင်းဆိုင်ရာ အထောက်အကူပေးခြင်း၊ လူကုန်ကူးခံရသူများအား အပြည့်အဝ ကာကွယ်စောင့်ရှောက်ခြင်း၊ ပြည်သူများအကြား လူကုန်ကူးသူများအား ပူးပေါင်းဆန့်ကျင်တိုက်ဖျက်ရေး စိတ်ဓာတ်ကိန်းအောင်းလာအောင် ဆောင်ရွက်ခြင်းတို့ကို အလေးထားဆောင်ရွက်သွားရန်လိုအပ်သည်။

သက်ဆိုင်ရာအာဏာပိုင်များအနေဖြင့် လူကုန်ကူးသူများအား ဖမ်းဆီးရမိလျှင် ထိထိရောက်ရောက် အရေးယူပြီး ပြင်းထန်သောပြစ်ဒဏ်များ ချမှတ်သင့်ပါသည်။ လူကုန်ကူးသည့်တရားခံများကို ပြစ်ဒဏ်ချမှတ်ရာတွင် ပြည်သူလူထုသိအောင် သတင်းမီဒီယာများမှ ကျယ်ပြန့်စွာ ထုတ်ပြန်သင့်သည်။ ပြစ်ဒဏ်လွတ်ငြိမ်းချမ်းသာခွင့် ပေးရာတွင်လည်း သက်ငယ်မုဒိမ်းမှုကျူးလွန်သူများ၊ လူကုန်ကူးသူများ၊ မူးယစ်ဆေးဝါးရောင်းဝယ်သူများကို ချန်လှပ်ထားသင့်သည်။ ထိုရာဇဝတ်သားများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးလိုက်မည်ဆိုလျှင် အလားတူပြစ်မှုများကို အကြိမ်ကြိမ် ကျူးလွန်နေမည်သာဖြစ်သည်။ မိဘအုပ်ထိန်းသူများအနေဖြင့် အရွယ်မရောက်သေးသည့် ကျောင်းသားလူငယ်များ၊ အထူးသဖြင့် သမီးမိန်းကလေးများကို ယခင်ကထက် ပိုမိုဂရုစိုက်သင့်သည်။ လူကုန်ကူးသူများသည် လူငယ်များကို အသွင်မျိုးစုံဖြင့် စည်းရုံးသိမ်းသွင်းလျက်ရှိကြသည်။ ထို့ကြောင့် ကလေးငယ်များ၏ ပတ်ဝန်းကျင်တွင် လူစိမ်းများတွေ့နေပြီဆိုလျှင် မေးမြန်းစုံစမ်းသင့်သည်။ သက်ဆိုင်ရာသို့ သတင်းပို့သင့်သည်။ ကျောင်း၊ ကျူရှင်သွားသည့်ကလေးများ သတ်မှတ်ချိန်အတွင်း ပြန်မရောက်လျှင် ချက်ချင်းရှာဖွေသင့်သည်။ တတ်နိုင်ပါက မိဘ၊ အုပ်ထိန်းသူများကိုယ်တိုင် အကြို၊ အပို့လုပ်သင့်သည်။

ထို့အပြင် တိုင်းပြည်အတွင်း လူကုန်ကူးမှုဖြစ်စဉ်များ ပိုမိုလျော့နည်းပပျောက်ရေးအတွက် ၂၀၂၀ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ အောက်ဖော်ပြပါရည်ရွယ်ချက် ၄ ရပ်ကိုလည်း လက်တွေ့ကျကျ အကောင်အထည်ဖော်သွားရန်လိုအပ်ပါသည်-

(က) လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။

(ခ) လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။

(ဂ) လူကုန်ကူးခံရသူများအားစာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။

(ဃ) လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေး အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြင့်တင်ရန်။

အထူးသဖြင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးအတွက် အမျိုးသမီးများနှင့် ကလေးငယ်များအပါအဝင် ထိခိုက်လွယ်အုပ်စုများ ပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့် လူကုန်ကူးမှုတားဆီးရေးလုပ်ငန်းများ၊ ကယ်တင်ရေးနှင့် ကူညီရေးလုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဟန်ချက်ညီညီ ဆောင်ရွက်သွားရန် လိုအပ်ပါသည်။ အရေးကြီးဆုံးအချက်မှာ လူကုန်ကူးခံရသူများသည် စိတ်ဓာတ်ပိုင်းဆိုင်ရာ ထိခိုက်ခံစားနေရသူများဖြစ်သောကြောင့် လူ့အသိုက်အဝန်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ၎င်းတို့၏ အသံကို အလေးထား နားထောင်သွားသင့်ပါသည်။

မည်သို့ပင်ဆိုစေ မြန်မာနိုင်ငံတွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေကို ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး နှစ်စဉ် စက်တင်ဘာလ ၁၃ ရက်ကို မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့သည်။ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် ပထမဆုံးလုပ်ငန်းသည် ပြည့်တန်ဆာလုပ်ငန်းများကို တားမြစ်သွားရေးပင်ဖြစ်သည်။ လူကုန်ကူးမှုသည် တစ်ကမ္ဘာလုံးကို ခြိမ်းခြောက်လျက်ရှိသောကြောင့် အစိုးရများနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများသည် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်သည်။ လူကုန်ကူးမှု ဖြစ်ပွားရခြင်းအကြောင်းတရားများကို ကျိုးကြောင်းဆီလျော်စွာ စီမံဆောင်ရွက်သွားမည်ဆိုလျှင် လူကုန်ကူးမှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချနိုင်မည်ဖြစ်သည်။ မည်သို့ဆိုစေ လူကုန်ကူးမှုသည် နေ့ချင်းညချင်း တိုက်ဖျက်နိုင်မည် မဟုတ်သောကြောင့် **တားဆီး၊ ကယ်တင်၊ ကူညီရေး လုပ်ငန်းများအပြင် လူကုန်ကူးခံရသူများ၏ အသံကိုလည်း အလေးထား နားထောင်ပေး** သွားကြပါစို့ဟု တိုက်တွန်းအကြံပြုသွားလိုပါသည်။ ။

# ရန်ကုန်မြို့ပတ်ရထားပေါ်၌ ရထားရဲတပ်ဖွဲ့ဝင်များအား လုပ်ကြံသတ်ဖြတ်မှုတွင်စီစဉ်ပါဝင်ခဲ့သူ မမြတ်ဖြိုးပွင့်၏ဝန်ခံပြောကြားချက်

**၂၀၂၁ ခုနှစ်၊ ဩဂုတ်လ ၁၄ရက်နေ့တွင် မီးရထားရဲတပ်ဖွဲ့မှ လုံခြုံရေးရဲတပ်ဖွဲ့ဝင် ခြောက်ဦးသည် လက်နက်/ခဲယမ်းများနှင့်အတူ အင်းစိန်-ရန်ကုန်-အင်းစိန်-လှော်ကား-အင်းစိန်မြို့ပတ်ရထားတွင် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိရာ ၎င်းတို့အား အလုံဘူတာနှင့် ပန်းလှိုင်အကြားတွင် အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ငါး ဦးကျဆုံးခဲ့ပြီး တစ် ဦး ဒဏ်ရာရရှိကာ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏လက်နက်လေးလက်နှင့်ခဲယမ်းအချို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားသည့်ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ အဆိုပါ လုပ်ကြံသတ်ဖြတ်မှုတွင် စီစဉ်ပါဝင်ခဲ့သူ မမြတ်ဖြိုးပွင့်၏ ဝန်ခံပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်-**

ကျွန်မနာမည်က မြတ်ဖြိုးပွင့်(ခေါ်) ဂျိုကာပါ။ မှတ်ပုံတင်နံပါတ်က ၆/ကသန(နိုင်)၀၄၆၂၈၀။ လိပ်စာက တိုက် (2-A) မှန်ခန်း၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်သစ်ရပ်ကွက်၊ သဃ်ာန်းကျွန်းမြို့နယ်ဖြစ်ပါတယ်၊ အလုပ်အကိုင်က ကြက်ကြော်ဆိုင်ဖွင့်ထားပါတယ်။ ဖေဖော်ဝါရီ ၁ ရက်နေ့ တပ်မတော်က အာဏာထိန်းသိမ်းပြီးတဲ့နောက်ပိုင်းမှာ ကျွန်မအနေနဲ့ အင်ဂျင်နီယာသပိတ်စစ်ကြောင်းမှာ တစ်ကြိမ်သွားပြီး ပူးပေါင်းပြီး လျှောက်ဖူးပါတယ်။ ပြီးတော့ ပရဟိတစစ်ကြောင်း၊ အဲဒီပရဟိတစစ်ကြောင်းမှာ တစ်ကြိမ်သွားဖူးတယ်။ ကျွန်းတောလမ်းပေါ်မှာ ပရဟိတနဲ့ ဆက်စပ်ပြီးတော့သိတဲ့ အစ်မ ပိစိနဲ့ ကိုနေလင်းထွန်းကတစ်ဆင့် သိပြီးတော့ သူတို့က ခရီးတစ်ခုသွားဖို့ ရှိတယ်။ ကျောပိုးအိတ်တစ်လုံးစာ အဝတ်အစား နှစ်စုံ၊ သုံးစုံနဲ့ ငွေ နှစ်သိန်းလောက်ပါရင်ရပြီ။ အတူတူလိုက်မယ့်လူ ဘယ်နှဦးရှိလဲမေးတဲ့အချိန်မှာ ဇေယျာဖြိုးနဲ့ ကောင်းပြည့်စုံဦးဆိုတဲ့ သူငယ်ချင်းနှစ်ယောက်နဲ့အတူ ကျွန်မတို့ လိုက်သွားခဲ့ပါတယ်။ စုရပ်အနေနဲ့ Golden Park မှာတစ်ညအိပ်ပြီး နောက်နေ့မနက်မှာ အစ်မ Golden Garlic နဲ့ သူ့တူပါကျဲရယ် ကျွန်မနဲ့ ဇေယျာဖြိုးပါတဲ့ ကားတစ်စီးနဲ့ ထွက်ပြီး ပဲခူးယ်ကုန်းကို သွားပါတယ်။ ပြီးရင် ဟိုဘက်မှာ အတီးလို့ခေါ်တဲ့ အမည်မသိလူတစ်ဦးကလာကြိုတယ်။ ပြီးတော့ ကျွန်မတို့ ခေါ်ဆောင်ရာနောက်ကိုလိုက်ပြီး ချောင်းဘေး နေရာတစ်ခုကိုရောက်သွားပါတယ်။ KNU နယ်မြေလို့တော့ ကျွန်မသိထားပါတယ်။ အဲဒီနေရာကို ရောက်တဲ့အချိန်မှာ သင်တန်းက သုံးရက်ပေးပါတယ်။ သင်တန်းပြီးတော့ ပြန်လို့ရတယ်ဆိုပေမယ့် အောက်မှာနယ်မြေမငြိမ်းချမ်း



လို့ဆိုပြီး မပြန်ရဘဲ လကုန်လောက်မှပဲ ပြန်ခွင့်ရခဲ့ပါတယ်။ ကျွန်မတို့ ဒီ ၅ လ ပိုင်းလောက် ရောက်တဲ့အချိန်မှာ အဖွဲ့ဝင်တွေက အတူတူနေရင်ပိုကောင်းတယ်၊ ကိုယ့်အိမ်မှာကိုယ်နေရင်မလုံခြုံဘူး၊ အဆင်မပြေတာတွေဖြစ်မယ်ဆိုလို့ ကိုနေလင်းထိုက်စီစဉ်ပေးတဲ့ မေတ္တာညွန့်ရပ်ကွက်၊ မာလာနွယ်လမ်းထောင့်က တိုက်နံပါတ် ၇ သုံးလွှာက ၃၀၂ အခန်းမှာ ကျွန်မချစ်သူဖြစ်တဲ့ ဇေယျာဖြိုး(ခေါ်) တရုတ်ရယ်အခြားအဖွဲ့ဝင်တွေနဲ့အတူတူ ကျွန်မတို့ နေခဲ့ပါတယ်။ ကိုနေလင်းထိုက်(ခေါ်) ဗိုလ်လပြည့်ဝန်းက ကျွန်မတို့ရရှိတဲ့အလှူငွေ သိန်း ၁၀၀ကို KNUကလူတွေနဲ့ ချိတ်ဆက်ပြီးတော့ လက်နက်ကိုမှာထားပါတယ်။ အဲဒီမှာထားတဲ့ လက်နက်က အတို နှစ်လက်၊ အရှည် တစ်လက်ရပါတယ်။ အဲဒီလက်နက်တွေကို ၄၉ မိုင်မှာ ကိုနေလင်းထိုက်ရယ်၊ ပူးချယ်ရယ်၊ ကျွန်မရယ် သုံးယောက်သွား သယ်ပါတယ်။ သယ်လာပြီးတော့ လက်နက်တွေကို ဘုရားကြီးဘက်က မီးပွိုင့်မှာ ထားခဲ့ပြီး မိနစ် ၂၀ လောက် အကြာမှာ သူတို့ ပြန်ရောက်လာပါတယ်။ ရန်ကုန်ထဲကိုတော့ မပါလာပါဘူး။ တစ်လတစ်ကြိမ်လောက်တော့ အဖွဲ့ဝင်တွေ မျက်နှာစုံညီတွေ့တာမျိုးတော့ လုပ်ပါတယ်။ ရထားကိစ္စနဲ့ ပတ်သက်ပြီး ၆ လပိုင်းမှာ ကျွန်မတို့တွေ့တဲ့အချိန်မှာ ကိုနေလင်းထိုက်က အဆိုတင်သွင်းလာတယ်။ သူ့အနေနဲ့ အကွက်အကွင်း ကောင်းတဲ့နေရာလေး တစ်ခုတွေ့ထားတယ်။ မြို့ပတ်ရထားပေါ်မှာရဲ အစောင့် သုံးလေးယောက် လောက်ပါတယ်၊ အဲဒါကို ညီတို့ညီမတို့ ဘယ်လိုသဘောရလဲ ဆိုပြီးမေးပါတယ်။ အခြားလူတွေက ကိုဇော်ဂျီက မြေပြင် operation လုပ်ရင် သူက ဦးဆောင်တဲ့လူဖြစ်တယ်လို့ပြောတဲ့အတွက် ကိုဇော်ဂျီက ဟုတ်ပြီအစ်ကို အဲဒါဆိုရင်တော့ ကျွန်တော်တို့ လေ့လာထားလိုက်မယ်ဆိုပြီး ပထမအကြိမ်က အဲဒီလောက်နဲ့ အဆုံးသတ်ပါတယ်။

ဒုတိယအကြိမ် ကျွန်မတို့ အစည်းအဝေးလုပ်တဲ့နေ့မှာ ရထားသွားတဲ့လမ်းကြောင်းတွေရယ်၊ ဘူတာစဉ်တွေနဲ့ ရထားအဝင်အထွက် အချိန်တွေကို သိခဲ့ရပါတယ်။ ရထားစီး ပြီး စောင့်ကြည့်တဲ့ scout အဖွဲ့ကို ကျွန်မတို့က တစ်ဦးကို တစ်နေ့ တစ်သောင်းနှုန်းနဲ့ စရိတ်ပေးပါတယ်။ ရထားရဲတွေကို လုပ်ကြံတဲ့နေ့မှာ ကျွန်မ ပိုင်တဲ့ Honda Civic ကားကို ပိုးဥ မောင်းပါတယ်။ ညနေပိုင်းလောက်မှာ Mizzima က သတင်းကိုဖတ်လိုက်ရပါတယ်။ တစ်ဆက်တည်း ကျွန်မတို့ group မှာmission အောင်မြင်ကြောင်း ပြောတာကို ကျွန်မဖတ်လိုက်ရပါတယ်။ ရထားရဲလေးဦး သေဆုံးတယ်၊ နှစ်ဦး ဒဏ်ရာရတယ်၊ သေနတ် လေးလက်လုယူခဲ့လိုက်ရတယ်ဆိုပြီး သိလိုက်ရတယ်။ အဲဒီအတွက် ကျွန်မတို့အဖွဲ့က ပိုးဥဆီကို ကိုဂျိုးဆိုတဲ့လူက ချီးမြှင့်ငွေ ငါးသိန်း Kpay ကနေ လွှဲတယ်ဆိုတာကို group ထဲမှာပြောတာကို သိရပါတယ်။ အဲဒီနေ့ပြီးတော့ မြောက်ဒဂုံက Golden Park မှာ အောင်ပွဲခံတဲ့အနေနဲ့ စားကြသောက်ကြတယ်။ အဲဒါကိုလည်း ကျွန်မပြန်သိရပါတယ်။ ရထားရဲတွေကို သတ်ပြီး ယူလာတဲ့ သေနတ်လေးလက်ကို နောက်ရက်မှာ စိတ်ချရအောင်ဆိုပြီး NLD လွှတ်တော်ကိုယ်စားလှယ်ဟောင်း ဖြိုးဇေယျာသော်တို့ဆီကို ပေးလိုက်ပါတယ်။ သူတို့ကတစ်ဆင့် တိုက်ချွတ်ဆေးကြောပေးထားပါတယ်။ ၃၁ ရက်နေ့မှာ သူတို့ဆီကနေတစ်ဆင့် ကိုနန်းနွယ်က ယူလာပြီး ကျွန်မအိမ်မှာ ကျွန်မက လက်ခံပြီး သိမ်းထားပေးတာပါ။ ကျွန်မတို့အဖွဲ့ရဲ့ ငွေသုံးစွဲမှုက ကိုနေလင်းထိုက်ကတစ်ဆင့် ရလာတဲ့ အလှူငွေတွေကို ကျွန်မနဲ့ မပိစိက ထိန်းသိမ်းပါတယ်။ သုံးစွဲမှုအနေနဲ့ ဒီအဖွဲ့ဝင်တွေရဲ့ နေထိုင်စားသောက်မှု စရိတ်တွေကို ကိုနေလင်းထိုက်ရဲ့ ညွှန်ကြားမှု၊ စီမံခန့်ခွဲမှုအတိုင်း သုံးစွဲပါတယ်။ ပြီးတော့ ငွေစာရင်းရှင်းတမ်းကို ၄ လပိုင်းကစပြီး ၆လပိုင်းအကုန်အထိကို ရရှိငွေက ၂၄၁ သိန်းကျော်နဲ့ အမေရိကန်ဒေါ်လာ ၆၀၀ ရှိပါတယ်။ အသုံးပြုပြီးတဲ့ ငွေက ၃၅ သိန်းကျော်ရှိပြီး လက်ကျန်ငွေ အနေနဲ့က မြန်မာငွေသိန်း ၂၀၀ ကျော်နဲ့ အမေရိကန်ဒေါ်လာ ၆၀၀ ကျန်ပါတယ်။

ဖောက်ခွဲရေး နဲ့ပတ်သက်ပြီး ၅ လပိုင်းမှာ ကျွန်မ ကားမောင်းပို့ပြီး ကိုရှမ်းလေးနဲ့ ပိုးဥတို့က ပန်းဆိုးတန်းမှာရှိတဲ့ အခွန်ရုံးမှာ သွားပြီး ဖုန်းနဲ့ ခွဲတဲ့မိုင်းတွေ သွားပြီး ထောင်ဖူးပါတယ်။ ပြီးတော့ ကျည်ဆန်ယူတဲ့နေရာမှာ ကိုနေလင်းထိုက်က တစ်ဆင့်ရတဲ့ အချိတ်အဆက်နဲ့ ကျွန်မနဲ့ တရုတ် နှစ်ယောက်က ရန်ကင်းနဲ့ ဘောက်ထော်ကြားလမ်းတစ်ခုမှာ ၉ မမ ကျည် ၃၀၀ ကျော်ကို သွားပြီး သယ်ဆောင်ဖူးပါတယ်။ ရထားရဲတွေ အသတ်ခံရတဲ့ ဖြစ်စဉ်ပြီးတဲ့နောက်ပိုင်း ကိုနေလင်းထိုက်က ကားဆရာတွေနဲ့အတူ လွတ်မြောက်နယ်မြေရောက်သွားပါတယ်။ ရောက်သွားပြီးတဲ့အချိန်မှာ သူက အင်တာဗျူးတစ်ခုတော့ ဖြေမယ်လို့ပြောတယ်။ အဲဒီလိုပြောတော့ ကျွန်မတို့က ဒီအတိုင်းပဲနေလိုက်ပါတယ်။ နောက်ပြီးတော့မှ Myanmar Now ကနေပြီး အင်တာဗျူးပို့စ်တက်လာပါတယ်။ အဲဒီ အင်တာဗျူးပို့စ်ကြောင့် ကျွန်မတို့အခုလို ရဲတပ်ဖွဲ့ဝင်တွေရဲ့စုံစမ်းခြင်းကိုခံရပြီး ဖမ်းဆီးခံရတယ်လို့ ထင်ပါတယ်။ အဲဒီ အင်တာဗျူးကြောင့်ပဲ ကျွန်မတို့အဖွဲ့ အထဲမှာလည်း ကိုနေလင်းထိုက်နဲ့ အဆင်မပြေတာတွေ ဖြစ်လာပါတယ်။ ပြီးတော့ အဲဒီပို့စ်ကို ဖျက်ဖို့ ကျွန်မတို့ ကြိုးစားကြတယ်။ အဲဒါကမပျက်တဲ့အပြင် နောက်ရက်မှာပဲ Myanmar Now နဲ့ ကိုနေလင်းထိုက်ကပဲ အလှူခံပို့စ်နဲ့ တွဲပြီး ထပ်တင်တယ်လို့ ယူဆပါတယ်။ လက်ရှိမှာ Myanmar Now မှာပါလာတဲ့ သတင်းကြောင့် ကျွန်မတို့က ဖမ်းဆီးထိန်းသိမ်းခံရတယ်။ ဒုတိယ အလှူခံ ပို့စ်တင်ပြီးတော့ အလှူခံငွေတွေရခဲ့မယ်ဆိုရင် Myanmar Now နဲ့ကိုနေလင်းထိုက်က လက်ခံပြီး သူတို့ အသုံးပြုမယ်လို့ ကျွန်မ ထင်ပါတယ်။ အဓိကကတော့ အဲ့ဒီသတင်းကြောင့် ကျွန်မတို့ အခုလို အဖမ်းခံရတာပါ။ ဒီရဲတပ်ဖွဲ့ဝင်တွေဆီက ယူထားတဲ့ သေနတ် လေးလက်ကလည်း ကျွန်မ အဖမ်းမခံရခင် နှစ်ရက်အလိုကမှ NLD လွှတ်တော် ကိုယ်စားလှယ်ဟောင်း ဖြိုးဇေယျာသော်ဆီကနေ ကျွန်မလက်ထဲကို ရောက်တာပါ။ ဒီရထားရဲတွေကို အသတ်ခံရတဲ့ဖြစ်စဉ်ပြီးတဲ့နောက်ပိုင်းမှာ ကျွန်မ ဓာတ်ပုံတွေမြင်ရတယ်၊ သွေးတွေကိုမြင်ရတယ်။ ကျွန်မအနေနဲ့ သူတို့ကိုသနားမိတယ်၊ ကျွန်မရဲ့ဖြစ်တည်မှုကို ကျွန်မက အဓိပ္ပာယ်မရှိဘူးလို့ခံစားရတဲ့ အတွက်ကြောင့် အဖွဲ့ကနေထွက်ချင်တယ်။ အဲဒီအတွက် ကျွန်မအဖွဲ့က ထွက်တော့မှာဆိုပြီး ကောင်းပြည့်စုံ(ခေါ်) ကောင်းပြည့်ကို ပြောမိပါတယ်။ ထွက်ရင်သတ်ပစ်မှာဆိုပြီး သူက ပြန်ပြောပါတယ်။

# မင်းဘူးမြို့သို့ အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများ ရောက်ရှိ

**မင်းဘူး စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ အောက်ဆီဂျင် အရေးပေါ်လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် မင်းဘူးမြို့ ဖြဟ္မစိုရ်လူမှုကူညီရေးအသင်း ရုံးဝင်းအတွင်း၌ တည်ဆောက်နေသော အောက်ဆီဂျင်စက်ရုံအတွက် အောက်ဆီဂျင်စက်နှင့် ဆက်စပ်ပစ္စည်းများ စက်တင်ဘာ ၆ ရက်တွင် မင်းဘူးမြို့သို့ ရောက်ရှိလာပြီဖြစ်သည်။

မင်းဘူးမြို့အတွက် အသုံးပြုမည့် အဆိုပါ အောက်ဆီဂျင်စက်ကြီးကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့က ထောက်ပံ့ပေးထားကြောင်း၊ အောက်ဆီဂျင်စက်ရုံ အဆောက်အအုံ၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း၊ ၂၀၀ ကေဗွီအေ ထရန်စဖော်မာနှင့် လျှပ်စစ်မီးသွယ်တန်းရေးတို့အတွက် ဒေသခံအလှူရှင်မိသားစုများက တစ်ဦးချင်း မတည်လှူဒါန်းပေးထားကြောင်း၊ ဒေသတွင်းမှ စေတနာရှင် ပြည်သူများကလည်း လိုအပ်သောနေရာများတွင်သုံးစွဲရန် အလှူငွေများ ထည့်ဝင်လှူဒါန်းပေးလျက်ရှိကြောင်း ဘဏ္ဍာငွေရှာဖွေရေးကော်မတီဥက္ကဋ္ဌ ဦးမျိုးမင်းထံမှ သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်ကြီးမှာ တရုတ်နိုင်ငံထုတ် NZO -30 $Nm^3$ အမျိုးအစားဖြစ်ပြီး မကြာမီရက်ပိုင်းအတွင်း အောက်ဆီဂျင်များ စတင်ထုတ်လုပ်လည်ပတ်နိုင်ရေးအတွက် ခရိုင်/မြို့နယ် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက သွားရောက်ကြည့်ရှုကာ လိုအပ်သည်များ ဆောင်ရွက်နေကြောင်း၊ စက်လည်ပတ်နိုင်ပါက တစ်ရက်လျှင် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး



ခန့်မှန်းအလုံးရေ ၂၀၀ ခန့် ထုတ်လုပ်နိုင်မည်ဖြစ်၍ ဒေသအတွင်းရှိပြည်သူများ၏ အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်တော့မည် ဖြစ်ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# အမေရိကန်တပ်ဖွဲ့ဝင်များ ဆုတ်ခွာသွားပြီးသည့်နောက် အာဖဂန်နစ္စတန်တွင် အကြမ်းဖက်ခြိမ်းခြောက်မှုများ ဖြစ်ပေါ်

ကဘူးလ် စက်တင်ဘာ ၇

**အာဖဂန်နစ္စတန်မှ အမေရိကန်တပ်များ ဆုတ်ခွာပြီး နောက်တစ်ပတ်အကြာတွင် အမေရိကန်ပြည်ထောင်စု နှင့် တာလီဘန်တို့ကြား ဆက်ဆံရေးမှာ သေချာရေရာခြင်း မရှိသေးချေ။**

အမေရိကန်တို့၏ နောက်ဆုံးလေယာဉ်မှာ ဩဂုတ် ၃၀ ရက်တွင် ကဘူးလ်မြို့မှ ထွက်ခွာခဲ့သည်။ အမေရိကန်ပြည်ထောင်စုတွင် ၂၀၀၁ ခုနှစ်က အကြမ်းဖက်တိုက်ခိုက်ခံရပြီး နှစ်ပေါင်း ၂၀ အကြာတွင် အာဖဂန်နစ္စတန်၌ အမေရိကန်တို့၏ စစ်ရေးပါဝင်မှုကို အဆုံးသတ်ခဲ့ခြင်းဖြစ်သည်။

တာလီဘန်တို့သည် အစိုးရသစ်ဖွဲ့ရန် ကြိုးပမ်းလျက်ရှိပြီး အမေရိကန်မှ နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်နှင့် ကာကွယ်ရေးဝန်ကြီး လွိုက်အော်စတင်တို့ကို ကာတာနိုင်ငံသို့စေလွှတ်ခဲ့သည်။ ကာတာနိုင်ငံသည် တာလီဘန်တို့၏ နိုင်ငံရေးရုံးကို လက်ခံပေးထားသည်။ အဆိုပါရုံးတွင် အပြည်ပြည်ဆိုင်ရာမှ အုပ်စုများနှင့် အဆက်အသွယ်ပြုလုပ်မည်ဖြစ်သည်။

အာဖဂန်နစ္စတန်ရှိပြည်သူများမှာ အကြမ်းဖက်တိုက်ခိုက်မှုများနှင့် အခြားသော ခြိမ်းခြောက်မှုများနှင့် ရင်ဆိုင်နေရသည်။ ဩဂုတ် ၂၆ ရက်တွင် အိုင်အက်စ်အုပ်စု၏ အသေခံဗုံးခွဲမှုဟု ယူဆရသော တိုက်ခိုက်မှုကြောင့် လူပေါင်း ၁၀၀ ကျော် သေဆုံးခဲ့ရသည်။ အာဖဂန်နစ္စတန်တွင် အယ်လ်ကိုင်ဒါတို့၏ လှုပ်ရှားမှုများလည်းရှိသည်။ အာဖဂန်နစ္စတန်တွင် အကြမ်းဖက်တိုက်ခိုက်မှုများ အမြစ်ပြတ်ရန် အမေရိကန်က ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဟု အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောသည်။

အမေရိကန် ပြည်ထောင်စုသည် အာဖဂန်မြေပေါ်တွင် တပ်ဖွဲ့ဝင်များ မရှိတော့သည့်အတွက် အသုံးဝင်သည့် သတင်းအချက်အလက်များ စုဆောင်းရန် များစွာ အခက်တွေ့နိုင်မည်ဟု အမေရိကန်တပ်ဖွဲ့မှ အငြိမ်းစား ဒုတိယဗိုလ်ချုပ်ကြီး မိုက်ကယ်နာဂါတာက ပြောသည်။ မြေပြင်တွင် လူသားများထံမှ သတင်းအချက်အလက်စုဆောင်းရန် မြေပြင်တပ်များသာ လုပ်နိုင်ပြီး စက်ရုပ်များ၊ ဒရုန်းများ အသုံးပြု၍ မဖြစ်နိုင်ဟုပြောသည်။

**အင်န်အိတ်ချ်ကေ**



ကဘူးလ်မြို့လမ်းမထက်တွင် တာလီဘန်များ ကင်းလှည့်နေစဉ်။

# ယူဂန္ဒာနိုင်ငံ၌ ကိုဗစ်– ၁၉ ကာကွယ်ဆေးများလက်ခံရရှိ

**ကမ်ပါလာ စက်တင်ဘာ ၇**

ယူဂန္ဒာနိုင်ငံသည် စက်တင်ဘာ ၆ ရက်တွင် ကိုဗက်အစီအစဉ် မှတစ်ဆင့် မော်ဒါနာကာကွယ်ဆေး ၆၄၇၀၈၀ လက်ခံရရှိခဲ့သည်။ အဆိုပါ ကာကွယ်ဆေးများဖြင့် ကိုဗစ် – ၁၉ ကာကွယ်ဆေး ထိုးနှံပေးမှုကို တိုးချဲ့လုပ်ကိုင်နိုင်သည်။ ကာကွယ်ဆေးများကို အမေရိကန် ပြည်ထောင်စုထံမှ လက်ခံရရှိခဲ့ခြင်း ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီး ရှယ်အဆန့်က တွစ်တာပေါ်တွင် ဖော်ပြခဲ့သည်။

ယခု လက်ခံရရှိခဲ့သည့် မော်ဒါနာ ကာကွယ်ဆေးများကို ကာကွယ်ဆေးတစ်ကြိမ်မှ မထိုးရသေးသည့် ဦးစားပေးအသက်အုပ်စုများကို ထိုးနှံပေးမည်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးက ပြောသည်။ ယူဂန္ဒာနိုင်ငံသည် ဖိုက်ဇာကိုဗစ် – ၁၉ ကာကွယ်ဆေး ၁ ဒသမ ၆ သန်းကို ယခုလကုန်ပိုင်းတွင် လက်ခံရရှိမည်ဟု ၎င်းက ဆက်လက်ပြောကြားသည်။



ယူဂန္ဒာနိုင်ငံတွင် ကိုဗက်အစီအစဉ်မှတစ်ဆင့် ပေးပို့လိုက်သည့် ကာကွယ်ဆေးများ လက်ခံရရှိစဉ်။

လက်ရှိတွင် ပြုလုပ်နေသည့် ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးနှံပေးမှုအရ လူဦးရေတစ်သန်းကို အနည်းဆုံးတစ်ကြိမ် ကာကွယ်ဆေးထိုးပေးပြီး လူပေါင်း ၄၃၁၆၅၅ ဦးကို နှစ်ကြိမ် ကာကွယ်ဆေး ထိုးပေးပြီးဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

အရှေ့အာဖရိက နိုင်ငံယူဂန္ဒာတွင် လူဦးရေ ၂၂ သန်း သို့မဟုတ် လူဦးရေ၏ ထက်ဝက်နီးပါးကို ကာကွယ်ဆေးထိုးပေးရန် ရည်မှန်းထားသည်။ **ဆင်ဟွာ**

# အပူပိုင်းမုန်တိုင်းအတွက် ကြံ့ကြံ့ခံနိုင်ရန် ဖိလစ်ပိုင်နိုင်ငံပြင်ဆင်

**မနီလာ စက်တင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံတွင် အပူပိုင်းမုန်တိုင်း ကွန်ဆင်ကို ကြံ့ကြံ့ခံနိုင်ရန် ပြင်ဆင်လျက်ရှိပြီး စက်တင်ဘာ ၆ ရက်တွင် အမျိုးသားမိုးလေဝသဌာနက သတိပေးချက်ထုတ်ပြန်ခဲ့သည်။

အပူပိုင်းမုန်တိုင်းကြောင့် လာမည့် ၂၄ နာရီအတွင်း ဖိလစ်ပိုင်နိုင်ငံအလယ်ပိုင်းနှင့် ဘီကိုးလ်ကျွန်းဆွယ်တွင် လေပြင်းများ တိုက်ခတ်ပြီး မိုးသည်းထန်စွာ ရွာသွန်းနိုင်ကြောင်း စက်တင်ဘာ ၆ ရက်တွင် အမျိုးသားမိုးလေဝသဌာနက သတိပေးချက် ထုတ်ပြန်ခဲ့သည်။

ဒေသစံတော်ချိန် ညနေလေးနာရီမှ စတင်ကာ ဂီဝမ်မြို့အရှေ့ဘက် ၈၅ ကီလိုမီတာအကွာမှ မုန်တိုင်းဝင်ရောက်မည်ဟု ဖိလစ်ပိုင်လေထု၊ ဘူမိဗေဒနှင့် နက္ခတဗေဒဝန်ဆောင်မှု စီမံခန့်ခွဲမှုအဖွဲ့က ပြောသည်။ မုန်တိုင်းသွားရာ လမ်းကြောင်းရှိ နေရာများတွင်လည်း သတိပေးချက် ထုတ်ပြန်ထားသည်။

**ဆင်ဟွာ**

## ဂျော်ဒန်နိုင်ငံမှပေးပို့သည့် ဆေးဘက်ဆိုင်ရာ အကူအညီများ လက်ဘနွန်တပ်ဖွဲ့လက်ခံရရှိ

**ဘေရွတ် စက်တင်ဘာ ၇**

လက်ဘနွန်တပ်ဖွဲ့သည် ဂျော်ဒန်နိုင်ငံမှ ပေးပို့လိုက်သည့် ဆေးဘက်ဆိုင်ရာပစ္စည်း ၁၁ တန်ကို စက်တင်ဘာ ၆ ရက်တွင် လက်ခံရရှိခဲ့သည်ဟု လက်ဘနွန်တပ်ဖွဲ့က ပြောသည်။ အဆိုပါ ဆေးပစ္စည်းများမှာ ဘေရွတ်လေဆိပ်သို့ ရောက်ရှိလာခဲ့ပြီး လက်ဘနွန်နိုင်ငံဆိုင်ရာ ဂျော်ဒန်သံအမတ်ကြီးလည်း လေဆိပ်သို့လာရောက်ခဲ့သည်။ ပြီးခဲ့သည့် နှစ်ပတ်တာကာလအတွင်း ဂျော်ဒန်နိုင်ငံမှ ဆေးဘက်ဆိုင်ရာ အထောက်အကူပစ္စည်းများ စတုတ္ထအကြိမ်မြောက် လှူဒါန်းခြင်းပင်ဖြစ်သည်။ လက်ဘနွန်တပ်ဖွဲ့သည် နိုင်ငံအတွင်းဘဏ္ဍာရေး အကျပ်အတည်းကြောင့် အစားအသောက်နှင့် ဆေးဝါးပစ္စည်းများတွင် အခက်တွေ့လျက်ရှိသည်။ **ဆင်ဟွာ**

# အစ္စရေးက စင်ကာပူနှင့် ဟန်ဂေရီနိုင်ငံများသို့ ခရီးသွားလာမှု သတိပေး

**ဂျေရုဆလင် စက်တင်ဘာ ၇**

အစ္စရေးကျန်းမာရေးဝန်ကြီးဌာနသည် စင်ကာပူနှင့် ဟန်ဂေရီနိုင်ငံနှင့် ပတ်သက်၍ ခရီးသွားလာခွင့် သတိပေးချက်ကို စက်တင်ဘာ ၆ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါနှစ်နိုင်ငံစလုံးတွင် ကိုဗစ် – ၁၉ ကူးစက်မှုများပြားနေသည့်အတွက် ယခုလို ခရီးသွားလာမှု သတိပေးချက်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ စင်ကာပူနှင့် ဟန်ဂေရီ နှစ်နိုင်ငံစလုံးတွင် ခရီးသွားလာမှု သတိပေးချက်ထုတ်ပြန်မှုမှာ စက်တင်ဘာ ၁၄ ရက်တွင် စတင်သက်ရောက်မည်ဖြစ်သည်ဟု ကျန်းမာရေးဝန်ကြီးဌာနက ပြောသည်။

ထို့ပြင် ဆိုက်ပရပ်စ်၊ ဥရုဂွေး၊ ဩစတြီးယားနိုင်ငံတို့ထံ အစ္စရေးနိုင်ငံသားများ ခရီးသွားလာခွင့် သတိပေးချက်ကိုလည်း ယင်းနေ့တွင်ပင် ဖယ်ရှားပေးခဲ့သည်။ အစ္စရေးနိုင်ငံသည် ဘရာဇီး၊ ဘူလ်ဂေရီးယား၊ မက္ကဆီကိုနှင့် တူရကီနိုင်ငံတို့အပေါ်တွင်လည်း ယခင်ကတည်းက ခရီးသွားလာမှုသတိပေးချက် ထုတ်ပြန်ထားရာ ယခုအချိန်အထိ မပြောင်းလဲသေးချေ။ အဆိုပါ နိုင်ငံများမှပြန်လာသည့် အစ္စရေးနိုင်ငံသားများသည် နေအိမ်၌ အသွားအလာကန့်သတ်မှုခုနစ်ရက်နေရမည်ဖြစ်ပြီး ကာကွယ်ဆေးထိုးပြီးသူများနှင့် ရောဂါကူးစက်ပြီး ပြန်ကောင်းလာသည့် လူများပါ အဆိုပါကန့်သတ်ချက်များတွင် ပါဝင်သည်။ **ဆင်ဟွာ**


အစ္စရေးနိုင်ငံ ဘန်ဂူရီယန်လေဆိပ်တွင် ခရီးသွားများကို တွေ့ရစဉ်။



ထိုင်းနိုင်ငံ ဘန်ကောက်မြို့တွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် လူများစောင့်ဆိုင်းနေစဉ်။

# ထိုင်းနိုင်ငံ၌ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှု အနိမ့်ဆုံးကျဆင်း

**ဘန်ကောက် စက်တင်ဘာ ၇**

ထိုင်းနိုင်ငံတွင် နေ့စဉ် ကိုဗစ်-၁၉ ကူးစက်မှုသည် ဇူလိုင် ၂၂ ရက်မှစကာ အနိမ့်ဆုံးသို့ ကျဆင်းလာပြီး ၁၃၈၂၁ ဦးအထိသာ ထပ်မံကူးစက်ဖြစ်ပွားခဲ့သည်။ သို့သော်လည်း ကိုဗစ်-၁၉ ကူးစက်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ၂၄၁ ဦးအထိ ရှိလာခဲ့ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာက စက်တင်ဘာ ၇ ရက်က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။

ကိုဗစ်-၁၉ထပ်မံကူးစက်သူများအနက် ၆၀၀၀ ကျော်နှင့် သေဆုံးသူထက်ဝက်ခန့်မှာ ဘန်ကောက်နှင့် အနီးဝန်းကျင် ပြည်နယ်ငါးခုမှဖြစ်သည်။

ကိုဗစ်-၁၉ စတင်ကူးစက်ခဲ့သည့် လွန်ခဲ့သောနှစ်မှစကာ ယခုအချိန်အထိ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၁၃၀၈၃၄၃ ဦးရှိပြီး သေဆုံးသူ ၁၃၂၈၃ ဦးအထိ ရှိလာခဲ့သည်။ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်း ၃၆ ဒသမ ၆ သန်း ကျော်လွန်လာပြီဖြစ်သည်။

ထိုင်းနိုင်ငံသည် ယခုနှစ်မကုန်မီ ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၂၄ သန်းကို ဝယ်ယူမည်ဖြစ်ကြောင်း သိရသည်။

ဆင်ဟွာ

## အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၇၂၀၁ ဦးရှိလာပြီး ၆၈၃ ဦး ထပ်မံသေဆုံး

**ဂျကာတာ စက်တင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံတွင် စက်တင်ဘာ ၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၇၂၀၁ ဦးရှိလာမှုနှင့်အတူ နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၄၁၄၀၆၃၄ ဦးအထိ ရှိလာခဲ့သည်။

ထို့အတူ ကိုဗစ်-၁၉ ကြောင့် ၆၈၃ ဦး ထပ်မံသေဆုံးမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၃၇၁၅၆ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။

စက်တင်ဘာ ၇ ရက်အထိ လူပေါင်းအနည်းဆုံး ၃၉ ဒသမ ၁၆ သန်း ကိုဗစ်- ၁၉ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပြီးပြီဖြစ်ကြောင်း၊ ကိုဗစ်- ၁၉ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူပေါင်း ၆၈ ဒသမ ၂၀ သန်းရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ကြေညာလိုက်သည်။

အင်ဒိုနီးရှားအစိုးရသည် အမျိုးသားကာကွယ်ဆေးထိုး လိုအပ်ချက်ကို ပြည့်မီရန် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ပိုမိုရရှိနိုင်ရေး ဆက်လက်ကြိုးစားဆောင်ရွက်လျက်ရှိသည်။ အစိုးရသည် ပြည်သူ ၂၀၈ ဒသမ ၂၆ သန်းကို ကာကွယ်ဆေးထိုးပေးနိုင်ရန် ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိသည်။ ဆင်ဟွာ

## ဗီယက်နမ်နိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၅၅၀၉၉၆ ဦးရှိလာ

**ဟနွိုင်း စက်တင်ဘာ ၇**

ဗီယက်နမ်နိုင်ငံတွင် စက်တင်ဘာ ၇ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက်သူ ၁၄၂၀၈ ဦး ရှိလာကြောင်း ဖော်ပြခဲ့ပြီး ပြည်ပကူးစက်သူ ၁၅ ဦးနှင့် ပြည်တွင်းကူးစက်သူ ၁၄၁၉၃ ဦး ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။

ကိုဗစ်-၁၉ ထပ်မံကူးစက်မှုနှင့်အတူ နိုင်ငံတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၅၅၀၉၉၆ ဦး အထိရှိလာပြီး ၁၃၇၀၁ ဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆက်လက်သတင်းထုတ်ပြန်ဖော်ပြခဲ့သည်။

ကိုဗစ်-၁၉ အစုလိုက်ကူးစက်မှုအများစုမှာ တောင်ပိုင်းဒေသများမှဖြစ်ကာ ကိုဗစ်-၁၉ ကူးစက်ရာ ဗဟိုချက်နေရာဖြစ်သည့် ဟိုချီမင်းမြို့မှ ၇၃၁၀၊ အနီးနားရှိ ဘင်ဒေါင်းပြည်နယ်မှ ၃၉၆၆ ဦးနှင့် ဒွန်နိုင်းပြည်နယ်မှ ၉၄၅ ဦးတို့ ဖြစ်ကြသည်။

ကိုဗစ်-၁၉ ကူးစက်မှုမှ ပြန်လည် ကျန်းမာလာသူ ၃၁၁၇၁၀ ရှိလာပြီး နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးသူပေါင်းမှာလည်း ၂၂ ဒသမ ၆ သန်းကျော်လွန်လာပြီဖြစ်သည်။

ဆင်ဟွာ

## ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၈၀၁၂ ဦးတိုးလာပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်သူ ၂၁၂၃၀၈ ဦးအထိ ရှိလာ

**မနီလာ စက်တင်ဘာ ၇**

ဖိလစ်ပိုင်နိုင်ငံတွင် စက်တင်ဘာ ၇ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက်သူ ၁၈၀၁၂ ဦး တိုးလာပြီးနောက် နိုင်ငံအတွင်း ကိုဗစ်-၁၉ ကူးစက်သူပေါင်း ၂၁၂၃၀၈ ဦး အထိ ရှိလာခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာန (ဒီအိုအိတ်ချ်)က သတင်းထုတ်ပြန်ဖော်ပြလိုက်သည်။



ဖိလစ်ပိုင်နိုင်ငံ မြို့တော်မနီလာတွင် သက်ကြီးရွယ်အိုတစ်ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးနေစဉ်။

အရှေ့တောင်အာရှ နိုင်ငံတစ်နိုင်ငံဖြစ်သော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် နောက်ထပ် ၁၆၁ ဦး ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၃၄၄၉၈ ဦး အထိ ရှိလာခဲ့ကြောင်းနှင့် ဓာတ်ခွဲခန်း ၁၂ ခုက သတင်းအချက်အလက်များပေးပို့ရန် ပျက်ကွက်ခဲ့ကြောင်း ဒီအိုအိတ်ချ်က ဖော်ပြသည်။

ဖိလစ်ပိုင်နိုင်ငံဆိုင်ရာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် ရာဘင်ဒရာ အဘီရာဆင်ဟီက ကိုဗစ်-၁၉ အစုလိုက် ကူးစက်မှုများနှင့် တခြားကူးစက်မှုဆိုင်ရာ မူရင်းဇာစ်မြစ်ကို ခြေရာခံနိုင်ရန် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးမှုများကို တိုးမြှင့်လုပ်ဆောင်ရန် အစိုးရကို တိုက်တွန်းပြောကြားထားသည်။

ကိုဗစ်-၁၉ ကူးစက်သူများနှင့် အနီးကပ် ထိတွေ့သူများကိုသာ စမ်းသပ် စစ်ဆေးခြင်းသည် စမ်းသပ်စစ်ဆေးခြင်း လုပ်ငန်း၌ အကုန်အကျခံ မြှုပ်နှံထားသော ရင်းနှီးမြှုပ်နှံမှုအတွက် အကျိုးကျေးဇူး အပြည့်အဝပေးလိမ့်မည် မဟုတ်ကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

လူဦးရေသန်း ၁၁၀ ရှိသော ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ စမ်းသပ်စစ်ဆေးပြီးသူပေါင်း ၁၈ သန်းကျော် ရှိလာပြီဖြစ်သည်။

ဆင်ဟွာ

## မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၈၅၄၇ ဦး တိုးလာပြီး ၃၁၁ ဦး ထပ်မံသေဆုံး

**ကွာလာလမ်ပူ စက်တင်ဘာ ၇**

မလေးရှားနိုင်ငံတွင် စက်တင်ဘာ ၇ ရက်က ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၁၈၅၄၇ ဦးတိုးလာကြောင်း အတည်ပြုဖော်ပြပြီး စုစုပေါင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၈၈၀၇၃၄ ဦးအထိ ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ဖော်ပြလိုက်သည်။

ကျန်းမာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် နော်ဟီရှန်အဗ္ဗဒူလာက ကိုဗစ်-၁၉ ကူးစက်သူ ၁၈ ဦးမှာ ပြည်ပကူးစက်မှုဖြစ်ပြီး ၁၈၅၂၉ ဦးမှာ ပြည်တွင်းကူးစက်မှုဖြစ်ကြောင်း ပြောကြားသည်။ နောက်ထပ် ၃၁၁ ဦး ကိုဗစ်- ၁၉ ကြောင့် ထပ်မံသေဆုံးကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၈၈၀၂ ဦး ရှိလာခဲ့ပြီဖြစ်သည်။

မလေးရှားနိုင်ငံသည် တနင်္လာနေ့တစ်နေ့တည်း ကိုဗစ်-၁၉ ကာကွယ်ဆေးတစ်ခါထိုးပမာဏ ၃၁၃၇၅၁ ခန့်ကို ထိုးပေးခဲ့သည်။ လူဦးရေ၏ ၆၃ ဒသမ ၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အနည်းဆုံးတစ်ကြိမ်ထိုးနှံမှု ခံယူပြီးပြီဖြစ်ကာ ၄၉ ဒသမ ၃ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး အပြည့်အဝထိုးနှံပြီးပြီဖြစ်ကြောင်း သိရသည်။ ဆင်ဟွာ

## အာဖရိကတွင် ကိုဗစ်-၁၉ အတည်ပြုလူနာပေါင်း ၇ ဒသမ ၉၂ သန်းရှိလာ

**အဒစ္စအဘာဘာ စက်တင်ဘာ၇**

အာဖရိကတွင် စက်တင်ဘာ ၇ ရက် မွန်းလွဲပိုင်းအထိ ကိုဗစ်-၁၉ အတည်ပြုလူနာ ၇၉၂၆၉၉၉ ဦး ရှိလာခဲ့ကြောင်း အာဖရိက ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာန (အာဖရိကစီဒီစီ) က ပြောသည်။

စီဒီစီက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကြောင့် သေဆုံးသူပေါင်းမှာ ၂၀၀၀၄၅ ဦး ရှိလာပြီဖြစ်ကြောင်းနှင့် ၇၁၃၀၀၃၉ ဦးမှာ ကိုဗစ်-၁၉ ကင်းစင်သွားပြီဖြစ်ကြောင်း သိရသည်။

တောင်အာဖရိက၊ မော်ရိုကို၊ တူနီးရှား၊ အီသီယိုပီးယားနိုင်ငံတို့သည် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုအများဆုံး နိုင်ငံများဖြစ်ကြောင်း အာဖရိကရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးဌာနက ပြောသည်။

တောင်အာဖရိကသည် ကိုဗစ်-၁၉ ကူးစက်မှုအများဆုံးဖြစ်ပြီး အာဖရိကမြောက်ပိုင်းနှင့် အရှေ့ပိုင်းတို့သည် ဒုတိယကူးစက်မှုအများဆုံးဖြစ်သည်။ အာဖရိကအလယ်ပိုင်းသည် ကိုဗစ်- ၁၉ ကူးစက်မှု အနည်းဆုံးဖြစ်ကြောင်း စီဒီစီ၏ ထုတ်ပြန်ချက်အရ သိရသည်။ ဆင်ဟွာ

## အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ကူးစက်သူ ၃၃ သန်းကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၇**

အိန္ဒိယနိုင်ငံတွင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ထပ်မံကူးစက်သူ ၃၁၂၂၂ ဦး ရှိလာသောကြောင့် စက်တင်ဘာ ၇ ရက်က ကိုဗစ်-၁၉ ကူးစက်သူ ၃၃၀၅၈၈၄၃ ဦးအထိ ရှိလာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်လိုက်သော အချက်အလက်များတွင် ဖော်ပြထားသည်။

ကိုဗစ်-၁၉ ကြောင့် ထပ်မံသေဆုံးသူ ၂၉၀ ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၄၄၁၀၄၂ ဦးအထိ ရှိလာခဲ့သည်။ ကိုဗစ်-၁၉ ကူးစက်မှုနှင့် သေဆုံးမှုအများဆုံးမှာ အိန္ဒိယနိုင်ငံတောင်ပိုင်း ကီရာလာပြည်နယ်ဖြစ်သည်။

နိုင်ငံအတွင်း လတ်တလောကိုဗစ်-၁၉ ကူးစက်လျက်ရှိသူ ၃၉၂၈၆၄ ဦးအထိရှိလာသည်။ ကိုဗစ်-၁၉ ကင်းစင်သွားသူပေါင်း ၃၂၂၄၉၃၇ ဦး ရှိလာပြီဖြစ်သည်။ ဆင်ဟွာ

# မြို့ပြရဲ့လူနေစရိတ်စက ကြီးမားလာ၍ ကျေးလက်ကို အခြေချလာကြတဲ့ လက်ဘနွန်ပညာတတ်အချို့

ထွန်းကျော်

**အသက် ၄၀ ဝန်းကျင်ရှိ ဟက်ဆန်ရှီဟာဒါဟာ လက်ဘနွန်အရှေ့တောင်ပိုင်း အယ်လ်မာဂျီဒီယာ့မြို့မှာရှိတဲ့ သူ့ရဲ့ကိုယ်ပိုင် ဥယျာဉ်က သစ်တော်သီးတွေ ခူးဖို့ တုတ်တံရှည်တစ်ချောင်းကို ကိုင်ထားပါတယ်။ တိုင်းပြည်ရဲ့ ငွေကြေးအကျပ်အတည်းကြောင့် စီးပွားစီမံခန့်ခွဲမှုပညာနဲ့ ဘွဲ့ရထားတဲ့ ရှီဟာဒါဟာ နာမည်ကျော်ကြားတဲ့ မြို့တော်ဘေရွတ်ရဲ့ ဘဏ်တစ်ခုကနေ အလုပ်ပြုတ်ခဲ့ပြီးနောက်မှာ သူ့ရဲ့မြို့ကိုပြန်လာခဲ့ရပါတယ်။ အဲဒီနောက်မှာတော့ သူဟာ တောင်ယာထဲမှာ အလုပ်လုပ်နေရတာဖြစ်ပါတယ်။**

### ပိုပြီးခက်ခဲလာ

မီးခဏခဏ အကြာကြီးပျက်တာတွေ၊ ရေပြတ်တောက်တာတွေ၊ လောင်စာဆီပြတ်တောက်တာတွေနဲ့ လူနေစရိတ်မြင့်မားလာတဲ့အတွက် ဘေရွတ်မှာ နေထိုင်ကျင်လည်ရတဲ့ ဘဝဟာ ပိုပိုပြီး ခက်ခဲလာပါတယ်လို့ သူကပြောပါတယ်။

ဒီလို အခြေအနေတွေကြောင့် သဘာဝအရင်းအမြစ်တွေနဲ့ ပြည့်စုံကြွယ်ဝတဲ့ကျေးလက်ဒေသကိုရွှေ့ပြောင်းတာကလွဲပြီး တခြားရွေးချယ်စရာမရှိခဲ့ပါဘူးလို့ ရှီဟာဒါက ပြောပါတယ်။



လက်ဘနွန်နိုင်ငံရဲ့ စိုက်ပျိုးရေးလုပ်ငန်းတစ်ခုကို တွေ့ရစဉ်။

- **လက်ဘနွန်ဟာ သမိုင်းမှာ အဆိုးဆုံး စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်နေရပါတယ်။ အခြေခံ လူသုံးကုန်စည်တွေကို တင်သွင်းဖို့ဖယ်ထားတဲ့ အမေရိကန်ငွေကြေး ပြတ်တောက်ခြင်းက လက်ဘနွန်ငွေကြေးဖြစ်တဲ့ ပေါင်တန်ဖိုးကို ပြိုလဲစေပါတယ်။ ထို့အတူ နှစ်စဉ်ငွေကြေးဖောင်းပွခြင်းကလည်း ၈၅ ရာခိုင်နှုန်းနီးပါး မြင့်တက်လာပါတယ်**
- **ဒါ့အပြင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်းနဲ့ ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲခြင်းက ထောင်ချီတဲ့ နိုင်ငံသားတွေကို အလုပ်လက်မဲ့ဖြစ်စေပါတယ်။ အလုပ်လက်မဲ့ဖြစ်မှုဟာ ၄၀ ရာခိုင်နှုန်းအထိ ရောက်ရှိလာတယ်လို့ လက်ဘနွန်အလုပ်သမားဝန်ကြီးဌာနက ဖော်ပြထားပါတယ်**

### ရိုးရှင်းပါတယ်

သူ့လိုပဲ ဘေရွတ်ရဲ့ ကြီးမြင့်တဲ့ကုန်ဈေးနှုန်းရိုက်ခတ်မှုက ထွက်ပြေးလွတ်မြောက်လာတဲ့ နောက်တစ်ဦးကတော့ မိသားစုကိုးဦးရှိတဲ့ အသက် ၆၀ အရွယ် ဂျမေးလ်ဟမ်ဒန်ပဲဖြစ်ပါတယ်။ သူဟာ သူ့မိသားစုဝင်တွေနဲ့အတူ အရှေ့တောင်ပိုင်းကျေးရွာဖြစ်တဲ့ ရှီဘားကို ပြန်လာခဲ့တာပါ။

တောမှာနေရတဲ့ဘဝက ရိုးရှင်းပါတယ်။ ပြီးတော့လည်း လူတွေဟာတစ်ဦးနဲ့တစ်ဦး ညီရင်းအစ်ကိုပမာ ရင်းနှီးကျွမ်းဝင်ကြပါတယ်။ ဒါကြောင့်မို့ တစ်ဦးအခက်အခဲဖြစ်နေတဲ့အချိန်မှာ တခြားတစ်ဦးက ဖေးမကူညီပေးကြပါတယ်။ လိုတဲ့အခါမှာ ပိုက်ဆံချေးလို့ရပါတယ်။ ကျွန်တော်ကတော့ လယ်ယာစိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ဖို့ စီစဉ်ထားပါတယ်လို့ ဟမ်ဒန်က ပြောလိုက်ပါတယ်။

ကျွန်တော်တို့တွေဟာ ကျွန်တော်တို့ရဲ့ထုတ်ကုန်တွေကို စားသောက်နိုင်ပါတယ်။ ဓာတ်ငွေ့မီးဖိုအတွက် ပိုက်ဆံပေးရမယ့်အစား ထင်းလောင်စာမီးဖိုကို အသုံးပြုနိုင်ပါတယ်လို့ သူက ပြောပါတယ်။

### မွန်းကျပ်တဲ့လူနေမှုဘဝက ရုန်းထွက်

နောက်တစ်ယောက်ကတော့ အိမ်ရှင်မတစ်ဦးဖြစ်တဲ့ ဟာနန်အက်ဘ်ဒိုပဲဖြစ်ပါတယ်။ သူလည်း သူ့မိသားစုနဲ့အတူ ဘေရွတ်ရဲ့ မွန်းကျပ်တဲ့ လူနေမှုဘဝကနေ ရုန်းထွက်လာပြီး တောင်ပိုင်းကျေးရွာဖြစ်တဲ့ ခန်ကို ပြန်လာခဲ့တာဖြစ်ပါတယ်။ အဲဒီမှာ အက်ဘ်ဒိုဟာ ပြောင်းတွေ၊ ဂျုံတွေ၊ ရုံးပတီသီးတွေ၊ ခရမ်းသီးတွေ စတဲ့အသီးအနှံအစားအသောက် ရောင်းချတဲ့ အလုပ်ကို ဆောင်းတွင်းတစ်တွင်းလုံး လုပ်ကိုင်သွားမှာ ဖြစ်ပါတယ်။

လက်ဘနွန်ဟာ သမိုင်းမှာ အဆိုးဆုံး စီးပွားရေးအကျပ်အတည်းကို ရင်ဆိုင်နေရပါတယ်။ အခြေခံ လူသုံးကုန်စည်တွေကို တင်သွင်းဖို့ ဖယ်ထားတဲ့ အမေရိကန်ငွေကြေး ပြတ်တောက်ခြင်းက လက်ဘနွန်ငွေကြေးဖြစ်တဲ့ ပေါင်တန်ဖိုးကို ပြိုလဲစေပါတယ်။ ထို့အတူ နှစ်စဉ်ငွေကြေးဖောင်းပွခြင်းကလည်း ၈၅ ရာခိုင်နှုန်းနီးပါး မြင့်တက်လာပါတယ်။

### ကျေးလက်ကို ရွှေ့ပြောင်းလာတဲ့လူဦးရေ ဆက်လက်မြင့်တက်

ဒါ့အပြင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားခြင်းနဲ့ ဘေရွတ်ဆိပ်ကမ်းပေါက်ကွဲခြင်းက ထောင်ချီတဲ့ နိုင်ငံသားတွေကို အလုပ်လက်မဲ့ဖြစ်စေပါတယ်။ အလုပ်လက်မဲ့ဖြစ်မှုဟာ ၄၀ ရာခိုင်နှုန်းအထိ ရောက်ရှိလာတယ်လို့ လက်ဘနွန်အလုပ်သမားဝန်ကြီးဌာနက ဖော်ပြထားပါတယ်။

ဘေရွတ်အခြေစိုက် သုတေသနနဲ့ အကြံပေးအဖွဲ့ဖြစ်တဲ့ အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက် အဖွဲ့ကတော့ စီးပွားရေးအကျပ်အတည်းတွေ ပိုမိုဆိုးလာပြီး အလုပ်လက်မဲ့တွေ များလာတာနဲ့ ကျေးလက်ဒေသကို ရွှေ့ပြောင်းလာတဲ့ လူဦးရေဟာ ဆက်လက်မြင့်တက်လာဦးမယ်လို့ ဖော်ပြထားပါတယ်။

### ကျေးလက်မှာနေရတာ ဈေးပိုသက်သာ

နိုင်ငံသားတွေရဲ့ ဝယ်ယူသုံးစွဲနိုင်အားတွေ လျော့နည်းလာပြီး မြို့တွေရဲ့ လူနေစရိတ်တွေ ကြီးမြင့်လာပါတယ်။ မြို့မှာနေခဲ့တဲ့ လူဦးရေ ငါးရာခိုင်နှုန်းကနေ ခုနစ်ရာခိုင်နှုန်းအထိ အခုအခါမှာတော့ ကျေးလက်ဒေသတွေမှာ နေထိုင်နေကြပါပြီ။ ကျေးလက်ဒေသမှာနေတဲ့ လူဦးရေဟာ လက်ဘနွန်လူဦးရေရဲ့ ၂၅ ရာခိုင်နှုန်းလောက်ရှိလာပါပြီလို့ အပြည်ပြည်ဆိုင်ရာ သတင်းအချက်အလက်အဖွဲ့က ဖော်ပြလိုက်ပါတယ်။

ကျေးလက်ဒေသမှာ နေတာက မြို့မှာနေတာထက် ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းအထိ ဈေးသက်သာပါတယ်လို့ စီးပွားရေး ကျွမ်းကျင်သူတစ်ဦးဖြစ်တဲ့ ဆူဟာတ်အယ်လ်ခါတစ်က ပြောပါတယ်။

### အနာဂတ်မှာ ပိုဆိုးလာမယ်

ဒီဖြစ်စဉ်ဟာ အနာဂတ်မှာ ပိုဆိုးလာမယ်လို့ အယ်လ်ခါတစ်က ပြောပါတယ်။

လူမှုရေးဝန်ကြီးဌာနရဲ့ မီဒီယာအကြံပေးဖြစ်သူ ဟိုင်ဒါအာစလန်က အစိုးရအနေနဲ့ ဆင်းရဲတဲ့မိသားစုဝင် ၇၅၀၀၀၀ အတွက် ကြိုတင်ငွေပေးချေတဲ့ အစီအစဉ်ကို စတင်စီစဉ်ပေးလိုက်ပြီး အလုပ်လက်မဲ့နှုန်းမြင့်တက်လာပြီး အဆိုးဘက် ရိုက်ခတ်လာတာကို ဖြေရှင်းဖို့ ကြိုးစားနေတယ်လို့ပြောပါတယ်။

### ဘက်စုံထောင့်စုံအဖြေလိုအပ်

ဘယ်လိုပဲပြောပြော ဖြစ်ပေါ်လာတဲ့ အခြေအနေတွေအားလုံးကို ပိုမိုကောင်းမွန်အောင်ဖြေရှင်းပေးနိုင်ဖို့ ဘက်ပေါင်းစုံ၊ ရှုထောင့်ပေါင်းစုံက စဉ်းစားထားတဲ့ အဖြေ တစ်ခုရရှိဖို့ စီးပွားရေးကျွမ်းကျင်သူတွေက တိုက်တွန်းထားပါတယ်။ အဲဒီလိုအဖြေတစ်ခုရရှိဖို့ဆိုရင် ဖွဲ့စည်းတည်ဆောက်မှုအပိုင်းကို ပြုပြင်နိုင်ပြီး အဆောက်အအုံ ယန္တရားကြီးတစ်ခုလုံးကို ကောင်းစွာလည်ပတ်နိုင်တဲ့ အစိုးရ အသစ်တစ်ရပ် လိုအပ်သလို လိုအပ်နေတဲ့ အခြေခံ အဆောက်အအုံတွေကို အကောင်အထည်ဖော်နိုင်ဖို့ နိုင်ငံတကာရဲ့အကူအညီကို လမ်းဖွင့်ပေးဖို့ လိုအပ်ပါတယ်။ အဲဒီလိုမှသာ အလုပ်အကိုင်သစ်တွေ ဖန်တီးပေးနိုင်ပြီး ကြောက်စရာကောင်းလောက်အောင် ၇၄ ရာခိုင်နှုန်းလောက်ထိမြင့်တက်နေတဲ့ ဆင်းရဲနွမ်းပါးမှုကို လျှော့ချနိုင်မှာ ဖြစ်ပါတယ်။ ။

ကိုးကား - ဆင်ဟွာ

# ကိုဗစ်– ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၄၃၁ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၉၇ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၆၀၈၂ ဦးရှိ

(၇–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် –

- တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့သွားရောက်ရန်ရှိပါက ပါးစပ်နှင့်နှာခေါင်းစည်း(Mask)ကို မဖြစ်မနေစနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၆–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၇–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၂၅,၁၁၅)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲ အတည်ပြုလူနာသစ် (၂,၄၃၁)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၈၃၁,၃၃၆)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၂၀,၄၀၂) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၄၆၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၆၈,၀၆၆)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၉၇) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၀၈၂) ဦး ရှိပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**
**(၇–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန ဓာတ်ခွဲခန်းများ | (၆၁၀)ခု | (၁၂၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpertစက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၂၈)ခု | (၂)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၆၄၃)ခု | (၂၅)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၇၇)ခု | (၄၅)ဦး |
| ပြင်ဦးလွင်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံ(ခုတင် ၇၀၀) | (၂၆)ခု | – |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၀၅)ခု | (၁၄)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၃၁)ခု | (၂)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၄၂၂)ခု | (၇)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၄၂)ခု | (၂၆၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၁,၉၃၁)ခု | (၁,၉၄၉)ဦး |
| စုစုပေါင်း | (၂၅,၁၁၅)ခု | (၂,၄၃၁)ဦး |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၇-၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၀၈၇၀၃၃၀ | ၃၁၃၃၇၀၄၇ | ၆၆၆၆၂၄ |
| ၂။ | အိန္ဒိယ | ၃၃၀၉၂၈၉၂ | ၃၂၂၅၃၈၅၇ | ၄၄၁၄၀၁ |
| ၃။ | ဘရာဇီး | ၂၀၈၉၉၃၃ | ၁၉၈၉၄၆၆၀ | ၅၈၃၈၆၆ |
| ၄။ | ရုရှား | ၇၀၄၇၈၈၀ | ၆၃၀၂၂၅၀ | ၁၈၈၇၈၅ |
| ၅။ | ဗြိတိန် | ၇၀၁၈၉၂၇ | ၅၆၃၆၈၁၃ | ၁၃၃၂၇၄ |
| ၆။ | ပြင်သစ် | ၆၈၃၉၄၉၄ | ၆၃၈၉၉၇၁ | ၁၁၅၀၀၇ |
| ၇။ | တူရကီ | ၆၅၁၉၀၁၆ | ၅၉၅၉၉၉၂ | ၅၈၃၇၇ |
| ၈။ | အာဂျင်တီးနား | ၅၂၀၇၆၉၅ | ၄၉၀၅၈၄၃ | ၁၁၂၆၇၃ |
| ၉။ | အီရန် | ၅၁၈၄၁၂၄ | ၄၄၂၂၇၄၀ | ၁၁၁၈၉၂ |
| ၁၀။ | ကိုလံဘီယာ | ၄၉၁၉၇၇၃ | ၄၇၅၄၆၅၅ | ၁၂၅၃၃၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၇– ၉ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၄၀၆၃၄ | ၃၈၆၄၈၄၈ | ၁၃၇၁၅၆ |
| ဖိလစ်ပိုင် | ၂၁၂၁၃၀၈ | ၁၉၂၈၁၇၃ | ၃၄၄၉၈ |
| မလေးရှား | ၁၈၈၀၇၃၄ | ၁၆၀၉၉၃၀ | ၁၈၈၀၂ |
| ထိုင်း | ၁၃၀၈၃၄၃ | ၁၁၄၉၅၉၅ | ၁၃၂၈၃ |
| ဗီယက်နမ် | ၅၅၀၉၉၆ | ၃၁၁၇၁၀ | ၁၃၇၀၁ |
| မြန်မာ | ၄၂၀၄၀၂ | ၃၆၈၀၆၆ | ၁၆၀၈၂ |
| ကမ္ဘောဒီးယား | ၉၆၃၃၉ | ၉၁၆၁၈ | ၁၉၈၁ |
| စင်ကာပူ | ၆၉၂၃၃ | ၆၆၆၀၀ | ၅၅ |
| လာအို | ၁၆၀၅၈ | ၅၅၆၈ | ၁၆ |
| ဘရူနိုင်း | ၃၅၆၇ | ၂၀၅၈ | ၁၆ |

# ဟားခါးမြို့၌ အသက်(၆၅)နှစ်နှင့်အထက် ဦးစားပေးအုပ်စုအလိုက် ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးစတင်ထိုးနှံပေး

ဟားခါး စက်တင်ဘာ ၇

**ချင်းပြည်နယ် ဟားခါးမြို့တွင် အသက်(၆၅)နှစ်နှင့်အထက် ဦးစားပေးအုပ်စုအလိုက် ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေး Sinopharm ထိုးနှံပေးခြင်းကို ယနေ့နံနက်ပိုင်းမှစ၍ ဟားခါးမြို့ ခိုင်ကမ်းအားကစားရုံ အထက(၁)ခန်းမနှင့် အထက(၂)ခန်းမတို့တွင် ဆေးထိုးစုရပ် သုံးနေရာခွဲ၍ ထိုးနှံပေးသည်။**



အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေကို ချင်းပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဦးငွန်ဆန်းအောင်၊ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးကျော်ငြိမ်း၊ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစိန်ထွန်းလှနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး(ယာပုံ) ပြည်နယ်ဝန်ကြီးချုပ်က ကာကွယ်ဆေး ထိုးနှံပေးသည့်အဖွဲ့များအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းကို ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီးမှ ကျန်းမာရေးဝန်ထမ်းများ၊ တပ်မတော်အထူးကုဆရာဝန်များ၊ ဆေးမှူးများနှင့် စေတနာ့ဝန်ထမ်းများက ပူးပေါင်းထိုးနှံပေးခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးနှံခြင်းမပြုမီ လက်သန့်ဆေးရည်ဖြင့် လက်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ ဆေးမထိုးရအုပ်စု မှန် မမှန် စိစစ်ခြင်း၊ ကာကွယ်ဆေးထိုးနှံပြီးပါက မိနစ် ၃၀ ကြာ စောင့်ကြပ်ကြည့်ရှုခြင်းများ ဆောင်ရွက်ကြောင်း သိရသည်။

ယနေ့ထိုးနှံသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို ဩဂုတ် ၉ ရက်မှ ၁၁ ရက်အထိ ကာကွယ်ဆေးထိုးနှံခဲ့သည့် အသက်(၆၅)နှစ်နှင့်အထက် ဦးစားပေးအုပ်စုများအား ဒုတိယအကြိမ် ထိုးနှံပေးခြင်းဖြစ်ပြီး ကာကွယ်ဆေးထိုးနှံမှုကို စက်တင်ဘာ ၆ ရက်မှ ၈ ရက်အထိ သတ်မှတ်သည့် ဆေးထိုးစုရပ်များတွင် ထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် စက်တင်ဘာ ၇**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်နှင့်အထက် သက်ကြီး ဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုင်းရင်းသား ပြည်သူများနှင့် အကျဉ်းထောင်များ၌ ပြစ်ဒဏ်ကျခံနေသည့် အကျဉ်းသား၊ အကျဉ်းသူများအား ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနိုင်ရေးအတွက် ဆေးနှင့်ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများကို ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိသည်။

**ကာကွယ်ဆေး ထိုးနှံပေး**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့နယ်နှင့် ကျောက်မဲမြို့နယ်များအတွင်းရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၂၁၅ ဦးတို့ကိုလည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိမြို့နယ်ငါးမြို့နယ်မှ အသက်၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၂၄၆၉ ဦးတို့ကို လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီး များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၁၅၉၁ ဦးတို့ကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်သုံးမြို့နယ်မှ အသက်၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၆၈၅ ဦးတို့ကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၀မှ သံဃာတော်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူစုစုပေါင်း ၇၁၆၇ ဦးတို့ကို လည်းကောင်း၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်အတွင်းရှိ ကယ်ဆယ်ရေးစခန်းများမှ ဘင်္ဂါလီလူမျိုး ၈၇၄ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်မှ သံဃာတော်များ၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တိုက်ပွဲရှောင်ပြည်သူများနှင့် ဒေသခံပြည်သူ စုစုပေါင်း ၅၀၅၉ ဦးတို့ကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ခြောက်မြို့နယ်မှသံဃာတော်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူစုစုပေါင်း ၄၆၆၉ ဦးတို့ကိုလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင်ခုနစ်ခုတို့မှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ အသက်၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြည်သူ စုစုပေါင်း ၈၉၃၂ ဦးတို့ကို လည်းကောင်း တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

**ကြည့်ရှုအားပေး**

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဆေးနှင့်ဆေးပစ္စည်းများ ဈေးနှုန်းမှန်ကန်စွာဖြင့် လက်လီလက်ကား ရောင်းချပေးသည့် အစီအစဉ် တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူဝယ်ယူနိုင်ရေး အရည်အသွေးနှင့် ဈေးနှုန်းမှန်ကန်စွာရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏ စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်း အစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့် ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသောကုမ္ပဏီ၁၂ခုမှအိမ်သုံးဆေးဝါး ၁၆၃ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ကိုးသိန်းကျော်ရှိ ဆေးနှင့် ဆေးပစ္စည်းများ ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈)နေရာ၌လည်း ၁၇ ရက်အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ် ရှစ်သိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားမှု၊ မြန်မာနိုင်ငံ ဆန်စပါးကုန်သည်များအသင်း၏ စီစဉ်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွေ့လျားဈေးကားဖြင့် ဆန်၊ ဆီနှင့် စားသောက်ကုန်များကို ရောင်းချပေးကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



# အကြမ်းဖက်သူများအနေဖြင့် မြို့နယ်အချို့ရှိ ဆက်သွယ်ရေးတာဝါတိုင်များအား ဖျက်ဆီးမှုများပြုလုပ်



မန္တလေးတိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ်၌ ဖုန်းတာဝါတိုင်ဖျက်ဆီးခံရမှုကို တွေ့ရစဉ်။

နေပြည်တော် စက်တင်ဘာ ၇

**နိုင်ငံတော်အတွင်း နေထိုင်ကြသော ပြည်သူလူထုများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်စိတ်တစ်ပိုင်းအဖြစ် အထောက်အကူပြုသည့် ဆက်သွယ်ရေးကွန်ရက် နိုင်ငံတစ်ဝန်းလုံး ဖြန့်ကြက်နိုင်စေရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်စီစဉ်ညွှန်ကြားမှုများဖြင့် ဆက်သွယ်ရေးတာဝါတိုင်များအား အမြို့မြို့အနယ်နယ်တိုင်း၌ တွန်းအားပေးစိုက်ထူ ဆောင်ရွက်ထားရှိခဲ့သည်ကို အေးချမ်းစွာနေထိုင်လိုခြင်းမရှိဘဲ နိုင်ငံရေးအစွန်းရောက် အကြမ်းဖက်သူများက အဆိုပါဆက်သွယ်ရေးတာဝါတိုင်များအနက် အချို့အား မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းများဖြင့် အကြမ်းဖက်မှုလုပ်ရပ်များ လုပ်ဆောင်လျက်ရှိသည်။**

ထိုသို့ ဖျက်ဆီးခြင်းများ ဆောင်ရွက်ရာတွင် စက်တင်ဘာ ၇ ရက် နံနက် ၂ နာရီက မန္တလေး တိုင်းဒေသကြီး ဝမ်းတွင်းမြို့နယ် ဖလံကျင်းကျေးရွာ မိတ္ထီလာ-ပင်းတလဲ ကားလမ်းဘေးရှိ Mytel ဖုန်းတာဝါတိုင်၌ ပေါက်ကွဲမှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ IPS Pruan ဖုန်းလိုင်းလွှင့်စက်နှင့် ZTT Battery Bank ၄၈ ဗို့ ခုနစ်လုံးကို မီးရှို့ဖျက်ဆီးထားသည်ကို တွေ့ရှိရကြောင်း သိရသည်။



မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်၌ ဖုန်းတာဝါတိုင်ဖျက်ဆီးခံရမှုကို တွေ့ရစဉ်။

အလားတူ နံနက် ၂ နာရီခွဲတွင် ဝမ်းတွင်းမြို့နယ် သဲတောကျေးရွာ၏ အနောက်တောင်ဘက် တစ်ဖာလုံခန့်အကွာရှိ Mytel တာဝါတိုင်၌ ပေါက်ကွဲမှု ဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ Mytel တာဝါတိုင်ရှိ DG အမျိုးအစား မီးစက်တစ်လုံးနှင့် ပါဝါကြိုး သုံးမီတာခန့်ကို ဖျက်ဆီးထားသည်ကို တွေ့ရှိရကြောင်း သိရသည်။

အလားတူ နံနက် ၇ နာရီခွဲတွင် ငါးဇွန်မြို့ အမှတ်(၄)ရပ်ကွက်နေ ဦးထွန်းရီ(၅၈ နှစ်) (ဘ)ဦးစိန်ထွန်း၏ နေအိမ်ခြံဝင်းအတွင်း စိုက်ထူထားသော ဖုန်းတာဝါတိုင် အထိုင်စက်ပုံးကို ဖျက်ဆီးခံရကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ နံနက် ၁ နာရီခွဲတွင် အကြမ်းဖက်သူ အမျိုးသား ငါးဦးက ဆက်သွယ်ရေးတာဝါတိုင် အောက်ခြေအထိုင်စက်ပုံးကို ဖျက်ဆီးခဲ့သဖြင့် တာဝါတိုင် အထိုင် စက်ပုံးမှ Mytel/ Ooredoo/Telenor ဆက်သွယ်ရေးလိုင်း သုံးလိုင်း ပျက်စီးခဲ့ကြောင်း သိရသည်။

အထက်ပါ ဖြစ်စဉ်များမှ အကြမ်းဖက်မှု လုပ်ရပ်များကို ကျူးလွန်သူများအား စုံစမ်းဖော်ထုတ်၍ ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး လုံခြုံရေး တပ်ဖွဲ့ဝင်များက ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သဲကုန်းမြို့ ဆင်တဲကုန်းကျေးရွာရှိ ကြက်မွေးမြူရေးခြံဝင်းအတွင်း လက်လုပ်ရီမုမိုင်း စမ်းသပ်ပြုလုပ်စဉ် ပေါက်ကွဲမှုဖြစ်ပြီး တစ်ဦးသေဆုံး၊ နှစ်ဦးဒဏ်ရာရရှိ





**နေပြည်တော် စက်တင်ဘာ ၇**

သဲကုန်းမြို့နယ် ဆင်တဲကုန်းကျေးရွာနေ အုန်းဟန်(၃၇ နှစ်) ပိုင်ဆိုင်သည့် ကြက်မွေးမြူရေးခြံအတွင်း စက်တင်ဘာ ၆ ရက် ည ၈ နာရီခွဲခန့်တွင် ပေါက်ကွဲမှုတစ်ခုဖြစ်ပွားသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ လက်လုပ်ရီမုမိုင်း စမ်းသပ်ပြုလုပ်စဉ် မတော်တဆ ပေါက်ကွဲမှုဖြစ်ပွားသဖြင့် သဲကုန်းမြို့နယ် အုတ်ဆွဲကျေးရွာနေ ရန်ကျော်(၂၄ နှစ်)မှာ နေရာတွင်ပင်သေဆုံးခဲ့ကာ ၎င်းနှင့်အတူ မိုင်းစမ်းသပ်ရာတွင်ပါဝင်သူ ကြက်မွေးမြူရေးခြံပိုင်ရှင် အုန်းဟန်နှင့် လိပ်ပြာသိန်းသောင်းကျေးရွာနေ ဇင်လင်းထက်(၂၄ နှစ်)တို့မှာ ပြင်းထန်ဒဏ်ရာများရရှိခဲ့သည်။

ပေါက်ကွဲသည့်ဝန်းကျင်တွင် လက်လုပ်မိုင်း ငါးလုံး၊ ဒီတိုနေတာ အခု ၃၀၊ ယမ်းကြိုး(အမြန်) ၂၇ မီတာနှင့် ဖောက်ခွဲရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။(အပေါ်ပုံ)

**သတင်းစဉ်**

## ပြည်မြို့ သီရိခေတ္တရာရတနာမြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေစဉ် အကြမ်းဖက်သမား နှစ်ဦးက လက်လုပ်ဗုံးဖြင့် နှောင့်ယှက်တိုက်ခိုက်



မျိုးမင်းထက်



ရန်ပိုင်ဖြိုး



ဟေမာနိုင်

**နေပြည်တော် စက်တင်ဘာ ၇**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ် ဟန့်တားနိုင်ရေးအတွက် ကာကွယ်ဆေးများ ရရှိရေးနှင့် ရောက်ရှိလာသော ကာကွယ်ဆေးများအား ပြည်သူလူထုထံ အမြန်ဆုံးရောက်ရှိထိုးနှံနိုင်ရေး အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိရာ NUG ၊ PDF အကြမ်းဖက်လုပ်ရပ်များနှင့် ၎င်းတို့မှ အခကြေးငွေပေးပြီး ခိုင်းစေခံရသူများက အဆိုပါ ကာကွယ်ဆေး ထိုးနှံနေသူများကို နှောင့်ယှက်တိုက်ခိုက်ခြင်း၊ မိုင်းထောင် ဗုံးခွဲခြင်းများ နေရာအနှံ့ ဆောင်ရွက်လျက်ရှိသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ပြည်မြို့နယ် ရွာဘဲရပ်ကွက်ရှိ သီရိခေတ္တရာ ရတနာမြို့တော်ခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံလျက်ရှိရာ အမျိုးသားနှစ်ဦးမှ ဆိုင်ကယ်တစ်စီးဖြင့် မောင်းနှင်ရောက်ရှိလာပြီး လက်လုပ်ဗုံး နှစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးသွားခဲ့သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် လက်လုပ်ဗုံး ပစ်ပေါက် ထွက်ပြေးသူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်ခဲ့ရာ သတင်းဖော်ထုတ်ချက်အရ လက်လုပ်ဗုံးပြုလုပ်သူ ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက်နေ ဇော်လင်းထက် (၃၀ နှစ်) အား သွားရောက်ဖမ်းဆီးရာ ၎င်းမှ လုံခြုံရေး တပ်ဖွဲ့ဝင်များအား ပြန်လည် တိုက်ခိုက်ခဲ့သဖြင့် တာဝန်သိ ပြည်သူများနှင့်အတူ ဝိုင်းဝန်းဖမ်းဆီးခဲ့ပြီး ဆက်လက်စစ်ဆေးရာ ဖောက်ခွဲဖျက်ဆီးရာတွင် အသုံးပြုသည့် ကန့်မှုန့်၊ ယမ်းမှုန့်များ၊ ဒီတိုနေတာ အခု ၅၀၊ ဘောစေ့ ၆၅ လုံးတို့ကို ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ဖမ်းဆီးရမိတရားခံ ဇော်လင်းထက်၏ ထွက်ဆိုချက်အရ ပြည်မြို့ ကျောင်းကြီးအိုးတန်းရပ်ကွက်နေ မျိုးမင်းထက် ၁၉ နှစ်၊ ရန်ပိုင်ဖြိုး ၁၉ နှစ်၊ ဝေယံကိုကို၊ ပြည့်စုံအောင်တို့နှင့်အတူ လက်လုပ်ဗုံးပြုလုပ်ခဲ့ကြောင်း သိရှိရသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ဖမ်းဆီးခဲ့ရာ မျိုးမင်းထက်နှင့် ရန်ပိုင်ဖြိုးတို့ နှစ်ဦးအား ၎င်းတို့၏ နေအိမ်အသီးသီး၌ လည်းကောင်း၊ ဇော်လင်းထက်၏ ဇနီးဖြစ်သူအား ၎င်း၏နေအိမ်တွင် လက်လုပ်မိုင်းများဖြင့် လည်းကောင်း ထပ်မံဖမ်းဆီးရမိခဲ့ပြီး ထွက်ပြေး လွတ်မြောက်သွားသူ နှစ်ဦးအား အမြန်ဆုံးဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။



လက်လုပ်ဗုံး ပေါက်ကွဲသည့်နေရာ

လက်လုပ်မိုင်း ပေါက်ကွဲမှုကြောင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနေသည့် နေရာရှိ လူနှင့် အဆောက်အအုံ တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်းနှင့် NUG ၊ CRPH နှင့် PDF အကြမ်းဖက်အုပ်စုများအနေဖြင့် ပြည်သူလူထု ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံနေစဉ် နှောင့်ယှက်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဗုံးခွဲခြင်း စုစုပေါင်း ၁၉ ကြိမ်အထိ လူမဆန်စွာ ကျူးလွန်ခဲ့ပြီးဖြစ်သည်။

အဆိုပါ ပြည်သူလူထု၏ အသက်အိုးအိမ်နှင့် ကာကွယ်ဆေးထိုးလုပ်ငန်း ဆောင်ရွက်နေမှုကို ပစ်မှတ်ထား၍ အကြမ်းဖက်ဗုံးဖောက်ခွဲသူများအား ဖမ်းဆီးရမိရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက အပူတပြင်း ရှာဖွေဖော်ထုတ်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း မသင်္ကာဖွယ် အကြမ်းဖက်သမား၏ သတင်းရရှိပါက အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာသို့ သတင်းပေးပို့ကူညီကြပါရန် မေတ္တာရပ်ခံနှိုးဆော်ထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ခေါင်လန်ဖူးသို့ တစ်ထောင့် ခုနစ်ရာ တစ်ဆယ့် နှစ်ရက်



မြန်မာပြည်ရဲ့ မြောက်ဖျား
တောင်တန်းများပေါ်က
ပြည်ထောင်စုသား ညီနောင်ဘွား
သွေးသားရင်းတွေကိုချစ်သည်
. . . . .
တစ်တောင်ပေါ် တစ်တောင်ဆင့်
တောင်အမြင့်ပတ်ခြံရံ
တစ်တောင်ဆုံးတော့ တစ်တောင်တွေ့
လျှိုမြောင်ကွေ့လျက်
အတက်ကြမ်းကြမ်း၊ အဆင်းခက်ခက်
လေးလံခြင်းပခုံးထက်
မောပန်းစွာဖြတ်ကျော်နင်းတက်
တစ်ဆယ့်ရှစ်ရက်ကြာ
ခြေကျင်ခရီးဆက်
အေးစက်ပေမယ့် ချွေးတစ်စက်စက်
နီးလျက်နဲ့ ဝေးရသည်
အိပ်မက်လမ်းအား၊ တွေးဆရည်
. . . . .
ဒီဒေသဟာ
ငါတို့ဒေသ
ဒီမြေကြီးဟာ
ငါတို့မြေကြီး
ဒီရေစီးဟာ
ငါတို့ရဲ့မြစ်
ဒီတောင်တန်းဟာ
ငါတို့တောင်တန်း
မင်းတို့ဟာ ငါတို့
ငါတို့ဟာ မင်းတို့ဖြစ်သည်။
. . . . .
မျှော်လင့်ခြင်း အိပ်မက်တစ်အုပ်
အမိအရဖမ်းဆုပ်
တန်ခိုးရှင်မဟုတ်ပြြား
'နတလ' အား၊ စစ်အင်/ယာများနှင့်
ဌာနေပြည်သူ၊
ပေါင်းစည်းကူ၍
' ၂၄. ၁၂. ၂၀၁၆ '
လမ်းစဖောက်ပြီ။
. . . . .
ရာသီစက်ဝန်း၊ လီလီယွန်း၍
'နွေ' လည်းအန်တု၊ ' မိုး ' သည်းမမှု၊
ဆောင်းနှင်းထုလည်းဖြတ်ခဲ့သည်. . . . ။
ရာသီကာလ၊ ချိန်ခါမလပ်
ကူးလာဖြတ်သန်း၊ အိပ်မက်လမ်းအား
ရောက်စေပြီးဖို့
လျာထားပြည်ကျိုး
ဒေသဖွံ့ဖြိုး၊ မျှော်ကိုးရည်ညွှန်
စေတနာမွန်တို့ ကျေပွန်ကြလေသောအခါ
အိပ်မက်နွံမှ..
' ၃. ၉. ၂၀၂၁ ' တွင်
နိုးထစေခဲ့ပြီ
ရက်ပေါင်း ၁၇၁၂ ရက် ကြာခဲ့သည်။
. . . . .
'မဂွေဇ ' မှ 'ငွါလုံဒမ်း'
' ငွါလုံဒမ်း ' မှ ' ရီဒမ်း '
ခက်ခဲကြမ်းတမ်း
ဤလမ်းပိုင်းအား
ယန္တရားနှင့်၊ မိုင်းအဆင့်ဆင့်ခွဲ
ကျောက်သားကွဲပြို၊ တောင်တွေဖြိုဖျက်
ချောက်လျှိုကျော်နင်း၊ တံတားခင်းလျက်
သွေးစက်ချွေးစက်
ပေးဆက်မနား
စွမ်းအားများကြောင့်
'ဆန်းလွတ်ချက်'
တောင်ကြီးဖဝါးအောက်ရောက်ခဲ့ပြီ
'မေခမြစ်' လှိုင်းကြီးလှေအောက်ရောက်ခဲ့ပြီ
'ခေါင်လန်ဖူး' အဝင်တံခါးပေါက်ခေါက်ခဲ့ပြီ
'ခေါင်လန်ဖူး' သို့ လမ်းပေါက်ပြီ။
. . . . .
ဒီလိုပါပဲ . . . . .
စည်းလုံးခြင်း၊ ညီညွတ်ခြင်း
ပေါင်းစည်းခြင်းတံတိုင်းနဲ့
တိမ်တွေ တောတွေ တောင်တွေ
ပွဲတင်ထပ်အောင်
မင်းတို့ ငါတို့ ပြိုင်တူ ဟစ်ကြွေးလိုက်ရင်
မြန်မာပြည်တစ်နံတစ်လျားမှာ
လှပတဲ့ရာသီတွေ၊
မကြာမီရောက်လာတော့မည်. . . . ။

ဝ ထ က လ သ

ဤကဗျာမမည် စာမပီသော စာစုဖြင့်
ခက်ခဲပင်ပန်းစွာဖောက်လုပ်ခဲ့ရသည့်
၆၅ မိုင် ၄ ဖာလုံ အရှည်ရှိသော
မဂွေဇ – ခေါင်လန်ဖူးလမ်း…
ဖောက်လုပ်ရေးတာဝန်
ထမ်းဆောင်ခဲ့ကြသည့်
နယ်စပ်ရေးရာမှ ' နတလ ' ဝန်ထမ်းများ၊
စစ်အင်ဂျင်နီယာဝန်ထမ်းများ၊
ဒေသခံများ၊
ဦးအားတန်၊ ဦးစိုးကြည်နှင့် ဌာနေ
'ရဝမ်' ပြည်သူ့စစ်အဖွဲ့ဝင်များအား
လေးစားစွာဂုဏ်ပြုအပ်ပါသည်။

## မတူပီမြို့နယ်၌ ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်း စစ်ဆေး

**မတူပီ စက်တင်ဘာ ၇**

ချင်းပြည်နယ် မတူပီမြို့နယ် တန်ကူအုပ်စု အမ်လိုင်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းရန်ပုံငွေကျပ် သိန်း ၁၀၀ ဖြင့် ဆောင်ရွက်သည့် ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့ နံနက်ပိုင်းက မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဟာမနားယောနှင့် တာဝန်ရှိသူများက ကျေးရွာကုန်ထုတ်လမ်း ဖောက်လုပ်ခြင်းလုပ်ငန်း ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်များအား လမ်းရေရှည်အသုံးပြုနိုင်ရေးနှင့် ပြုပြင်ထိန်းသိမ်းရမည့် နည်းလမ်းများကို အကြံပြု ဆွေးနွေးပြောကြားသည်။

အမ်လိုင်း ကျေးရွာကုန်ထုတ်လမ်းဖောက်လုပ်ခြင်း လုပ်ငန်းသည် အရှည် တစ်မိုင်၊ အကျယ် ၁၂ပေ၊ ရေမြောင်းအကျယ် တစ်ပေဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း ရန်ပုံငွေကျပ် သိန်း၁၀၀ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ ကုန်ထုတ်လမ်းသည် ယခုအခါ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်သဖြင့် ကျေးရွာရှိ တောင်သူလယ်သမားများနှင့် အခြား စီးပွားရေးလုပ်ငန်းရှင်များ၏ ကုန်ကြမ်းနှင့် ကုန်ချောများ သယ်ယူပို့ဆောင်ရာတွင် အချိန်တိုအတွင်း အဆင်ပြေလွယ်ကူချောမွေ့စေကာ ကျေးရွာ၏ စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**တေဇာလင်း**

## မောက်မယ်မြို့နယ်၌ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုရေးပင်စင် ထောက်ပံ့ပေးအပ်

**မောက်မယ် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း မောက်မယ်မြို့နယ်အတွင်း အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွားများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လူမှုရေးပင်စင်ထောက်ပံ့ငွေများကို မောက်မယ်မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာအုပ်စုအတွင်းရှိ ဘိုးဘွားများအတွက် ယနေ့ မွန်းလွဲ ၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဇော်က အမှာစကားပြောကြားပြီး လူမှုဝန်ထမ်းဦးစီးဌာန မြို့နယ်လူမှုဝန်ထမ်းရုံးမှ ဦးစီးမှူး ဒေါ်ချိုချိုလွင်က မောက်မယ်မြို့နယ် အတွင်းရှိ ဘိုးဘွားများအား ၂၀၂၀–၂၀၂၁ ဘဏ္ဍာနှစ် တတိယသုံးလပတ် (ဧပြီ ၊ မေ ၊ ဇွန် )လများအတွက် လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်ခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်ပြီး မိမိရပ်ကွက်/ကျေးရွာအုပ်စုအတွင်းရှိ အသက် ၈၅ နှစ်နှင့်အထက် ဘိုးဘွား ၅၈ ဦးအတွက် တစ်ဦးလျှင် ငွေကျပ်သုံးသောင်းနှုန်းဖြင့် ထောက်ပံ့ငွေကျပ် ၁၇၄၀၀၀၀ ကို တာဝန်ရှိသူများက ရပ်ကွက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများမှတစ်ဆင့် ဆက်လက်ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**စိုင်းမျိုးသန့်( မောက်မယ်)**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၈-၉-၂၀၂၂ ဗုဒ္ဓဟူးနေ့

**MRTV HD**

**၀၆:၀၀** မေတ္တသုတ်၊ ရတနသုတ်၊ မောရ္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
**၀၇:၀၀** နံနက်ခင်းသတင်း
**၀၈:၃၅** သုတို့ဒေသ သုတို့ဘဝ
**၀၉:၁၀** စိုက်ပျိုးရေးရာအဖြေရှာ
**၁၀:၀၀** သတင်းထဲကသတင်း
**၁၀:၃၅** ပြည်သူ့နီတိ 'ငါ့သာလျှင်'
**၁၁:၁၅** ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
**၁၃:၃၀** MRTV National News
**၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ '**မြန်မာစာဘာသာရပ်**'
**၁၇:၃၀** MRTV Travelogue
**၁၇:၅၀** ကိုဗစ်-၁၉ ရောဂါတတိယလှိုင်း အမြန်ပြီးဆုံးဖို့ ဆက်လက်ပူးပေါင်း ဆောင်ရွက်ကြပါစို့
**၁၈:၀၀** ပြည်တွင်းသတင်း
**၁၈:၃၀** ဖွံ့ဖြိုးတိုးတက်နေသည့် ခရီးသွားလုပ်ငန်းနှင့်မြန်မာပြည်တောင်ဘက်စွန်း ကော့သောင်းမြို့
**၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**နှလုံးသားငေါ်ဆောင်ရာ**' (အပိုင်း-၆၂)
**၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
**၂၁:၀၀** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
**၂၁:၅၀** နိုင်ငံခြားဇာတ်လမ်းတွဲ '**အိမ်ထောင်ရေးပဉ္စတ်ချက်များ**' (အပိုင်း-၃၅)

**mitv**

**07:01** News
**07:27** Discovering Tribes: Yin Net Tribe - Their Life and Customs
**07:54** Dances of Myanmar: Kayah Traditional Flag Post Festival
**08:01** Myanma Traditional Art, Silversmith
**08:04** Myanmar Tradition of Lotus Flower
**08:25** Myanmar Masterclass "Caricature"
**08:32** Shwe Maw Daw: The Glory Of Bago City
**09:01** Myanmar Traditional Identity (EP- 3) The Sphinx Of Egypt And The Manousiha Of Myanmar
**09:15** MONASTERY (Shwe In-Pin Kyaung)
**09:26** Horse Cart Driver
**09:36** Reflected Glory
**10:01** Secret Recipes by Gourmet Chefs (French)
**10:47** Mobile House

**MRTV NRC**

**ကယား (၀၆:၀၀ မှ ၀၈:၀၀)** ရင်ထဲကရိုးရာ(ဇာတ်လမ်းတို)
**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)** ကရင်ဖြူလူမျိုးအများစုနေထိုင်ရာတောင်ကျွှာလေး
**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)** ကရင်စကားပုံများအကြောင်း(အပိုင်း-၂)
**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)** နည်းမှန်စိုက်ပျိုးဝင်ငွေတိုး(သခွားစိုက်ပျိုးနည်း)
**ချင်း (လိုင်စိုး) (၁၁:၀၀ မှ ၁၂:၀၀)** သံပရာခွံအရန်ဟင်းချက်ပြုတ်နည်း
**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)** လေ့ခွင်းတောင်(အပိုင်း-၁)
**မွန် (၁၃:၀၀ မှ ၁၅:၀၀)** ရာသီအလိုက်မွန်ရိုးရာပွဲတော်များ
**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)** ဝါးတုတ်ချက်နှင့်ဂီကင်းသုပ်
**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)** ရှေးဟောင်းဗိသုကာလက်ရာစုံလင်ရာ ရွှေအင်းတိန်ဘုရား
**ဝ (၁၉:၀၀ မှ ၂၁:၀၀)** သံပရာသီးနှင့်ကျန်းမာရေး
**ကချင် (၂၁:၀၀ မှ ၂၃:၀၀)** ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၇)

**MRTV PARLIAMENT**

**၀၉:၀၀** အဖွင့်၊အလံ
**၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
**၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း(အပိုင်း-၄)
**၁၁:၀၀** ဥပဒေရေးရာအပြာဖြာဇာတ်လမ်းတို '**အကျိုးပျက်ဆီးမှုအကြောင်း သိမှတ်ဖွယ်ရာဥပဒေ**'
**၁၁:၃၀** အတွေးအမြင် (အပိုင်း-၄)

**MRTV SPORTS**

**၀၆:၀၀** အဖွင့်
**၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
**၀၇:၀၀** Sports News
**၀၇:၃၀** Soccer View/ Weekly Sports Info
**၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
**၀၈:၀၀** ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
**၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေနှင့် အစိုးရရုံးပိတ်ရက်များမှအပ နံနက် (၁၀:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၇**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း အမှတ် (၂၂၈) ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံဝင်း ပထမထပ် စုဝေးခန်းမ၌ ကျင်းပသည်။



ယနေ့တွင် တက်ရောက်လာသူ ၂၉ ဦးက သတင်းမီဒီယာကောင်စီဝင်ကိုယ်စားပြုကိုယ်စားလှယ်အတွက် ဆန္ဒမဲပေးကြရာ ၁၁ ဦး ရွေးချယ်ခံရပြီး အဆိုပါ ၁၁ ဦးမှ လေးဦးကို မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်အဖြစ် ရွေးချယ်တင်မြှောက်ကြသည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်၂၃ ဦးရှိပြီး ယနေ့ ရွေးချယ်တင်မြှောက်သောလေးဦးကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ရေးအဖွဲ့ထံ စက်တင်ဘာ ၁၃ ရက်အထိ ကန့်ကွက်စာပို့နိုင်ပြီး လက်ခံရရှိပြီး ၁၅ ရက်အတွင်း ရွေးချယ်တင်မြှောက်ရေးအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ကာ အတည်ပြုပေးမည်ဖြစ်သည်။

စက်တင်ဘာလကုန်ပိုင်းတွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်အသစ် ရွေးချယ်တင်မြှောက်ပွဲကို ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ(၁)၊ ဒုတိယဥက္ကဋ္ဌ(၂)၊ အတွင်းရေးမှူး(၁)၊ အတွင်းရေးမှူး(၂) အပါအဝင် နေရာရှစ်နေရာအတွက် ထပ်မံကျင်းပသွားမည်ဖြစ်ပြီး ယနေ့တွင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင် ရွေးချယ်တင်မြှောက်ပွဲ၌ ဦးနေထွန်းဝင်း (နောင်ရဲဦး)၊ ဦးစိုးမင်း (ရန်ကင်းစိုးမင်း)၊ ဦးရဲရင့်စိုးညွန့်နှင့် ဒေါ်ချိုဇင်(ရွှေဦးလင်း)တို့ ရွေးချယ်ခံရကြောင်း သိရသည်။

**ညိမ်းသူ**
**ဓာတ်ပုံ-ဇော်မင်းလတ်**
**(သတင်းစဉ်)**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၇ - ၉ - ၂၀၂၂

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၀၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၈၀၀၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၆၉၄၁၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၀၈၅/၁၁၀၀ ကျပ် | ၁၁၀၅/၁၁၁၅ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၀၉၀/၁၁၀၅ ကျပ် | ၁၁၂၀/၁၁၃၀ကျပ် |
| အောက်တိန်း ၉၂ | ၁၁၂၀/၁၁၃၅ ကျပ် | ၁၁၆၅/၁၁၈၀ကျပ် |
| အောက်တိန်း ၉၅ | ၁၁၄၅ /၁၁၇၀ ကျပ် | ၁၂၄၅/၁၂၆၅ကျပ် |

(၁၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၇၁၈ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၂၀၃၉ . ၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၂၇၈ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၅၂ . ၆၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၅၆၂ . ၅ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၄၁၃ . ၃၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၂၆၅ . ၉၄ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၂၃ . ၃၉၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၉၀၀ | ၈၈၀၀ | ၃၄၀ | ၃၀၁၆၀၀၀ |
| MTSH | ၃၁၅၀ | ၃၀၅၀ | ၃၃၁၆ | ၁၀၂၅၈၅၅၀ |
| MCB | ၇၉၀၀ | ၇၉၀၀ | ၉ | ၇၁၁၀၀ |
| FPB | ၀ | ၀ | ၀ | ၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂၀ | ၅၄၀၀၀ |
| EFR | ၃၀၀၀ | ၃၀၀၀ | ၃၀ | ၉၀၀၀၀ |
| AHP | ၀ | ၀ | ၀ | ၀ |

ညီညီ - စုစည်းသည်


**မြန်မာ့အလင်း**

**စာတည်းမှူးချုပ်** - အောင်နိုင်ဦး
**ခေတ္တစာတည်းမှူး** - မြင့်စိုး
**သတင်းထောက်မှူး** - ခင်ရတနာ
**စာတည်းများ** - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
**ဘာသာပြန်စာတည်း** - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
**အကြီးတန်းသတင်းထောက်များ** - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
**အငယ်တန်းသတင်းထောက်များ** - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
**ဓာတ်ပုံသတင်းထောက်** - တင်စိုး
**သုတေသန** - အိအိခင်နှင့် အဖွဲ့

**စာပြင်** - အေးအေးမိုးလှိုင်နှင့် အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
**အီးမေးနှင့် အွန်လိုင်း** - သက်လွင်ဦးနှင့် အဖွဲ့
**ထုတ်ဝေခြင်းအမှတ်** - (၀၁၀၉၃)
**ပုံနှိပ်ခြင်းအမှတ်** - (၀၀၈၇၇)



mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၃၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။



MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကိုဗစ်- ၁၉ ကြောင့် မူဆယ်နယ်စပ်၌ ကုန်တင်ယာဉ်အဝင်အထွက်နည်းသွားသဖြင့် ကုန်တင်ကုန်ချလုပ်သားများနှင့် ဈေးသည်များ အခက်ကြုံနေ

**မူဆယ် စက်တင်ဘာ ၇**

တရုတ်- မြန်မာနယ်စပ် မူဆယ်ဒေသတွင် ကိုဗစ်-၁၉ ကြောင့် တရုတ်ဘက်မှ နယ်စပ်ဂိတ်များကို ပိတ်ထားသည့်အတွက် မူဆယ်(၁၀၅)မိုင် ကုန်သွယ်ရေးဇုန်ထဲသို့ ကုန်တင်ယာဉ်များ အဝင်အထွက်နည်းသွားသဖြင့် ကုန်တင်ကုန်ချ အလုပ်သမားများနှင့် ကုန်သွယ်ရေးဇုန်ကို အမှီပြု၍ ဈေးရောင်းသူများ အနေဖြင့် စားဝတ်နေရေး အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရသည်။



ကုန်တင်ယာဉ်အဝင်အထွက်နည်းသဖြင့် ရှင်းလင်းနေသော (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်တစ်နေရာ

ကုန်တင်ကုန်ချ အလုပ်သမားတစ်ဦးက "အရင်တုန်းကတော့ ကုန်တင်ကား အဝင်အထွက်များတဲ့အတွက် လုပ်အားခလည်း တစ်ရက်ကို ငွေကျပ်တစ်သောင်းကျော်ရပြီး အစစအရာရာ အဆင်ပြေပါတယ်။ အခုတော့ တရုတ်ဘက်ကဂိတ်တွေ ပိတ်ထားသလို မြန်မာနိုင်ငံ အတွင်းမှာလည်း အသွားအလာတွေ ကန့်သတ်ထားတော့ ကုန်တင်ကား အဝင်အထွက်နည်းသွားတယ်။ ခရီးသည်တင်ကားတွေလည်း အသွားအလာသိပ်မရှိဘူး။ ဒါကြောင့် အခုဆိုရင် လုပ်အားခက သုံးရက်လောက်နေမှ ငွေကျပ် ၃၀၀၀ ဝန်းကျင်ပဲ ရပါတယ်။ ဒါတောင် ကျန်းမာရေး အသုံးအဆောင်ပစ္စည်းတွေ၊ အောက်ဆီဂျင်အိုးတွေ တရုတ်ဘက်ကလာနေလို့၊ လုပ်အားခနည်းသွားတဲ့ အတွက် အားတဲ့အချိန်လေးမှာ အပြင်မှာရတဲ့ အလုပ်လေး ရှာလုပ်မယ်ဆိုတော့လည်း အဆင်မပြေဘူး။ အခုဆိုရင် အိမ်ခန်းငှားရမ်းခ၊ ရေဖိုး၊ မီးဖိုး ပေးဖို့မပြောနဲ့ မိသားစု စားသောက်ဖို့အတွက်တောင် မနည်းရုန်းကန်နေရတယ်။ တချို့လည်း ကိုယ့်ရွာကိုယ့်ဒေသကို အပြီးပြန်ကုန်ကြပြီ။ ရှေ့ဆက်ပြီး ဘာလုပ်ကိုင်စားရမယ်ဆိုတာတွေးရင်း အိပ်မပျော်တဲ့ရက်တွေလည်း များနေပြီ"ဟု ပြောသည်။

ကိုဗစ်- ၁၉ မဖြစ်မီက မူဆယ်နယ်စပ်ဒေသ(၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ နှစ်နိုင်ငံဘက်မှ ကုန်တင်ယာဉ်များ တစ်ရက်လျှင်အစီးရေ ၇၀၀ ထက်မနည်း ဝင်ရောက်ခဲ့ကာ ထိုအချိန်က ကုန်တင်ကုန်ချအလုပ်သမားများအနေဖြင့် တစ်ရက်လုပ်အားခငွေကျပ်တစ်သောင်းကျော်အထိ ရရှိခဲ့ပြီး ကုန်သွယ်ရေးဇုန်အတွင်း ဈေးရောင်းကြသူ များမှာလည်း ရောင်းဝယ်ရေး ကောင်းကြသည့်အတွက် အဆင်ပြေခဲ့ကြသည်။ ယခုရက်ပိုင်းတွင်မူ ကုန်တင်ကုန်ချလုပ်သားများ အနေဖြင့် အလုပ်မရှိဘဲ တစ်ရက်လျှင် လုပ်အားခငွေကျပ် ၁၅၀၀ ခန့်သာ ရရှိနေသလို ဈေးရောင်းသူများမှာလည်း အရောင်းအဝယ် လုံးဝရပ်နားထားရသည်ဟု သိရသည်။

**သန့်ဇင်(မူဆယ်)**

# ကမာဝက်မြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်မှု ၉၀ ရာခိုင်နှုန်းပြီးစီး

**မုဒုံ စက်တင်ဘာ ၇**

မွန်ပြည်နယ် မုဒုံမြို့နယ် ကမာဝက်မြို့အတွင်းရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးရာတွင် အောက်ဆီဂျင်လိုအပ်ချက်ကို လုံလောက်စွာ ဖြည့်ဆည်းပေးနိုင်ရေးအတွက် ကမာဝက်မြို့ တိုက်နယ်ဆေးရုံအတွင်း၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်လျက်ရှိရာ ၉၀ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံ အဆောက်အအုံသည် ပေ (၂၀x၃၀) ရှိ Steel Structure အဆောက်အအုံအမျိုးအစားဖြစ်ပြီး မုဒုံမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ကြီးကြပ်မှုဖြင့် ကမာဝက်မြို့ ပရဟိတအသင်းအဖွဲ့များ၊ ဒေသခံပြည်သူများနှင့် ရပ်ဝေးရပ် နီးမှ အလှူရှင်များ၏ စုပေါင်းလှူဒါန်းမှုဖြင့် တည်ဆောက်ထားခြင်းဖြစ်သည်။

ယင်းအောက်ဆီဂျင်စက်ရုံတွင် တရုတ်နိုင်ငံထုတ် MN 70–12 (PSA) အမျိုးအစားအောက်ဆီဂျင်စက်ကို တပ်ဆင်သွားမည်ဖြစ်ကာ လုပ်ငန်းအားလုံးပြီးစီးပါက တစ်ရက်လျှင် လီတာ ၄၀ ဆံ့အိုး အလုံးရေ ၁၂ လုံး ထွက်ရှိမည်ဖြစ်ပြီး ကမာဝက်မြို့အတွက် အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**



# ကြာအင်းဆိပ်ကြီးမြို့၌ ကိုဗစ်– ၁၉ ရောဂါပိုး ရှိ မရှိ လိုက်လံစစ်ဆေးပေး

**ကြာအင်းဆိပ်ကြီး စက်တင်ဘာ ၇**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်၌ ကိုဗစ်– ၁၉ ရောဂါကူးစက်မှု လျော့နည်းပပျောက်အောင် ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် ပြည်သူများအား Antigen Test Kit ဖြင့် ရောဂါပိုး ရှိမရှိ လိုက်လံစစ်ဆေးပေးခြင်းကို အရှိန်မြှင့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ် ကိုဗစ်– ၁၉ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းပါဝင်ပြီး စက်တင်ဘာ ၂ ရက်မှစတင်ကာ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စားသောက်ကုန်နှင့် အခြားကုန်ပစ္စည်းများ ရောင်းချသူများ၊ ရပ်ကွက်များမှ ပြည်သူများအား Antigen Test Kit ဖြင့် လိုက်လံစစ်ဆေးပေးနေခြင်း ဖြစ်ကာ အခြားဒေသများမှ မြို့တွင်းသို့ ဝင်ရောက်လာသူများနှင့် မြို့နယ်အတွင်း ကျေးရွာများမှ ပြည်သူများကိုလည်း စစ်ဆေးပေးလျက်ရှိပြီး ရောဂါပိုးတွေ့ရှိပါက ကုသမှုစင်တာသို့ စနစ်တကျ ပို့ဆောင်၍ အသွားအလာ ကန့်သတ်ကာ ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။



**မျိုးမင်းဦး**

# နောင်ချိုမြို့နယ်တွင် ကိုဗစ်- ၁၉ ကာကွယ်ရေးအတွက် ဈေးများကို ယာယီပိတ်ထား

**နောင်ချို စက်တင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း နောင်ချိုမြို့နယ်တွင် ကိုဗစ်–၁၉ ကာကွယ်ရေးအတွက် လူစုလူဝေးဖြစ်စေသော နောင်ချိုမြို့မဈေး၊ ကျေးလက်ဈေးများနှင့် ညဈေးတန်းတို့ကို စက်တင်ဘာ ၂၁ ရက်အထိ တိုးမြှင့်၍ ယာယီပိတ်ထားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

နောင်ချိုမြို့နယ်၌ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နိုင်ရေးအတွက် နောင်ချိုမြို့နယ် စည်ပင်သာယာရေးဌာန၏ ကွပ်ကဲမှုအောက်ရှိ နောင်ချိုမြို့မဈေးကြီး၊ ကျေးလက်ဈေးများဖြစ်သည့် ဘန့်ဘွေးဈေး၊ ဟိုခိုဈေး၊ သုံးဆယ်ဈေး၊ ကံကြီးဈေးနှင့် နောင်ချိုညဈေးတန်းတို့ကို ဇွန် ၂၃ ရက်မှ စတင်ပိတ်ထားခဲ့ရာ လက်ရှိအချိန်တွင် မြို့နယ်အတွင်း ပိုးတွေ့မှုနှုန်း များပြားလျက်ရှိသဖြင့် စက်တင်ဘာ ၂၁ ရက်အထိ ရက်တိုးမြှင့်ကာ ယာယီပိတ်ထားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးဌာနမှ သိရသည်။

**ထွေးငယ်**
**(ပြန်/ဆက်)**

# ဒေးဒရဲမြို့ အောက်ဆီဂျင်စက်ရုံ၌ အောက်ဆီဂျင်များ စတင်စမ်းသပ်ထုတ်လုပ်

**ဒေးဒရဲ စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ အမှတ်(၁)ရပ်ကွက်ရှိအောက်ဆီဂျင်စက်ရုံ၌ အောက်ဆီဂျင် စမ်းသပ်ထုတ်လုပ်နေမှုအခြေအနေများကို ဖျာပုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအေးလွင်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၆ ရက်တွင် လာရောက်ကြည့်ရှုစစ်ဆေးသည်။

ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌအား အောက်ဆီဂျင်စက်ရုံမှ တာဝန်ရှိသူများက စက်တပ်ဆင်ထားရှိမှုအခြေအနေနှင့် အောက်ဆီဂျင်ထုတ်လုပ်မှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လိုအပ်သည်များကို စနစ်တကျ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်ကြရန်နှင့် ကျန်းမာရေးဝန်ကြီးဌာနမှ သတ်မှတ်ထားသော အောက်ဆီဂျင်ထုတ်လုပ်မှုဆိုင်ရာ စံနှုန်းများနှင့်အညီ ထုတ်လုပ်ရန် မှာကြားသည်။

**အေဇာလင်း(ပြန်ဆက်)**





# နေပြည်တော်ကောင်စီဥက္ကဋ္ဌဒေါက်တာမောင်မောင်နိုင် ပျဉ်းမနားမြို့နယ်အတွင်းရှိ အဆင့်မြင့် လယ်ယာမြေဖော်ထုတ်စိုက်ပျိုးနေမှုများနှင့် စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၇**

ပြည်ထောင်စုနယ်မြေ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ပျဉ်းမနားမြို့နယ် ဇီးဖြူပင်ကျေးရွာအုပ်စု ဇီးဖြူပင်ကျေးရွာရှိ အဆင့်မြင့်လယ်ယာမြေ ဖော်ထုတ် စိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်က မိမိတို့ နိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသည့် နိုင်ငံတစ်ခု ဖြစ်သည်နှင့်အညီ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်မှန်းဆောင်ရွက်သည့် နေရာတွင် စိုက်ပျိုးမှုထုတ်ကုန်စွမ်းအား မြင့်မားရေး၊ ထုတ်ကုန်အရည်အသွေး ကောင်းမွန်ရေးနှင့် ထုတ်လုပ်မှုစရိတ် လျှော့ချနိုင်ရေး၊ ကျေးလက်နေ တောင်သူတို့၏ ဝင်ငွေတိုးတက်မြင့်မားရေး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး စသည့်ရည်မှန်းချက်များဖြင့် လယ်ယာကဏ္ဍကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန် ယခင်သမားရိုးကျ လယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရန် လိုအပ်မည်ဖြစ်ပြီး စက်မှုလယ်ယာဖော်ဆောင်သည့်နေရာတွင် စက်ယန္တရားများ တွင်ကျယ်စွာ အသုံးပြုနိုင်ရေးနှင့် လယ်ကွက်များ စနစ်တကျ လယ်ယာမြေသို့ ပြောင်းလဲ ဖော်ထုတ်ခြင်းကဲ့သို့ အခြေခံကျသည့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် အဆင့်မြင့် လယ်ယာမြေ ဖော်ထုတ်စိုက်ပျိုးနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် တောင်သူဦးမြလှိုင်၏ သဘာဝငှက်ပျော (ဖီးကြမ်း) သုံးဧက စိုက်ခင်းတွင် ငှက်ပျောပင်များ အောင်မြင်ဖြစ်ထွန်းနေမှု အခြေအနေ(**အပေါ်ပုံ**)၊ ပျဉ်းမနားမြို့နယ် ကျီးအင်းကျေးရွာရှိ ဟင်းသီးဟင်းရွက် အအေးခန်း စက်ရုံလည်ပတ် ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သတင်းစဉ်**

# ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ပဲခူး စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁၉/၂၀၂၁)ကို ယနေ့ နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာအစည်းအဝေးခန်းမ၌ Online Zoom Meeting System ဖြင့် ကျင်းပသည်။(**အောက်ပုံ**)

**အသိပညာပေးဆောင်ရွက်သွားရန်**

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ၊ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၁)ကြိမ်မြောက် လုပ်ငန်းညှိနှိုင်း အစည်းအဝေး လမ်းညွှန်ချက်များကို ဖတ်ကြားရှင်းလင်းပြီး ပဲခူးတိုင်းဒေသကြီးအတွင်းသို့ ဝင်ရောက်လာသည့် နေရပ်ပြန် မြန်မာနိုင်ငံသားများအား စနစ်တကျ သေချာစစ်ဆေးပြီး ကျန်းမာရေးကူညီစောင့်ရှောက်မှုပေးရန်၊ အသက် ၅၅နှစ်နှင့်အထက် ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးမည်ဖြစ်၍ စာရင်းဇယားများ စနစ်တကျ ကြိုတင်ပြုစုထားရန်နှင့် ကိုဗစ်-၁၉ စည်းကမ်းနှင့်အညီ နေထိုင်သွားလာနိုင်ရေး အသိပညာပေးဆောင်ရွက်သွားရန် ပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးက တိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုနှင့် ကာကွယ်ဆေးထိုးနှံပေးမှုအခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးများက ကိုဗစ်-၁၉ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်နိုင်ရေး အကြံပြုချက်များကိုလည်းကောင်း၊ ခရိုင်/မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ တာဝန်ရှိသူများက မြို့နယ်အလိုက် ဆောင်ရွက်လျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများကိုလည်းကောင်း ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကြောင်း သိရသည်။

**သတင်းစဉ်**



# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ တင်သွင်းနိုင်ရေး ပိတ်ရက်မရှိ ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို အများပြည်သူ ရုံးပိတ်ရက်များတွင် လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေး စခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက်အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဆိပ်ကမ်းများနှင့် မူဆယ်၊ ချင်းရွှေဟော်၊ မြဝတီနှင့် ထီးခီးကုန်သွယ်ရေးစခန်း လေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၂၂ခုမှ ယာဉ်စီးရေ ၃၈စီးဖြင့် အောက်ဆီဂျင်(အရည်) Bowser ယာဉ် သုံးစီးဖြင့် ၅၇တန်၊ အောက်ဆီဂျင် (အရည်) အိုးဖြင့် သုံးတန်၊ အောက်ဆီဂျင် (အိုးခွံ) ၁၉၇၅၇ ခု၊ Oxygen Plant ၁၃ခု၊ Oxygen Generator သုံးခု၊ အိမ်သုံး Oxygen Concentrator ၂၆၆၇ခု၊ PPE ဝတ်စုံ ၆၇၅၀၀၊ လက်အိတ်ခြောက်တန်နှင့်နှာခေါင်းစည်း (Mask) ၈၈ တန်တင်သွင်းခဲ့သည်။ အောက်ဆီဂျင် (အရည်) Bowser ယာဉ် သုံးစီးမှာ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ပဲခူးမြို့တို့သို့ တစ်စီးစီဖြစ်ပြီး Oxygen Plant ၁၃ခုမှာ ရန်ကုန်မြို့သို့ လေးခု၊ မန္တလေးမြို့သို့ ခုနစ်ခု၊ မအူပင်မြို့နှင့် မြောင်းမြမြို့တို့သို့ တစ်ခုစီ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOPများနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်းအများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရန် စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။ **သတင်းစဉ်**





ချင်းရွှေဟော်နှင့် မြဝတီ နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အောက်ဆီဂျင်အရည်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို တင်သွင်းလာစဉ်။

# Google Drive ထဲရှိ ဖိုင်များကို အော့ဖ်လိုင်းသုံးနိုင်သည့် Make Available Offline လုပ်ဆောင်ချက်ကို စတင်အသုံးပြုနိုင်

**ရန်ကုန် စက်တင်ဘာ ၇**

Google Drive ကို အသုံးပြုသူများအနေဖြင့် drive ထဲတွင်ရှိသော ဒေတာများအားလုံးကို အင်တာနက်လိုင်းမလိုဘဲ အော့ဖ်လိုင်းအနေဖြင့် အသုံးပြုနိုင်မည့် Make available offline အမည်ရှိ လုပ်ဆောင်ချက်အသစ်ကို Google က ယခု စက်တင်ဘာလဆန်းပိုင်းက စတင်အသုံးပြုခွင့်ပေးလိုက်ပြီဖြစ်သည်။

အဆိုပါ Make available offline လုပ်ဆောင်ချက်ကို အသုံးပြုရာတွင် မိုဘိုင်းဖုန်းများဖြင့်ဖြစ်စေ၊ ကွန်ပျူတာဖြင့်ဖြစ်စေ အသုံးပြုနိုင်မည်ဖြစ်သော်လည်း စတင်မိတ်ဆက်ထားသည့် လက်ရှိအချိန်တွင် Google Drive အက်ပလီကေးရှင်းဖြင့်သာ အသုံးပြုနိုင်ပြီး ဖုန်း သို့မဟုတ် ကွန်ပျူတာ၏ အင်တာနက်ဘရောက်ဇာများမှဝင်ပါက အသုံးပြုနိုင်ခြင်းမရှိသည်ကို တွေ့ရသည်။

အော့ဖ်လိုင်းသုံးနိုင်ရန်အတွက် ကွန်ပျူတာ သို့မဟုတ် ဖုန်း၏ Google Drive အက်ပလီကေးရှင်းထဲ၌ အော့ဖ်လိုင်းအနေဖြင့် အသုံးပြုလိုသောဖိုင်ကို ရွေးချယ်၍ Make available offline ကို ထပ်ရွေးပေးလိုက်ရုံသာဖြစ်သည်။ ရွေးချယ်ပြီးပါက ဖိုင်ကို ဒေါင်းလုပ်ဆွဲနေမည်ဖြစ်ပြီး ဒေါင်းလုပ်ဆွဲပြီးပါက ထိုဖိုင်ကို အော့ဖ်လိုင်းအနေဖြင့် သုံးနိုင်ပြီဖြစ်သည်။

Make available offline လုပ်ဆောင်ချက်သည် ဖိုင်ကို ဒေါင်းလုပ်ဆွဲခြင်းဖြစ်သော်လည်း ပုံမှန်ဒေါင်းလုပ်ဆွဲခြင်းနှင့် ကွာခြားချက်များရှိသည်။ ပုံမှန်ဒေါင်းလုပ်ဆွဲခြင်းမှာ Google Drive ထဲမှ ဖိုင်ကိုပွား၍ ဒေါင်းလုပ်ဆွဲယူခြင်းဖြစ်ပြီး available offline လုပ်ခြင်းမှာမူ အွန်လိုင်းပေါ်မှ ဖိုင်ကိုပင် အော့ဖ်လိုင်းအနေဖြင့် သုံးခြင်းဖြစ်သည်။ ပုံမှန်ဒေါင်းလုပ်ဆွဲထားသောဖိုင်ကို အခြား အက်ပလီကေးရှင်းများဖြင့် သုံးနိုင်သော်လည်း Available offline လုပ်ထားသောဖိုင်ကို Google Drive ဖြင့်သာ အသုံးပြုနိုင်မည်ဖြစ်သည်။ ပုံမှန်ဒေါင်းလုပ်ဆွဲထားသောဖိုင်ကို ပြုပြင်လျှင် Google Drive ထဲတွင် ပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း Available offline လုပ်ထားသောဖိုင်ကို အော့ဖ်လိုင်းဖြစ်နေချိန်တွင် ပြုပြင်ထားပါက အင်တာနက်လိုင်းရချိန်တွင် အွန်လိုင်းပေါ်ရှိဖိုင်ကိုပါ အလိုအလျောက် ပြောင်းလဲပေးမည်ဖြစ်သည်။ သို့ဖြစ်၍ အွန်လိုင်းပေါ်ရှိ စာဖိုင်တစ်ဖိုင်ကို တည်းဖြတ်လိုပါက ဒေါင်းလုပ်ဆွဲရခြင်း၊ အော့ဖ်လိုင်းတွင် ပြင်ဆင်တည်းဖြတ်ရခြင်း၊ တည်းဖြတ်ပြီးသောဖိုင်ကို အွန်လိုင်းတွင်ပြန်တင်ရခြင်း စသည့် အဆင့်များကို Make available offline အသုံးပြုခြင်းဖြင့် ကျော်လွှားနိုင်မည်ဖြစ်သည်။

Google Drive အနေဖြင့် Drive ၏ online storage ထဲတွင်ရှိသော ဖိုင်များအနက် စာဖိုင် (documents)များကို အော့ဖ်လိုင်းအနေဖြင့် အသုံးပြုနိုင်သည့် လုပ်ဆောင်ချက်ကို ၂၀၁၉ ခုနှစ်ကပင် စမ်းသပ်ဗားရှင်းအနေဖြင့် စတင်အသုံးပြုခွင့်ပေးထားခဲ့ပြီးနောက် ယခု ၂၀၂၁ ခုနှစ် စက်တင်ဘာလဆန်းတွင် စာဖိုင်များသာမက အခြားဖိုင်အမျိုးအစားအားလုံးနှင့် ဖိုလ်ဒါများကိုပါ အော့ဖ်လိုင်းအနေဖြင့် သုံးနိုင်သည့် လုပ်ဆောင်ချက်အသစ်ကို ထပ်မံအသုံးပြုခွင့်ပေးလိုက်ခြင်းဖြစ်သည်။ **ကိုစိုး**

New Product

## Redmi 10 ရဲ့ တန်ဖိုးနည်းဖုန်းအနေနဲ့ ထပ်ထွက်လာမယ့် Redmi 10 Prime

Xiaomi ရဲ့ Redmi 10 Prime ကို နိုင်ငံတကာဈေးကွက်မှာ စက်တင်ဘာ ၃ ရက်က စတင်မိတ်ဆက်ခဲ့ပြီး စက်တင်ဘာ ၇ ရက်မှာ နိုင်ငံအချို့ စတင်ရောင်းချတော့မှာဖြစ်ပါတယ်။ Redmi 10 Prime ဟာ ပြီးခဲ့တဲ့ ဩဂုတ်လအတွင်းကထွက်ခဲ့တဲ့ Redmi 10 ရဲ့ တန်ဖိုးနည်းဖုန်းအနေနဲ့ ထပ်ထွက်လာတာဖြစ်ပါတယ်။ Redmi 10 Prime စမတ်ဖုန်းရဲ့ အဓိကကျတဲ့အချက်တချို့ကို ဖော်ပြလိုက်ပါတယ်။



| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၅ လက်မ |
| မျက်နှာပြင်အမျိုးအစား | LCD, 90Hz |
| Resolution | 1080 x 2400 pixels (Gorilla Glass 3) |
| အန်းဒရွိုက်ဗားရှင်းနဲ့ UI | Android 11, MIUI 12.5 |
| Chipset | MediaTek Helio G88 (12nm) |
| CPU | Octa–core |
| RAM နဲ့ မင်မိုရီ | 4/64, 6/128 |
| ပင်မကင်မရာ | 50, 8, 2, 2 MP (Quad Cam) |
| ဆယ်လ်ဖီကင်မရာ | 8 MP (Single Cam)(Punch Hole) |
| USB | USB Type–C 2.0 |
| ဘက်ထရီ | Li–Po 6000 mAh, |
| အားသွင်းစနစ် | Fast charging 18W, |
| | Reverse charging 9W |

Redmi 10 Prime ဟာ Redmi 10 ထက် ဈေးနှုန်း ပိုသက်သာမှာဖြစ်ပေမယ့် စွမ်းဆောင်ရည်ပိုင်းမှာ ထူးထူးခြားခြား ကွာခြားချက်မရှိတဲ့အပြင် ဘက်ထရီကလည်း 5000 mAh ပါတဲ့ Redmi 10 ထက် ပိုကောင်းပြီး Sim Slot မှာလည်း Dust & splash proof ပါဝင်တာကြောင့် အသုံးပြုသူတွေအတွက်တော့ Redmi 10 ထက်ပိုပြီးတန်မယ့် တန်ဖိုးနည်းဖုန်းမော်ဒယ်သစ်ဖြစ်ပါတယ်။ နိုင်ငံတကာဈေးကွက်မှာ ကြော်ငြာထားတဲ့ဈေးနှုန်းအရ ပြည်တွင်းကိုဝင်လာရင် Redmi 10 Prime 4/64 က ကျပ်သုံးသိန်းနီးပါးနဲ့ 6/128 က ကျပ်သုံးသိန်းခွဲဝန်းကျင် ရှိနိုင်ပါတယ်။ **ကိုစိုး**

Application Review

## အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေရနိုင်မယ့် Hope TeleCare အက်ပလီကေးရှင်း

Hope TeleCare အက်ပလီကေးရှင်းဟာ ကျန်းမာရေးစောင့်ရှောက်မှုလိုအပ်တဲ့ ပြည်သူတွေအနေနဲ့ အွန်လိုင်းကနေ အခမဲ့ ကျန်းမာရေးစောင့်ရှောက်မှုတွေ ရယူနိုင်မယ့် အက်ပလီကေးရှင်းတစ်ခုဖြစ်ပါတယ်။

အက်ပလီကေးရှင်းကို Account မဖွင့်ဘဲ ဝင်ကြည့်ရင် ကိုဗစ်-၁၉ ရောဂါအကြောင်း အပါအဝင် ကျန်းမာရေးဆိုင်ရာ ဆောင်းပါးမျိုးစုံကို ကဏ္ဍအလိုက် ရွေးချယ်ဖတ်ရှုနိုင်မှာဖြစ်ပါတယ်။ Account ဖွင့်ပြီး ဝင်ရောက်ရင်တော့ ကျန်းမာရေးဆိုင်ရာ သိချင်တာတွေကို မနက် ၈ နာရီကနေ ည ၈ နာရီအတွင်း ဆရာဝန်တွေဆီမှာ အခမဲ့ မေးမြန်းနိုင်မှာဖြစ်ပါတယ်။ ဒါ့အပြင် အထူးကုဆရာဝန်ကြီးများနဲ့ အထွေထွေရောဂါကု ဆရာဝန်ကြီးတွေကို ရွေးချယ်ပြီး မိမိတို့ရဲ့ ကျန်းမာရေးပြဿနာတွေနဲ့ပတ်သက်လို့ စာ၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင်တွေနဲ့ ဆွေးနွေးမေးမြန်းပြီး ကျန်းမာရေးစောင့်ရှောက်မှုတွေ ရယူနိုင်မှာဖြစ်ပါတယ်။

Hope TeleCare အက်ပလီကေးရှင်းကို ပြည်တွင်းနည်းပညာလုပ်ငန်းတစ်ခု ဖြစ်တဲ့ Blue Ocean က ပြည်တွင်းက ဆရာဝန်ကြီးတွေနဲ့ မလေးရှားနိုင်ငံက မိတ်ဖက် နည်းပညာကုမ္ပဏီတစ်ခုနဲ့ပူးပေါင်းပြီး ဩဂုတ်လဆန်းက စတင်ထုတ်လုပ်ထားတာဖြစ်ပါတယ်။ Hope TeleCare ကို အက်ပလီကေးရှင်းသာမက ကျန်းမာရေးဆိုင်ရာဝန်ဆောင်မှု ပလက်ဖောင်းတစ်ခုအနေနဲ့ပါ ထုတ်လုပ်ထားလို့ Hope.com.mm ဝက်ဘ်ဆိုက်မှာလည်း ကျန်းမာရေးဆိုင်ရာဆောင်းပါးတွေ၊ Hope TeleCare အကြောင်းတွေကို ဝင်ဖတ်နိုင်သလို Hope TeleCare Myanmar လူမှုကွန်ရက်စာမျက်နှာမှာလည်း ဆောင်းပါးတွေ၊ ကျန်းမာရေးဆိုင်ရာ သိကောင်းစရာတွေကို ဝင်ရောက်ဖတ်ရှုနိုင်ပါတယ်။

ဒါ့အပြင် လူမှုကွန်ရက်စာမျက်နှာရဲ့ မက်ဆင်ဂျာကနေ စာရင်းပေးသွင်းပြီးတော့ သတ်မှတ်ထားတဲ့အချိန်မှာ အက်ပလီကေးရှင်းကနေတစ်ဆင့် အထူးကုဆရာဝန်ကြီးတွေကို ကျန်းမာရေးဆိုင်ရာတွေ တိုက်ရိုက်မေးမြန်းခြင်းနဲ့ ကိုဗစ်-၁၉ ကာကွယ်ဆေး အခမဲ့ထိုးပေးတဲ့ ကံစမ်းမဲအစီအစဉ် စတာတွေကိုလည်း ပြုလုပ်လျက်ရှိပါတယ်။ အက်ပလီကေးရှင်းကို ပလေးစတိုးမှာ Hope Blue Planet Myanmar လို့ရှာပြီး ဒေါင်းလုပ်ဆွဲနိုင်သလို hope.com.mm ဝက်ဘ်ဆိုက်ကနေလည်း ဒေါင်းယူနိုင်ပါတယ်။



**ကျော်ဇင်ဦး**

Game Review

## စစ်တုရင်ဝါသနာရှင်များအတွက် Chess ဂိမ်း

မိုဘိုင်းဖုန်းတွေအတွက် အွန်လိုင်းကနေရော အော့ဖ်လိုင်းအနေနဲ့ရော ကစားနိုင်တဲ့ Chess ဂိမ်း အမျိုးမျိုးရှိတဲ့အနက် လူသိအများဆုံး ဝက်ဘ်ဆိုက်ဖြစ်တဲ့ chess.com ကထုတ်ထားတဲ့ဂိမ်းကတော့ အွန်လိုင်းအနေနဲ့ ကစားလို့အကောင်းဆုံးဂိမ်းဖြစ်ပါတယ်။

ဒီဂိမ်းအတွက် Account ကို ဂျီမေးလ်နဲ့ဖြစ်စေ၊ ဖေ့စ်ဘွတ်နဲ့ချိတ်ပြီးဖြစ်စေ အလွယ်တကူဖွင့်နိုင်ပြီးတော့ အကောင့်ဖွင့်ပြီးတာနဲ့ ကမ္ဘာအနှံ့က အွန်လိုင်းကစားသူတွေနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး အလွယ်တကူကစားနိုင်မှာဖြစ်သလို Account ရှိတဲ့ သူငယ်ချင်း အချင်းချင်းလည်း ချိတ်ဆက်ကစားနိုင်ပါတယ်။ အစပိုင်းမှာ လက်ရည်ကွာခြားမှုတွေရှိနိုင်ပေမယ့် ပွဲအနည်းငယ်ကစားပြီးတာနဲ့ ကိုယ့်အဆင့်ကို သတ်မှတ်ပေးမှာဖြစ်လို့ နောက်ပိုင်းမှာ လက်ရည်တူချင်းတွေ ကစားရမှာဖြစ်ပါတယ်။ ကစားရာမှာ ပွဲကြာချိန်ကို ကြိုက်သလို ရွေးချယ်သတ်မှတ်နိုင်ပြီး ကိုယ်နဲ့အဆင့်ချင်း၊ ပွဲချိန်သတ်မှတ်ချက်ချင်းတူတဲ့ အခြားကစားသူတွေနဲ့ပဲ ချိတ်ပေးမှာ ဖြစ်ပါတယ်။




ကစားပြီးတဲ့ပွဲတိုင်းရဲ့ ရွှေ့ကွက်တွေကိုလည်း မှတ်တမ်းထားပေးတာကြောင့် ကိုယ်ရွှေ့မိတဲ့အမှားတွေကို အချိန်မရွေးပြန်ကြည့်ပြီး လေ့လာနိုင်ပါတယ်။ ဒါ့အပြင် chess ကစားရာမှာ အရေးကြီးတဲ့ အဖွင့်ပိုင်း၊ ပွဲလယ်ပိုင်းနဲ့ ပွဲသိမ်းပိုင်း ရွှေ့ကွက်တွေကိုလည်း ဉာဏ်စမ်းအနေနဲ့ လေ့ကျင့်နိုင်မှာဖြစ်ပါတယ်။ **ကျော်ဇင်ဦး**

# မင်းဘူး(စကု)မြို့နယ်၌ ဧရာဝတီမြစ်ရေပြန်လည် ကျဆင်း

မင်းဘူး စက်တင်ဘာ ၇

**မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်၌ ဧရာဝတီမြစ်ရေသည် ပြန်လည်ကျဆင်းသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ယနေ့နံနက် ၆ နာရီ တိုင်းထွာချက်အရ ပြောကြားသည်။**

မင်းဘူးမြို့၌ ဧရာဝတီမြစ်ရေသည် မြို့၏ စိုးရိမ်ရေအမှတ် ၁၇၀၀ စင်တီမီတာသို့ရောက်ရန် အနည်းငယ်သာလိုသည့် ၁၆၆၇ စင်တီမီတာအထိ အမြင့်ဆုံးတက်ခဲ့ပြီးမှ တစ်ရက်လျှင် ၂၇ စင်တီ မီတာ (၁၀ ဒသမ ၈ လက်မ)ခန့် ပြန်လည်လျော့ကျပြီး လက်ရှိအချိန်တွင် ၁၅၁၀ စင်တီမီတာအထိ မြစ်ရေပြန်ကျသွားခြင်း ဖြစ်သည်။

ယခုအခါ မြစ်ရေသည် စိုးရိမ်ရေအမှတ် ၁၇၀၀ စင်တီမီတာနှင့် တဖြည်းဖြည်းဝေးကွာသွားပြီဖြစ်၍ မြစ်ကမ်းဘေးနေ ရပ်ကွက်/ကျေးရွာများမှ ပြည်သူများ စိုးရိမ်ပူပန်မှုလျော့ကျစေရန် မင်းဘူးမြို့ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနအနေဖြင့် တစ်နေ့လျှင် လေးကြိမ်တိုင်းတာ၍ ပြည်သူများအား ထုတ်ပြန်အသိပေးလျက်ရှိကြောင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ အက်ဖ်အမ်ရေဒီယိုလိုင်းများနှင့် လူမှုကွန်ရက်စာမျက်နှာတို့မှ လည်း မိုးလေဝသသတင်းနှင့် မြစ်ရေကြီးခြင်းသတင်းများကို အချိန်နှင့် တစ်ပြေးညီ ထုတ်လွှင့်တင်ဆက်ပေးလျက်ရှိကြောင်း မင်းဘူးခရိုင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ မြို့နယ်တာဝန်ခံ ဦးတင်အုန်းက ပြောကြားသည်။

ဧရာဝတီမြစ်ရေသည် ယခင်ရက်များက မင်းဘူးမြို့နယ်၌ တစ်ရက်လျှင် ၁၆ စင်တီမီတာ (၆ ဒသမ ၅ လက်မ) ခန့် မြင့်တက်ခဲ့ရာ ဧရာဝတီမြစ်ကမ်းတစ်လျှောက် မင်းဘူး (စကု) မြို့နယ်အတွင်းရှိ မြေနိမ့်ပိုင်းဒေသများဖြစ်သော မြေနုကျွန်းများနှင့် ရပ်ကွက်နှင့် ကျေးရွာများသို့ မြစ်ရေများဝင်ရောက်ခဲ့ကြောင်းနှင့် ထိုသို့မြစ်ရေမြင့်တက်မှုကြောင့် ရပ်ကွက်/ကျေးရွာများရှိ ပြည်သူများနှင့် ၎င်းတို့ မွေးမြူထားသော ကျွဲ၊ နွားနှင့် အခြား အိမ်မွေးတိရစ္ဆာန်များကို ရေလွတ်သည့် ကုန်းမြင့်နေရာများသို့ ရွှေ့ပြောင်းထားရပြီး အချို့ကျေးရွာများတွင် မြစ်ကမ်းပါးများ ပြိုကျ၍ နေအိမ်များ ဖျက်သိမ်းပြောင်းရွှေ့ကာ စိုးရိမ်ရသည့် အခြေအနေများလည်း ရှိခဲ့ကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**









# ပုဂံ-ညောင်ဦး ရှေးဟောင်းဇုန်အတွင်းရှိ နှစ်ပေါင်း ၉၀၀ ခန့် သက်တမ်းရှိ အုတ်တိုက်အမှတ် ၁၃၁၅ ပြိုကျပျက်စီး

**ညောင်ဦး စက်တင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ပုဂံ-ညောင်ဦး ရှေးဟောင်း ယဉ်ကျေးမှုဇုန်အတွင်းမှ သက်တမ်း နှစ် ၉၀၀ ခန့်ရှိ အုတ်တိုက်အမှတ် (၁၃၁၅) သည် စက်တင်ဘာ ၆ ရက် ည ၇ နာရီခွဲခန့်က ပြိုကျပျက်စီးမှု ဖြစ်ပွားခဲ့ကြောင်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်က ပြောသည်။

အဆိုပါ အုတ်တိုက်အမှတ် (၁၃၁၅) သည် ညောင်ဦးမြို့နယ် ရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း မြင်းကပါကျေးရွာအုပ်စုမြင်းကပါရွာ ရွှေစေတီဘုရား၏ အရှေ့ဘက် ပုဗ္ဗာရုံဗိမာန်၏ မြောက်ဘက်၌ရှိပြီး အလျား ပေ ၂၀၊ အနံ ပေ ၂၀ ၊ အမြင့်ပေ ၂၀ ခန့်ရှိသော အုတ်တိုက်ဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(ပုဂံဌာနခွဲ)မှ သိရသည်။ ပုဂံရှေးဟောင်းယဉ်ကျေးမှုဇုန်အတွင်း မိုးရွာသွန်းမှုများခဲ့ခြင်းကြောင့် အုတ်တိုက်အမှတ် (၁၃၁၅) ၏ အလျား ၁၅ ပေ၊ အမြင့် ၈ ပေ၊ ထု ၂ ပေခန့် ပျက်စီးဆုံးရှုံးမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနက မူလပုံစံအတိုင်း ပြုပြင်နိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်မောင်ထိန် (ကျောက်ပန်းတောင်း)**

# သဘာဝဘေးဖြစ်ပွားလျှင် ရှာဖွေကယ်ဆယ်ရေးအတွက် ပြင်ဆင်ထားမှုများစစ်ဆေး

**ကျိုက်လတ် စက်တင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ကျိုက်လတ်မြို့နယ်တွင် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရန်အတွက် မြို့နယ်မီးသတ်ဦးစီးဌာနမှူးရုံး၌ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် လူအင်အား၊ ယာဉ်နှင့် ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းကိရိယာများ အသင့်ပြင်ဆင်ထားရှိမှု အခြေအနေကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများက စက်တင်ဘာ ၆ ရက်တွင် ကွင်းဆင်းစစ်ဆေးသည်။

ကျိုက်လတ် မြို့နယ်၌ သဘာဝဘေးအန္တရာယ်ကျရောက်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရန်နှင့် ဘေးသင့်ပြည်သူများအား အချိန်မီ ကယ်တင်နိုင်ရေးအတွက် အင်အား ၃၅ ဦးပါ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့နှင့် အင်အား ၂၀ ပါ ရှာဖွေကယ်ဆယ်ရေး အရန်အဖွဲ့ကိုစုဖွဲ့၍ အသင့်ပြင်ဆင်ထားကြောင်း ကျိုက်လတ်မြို့နယ် မီးသတ်ဦးစီးမှူးရုံးမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ကြံခင်းမြို့နယ်မှ နွား ၈၄ ကောင်အတွက် အစာအိတ်များထောက်ပံ့ပေးအပ်

ကြံခင်း စက်တင်ဘာ ၇

ဧရာဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရေလယ်ကျွန်းကျေးရွာအုပ်စု တဲတန်းကျေးရွာ၌ မြစ်ရေကြီးမှုကြောင့် တိရစ္ဆာန်အသက်ကယ်ကုန်းသို့ ရွှေ့ပြောင်းထားရသော နွား ၈၄ ကောင်အတွက် အစာအိတ်များကိုမြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက စက်တင်ဘာ ၆ ရက်တွင် ထောက်ပံ့ပေးကြောင်း သိရသည်။

မြစ်ရေမြင့်တက်လာသဖြင့် တိရစ္ဆာန်သက်ကယ်ကုန်းပေါ်သို့ ရွှေ့ပြောင်းထားရသော တိရစ္ဆာန်များကို မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးမှူး ဒေါက်တာဝင်းကိုနှင့် ဝန်ထမ်းများက ကျန်းမာရေးအခြေအနေ စစ်ဆေးမှုများပြုလုပ်ပြီး ကာကွယ်ဆေးနှင့် ကုသဆေးများ ထိုးနှံပေးကာ အစာပြတ်လပ်မှုမရှိစေရန်အတွက် နွားစာအိတ် ၅၀ ကို တာဝန်ရှိသူများထံ ပေးအပ်ခဲ့ခြင်းဖြစ်သည်။ ထို့အပြင် မြို့နယ်မွေးမြူရေးနှင့်ကုသရေး ဦးစီးမှူးနှင့်အဖွဲ့သည် ရေလယ်ကျွန်းအုပ်စုအတွင်း အလယ်ကုန်းကျေးရွာ၊ အောက်ကုန်းကျေးရွာနှင့် တဲတန်းကျေးရွာတို့တွင် မွေးမြူထားသောဝက်များအတွက် အစာအိတ် ၁၀ အိတ်ကိုလည်း ထောက်ပံ့ပေးသည်။

**မြို့နယ်(ပြန်/ဆက်)**

**သစ်ပင်နည်းလာ၊ တို့ကမ္ဘာ၊ လွန်စွာပူအေး၊ ဥတုဘေး**

# အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများ၏ နာသုံးနာလက်ကိုင်ထား၍ ကျောင်းသား ကျောင်းသူများအပေါ် မိဘသဖွယ်စိတ်ဓာတ်ဖြင့် သင်ကြားရေးတာဝန်ထမ်းဆောင်နေမှုအား အသိအမှတ်ပြု သတင်းထုတ်ပြန်ခြင်း

**နေပြည်တော် စက်တင်ဘာ ၇**

မြန်မာနိုင်ငံ၌ ဆရာ ဆရာမများအပေါ် ရိုသေလေးစားမှုပြုရသည့် အနန္တောအနန္တဂိုဏ်းဝင်အဖြစ် ရှေးယခင်ကတည်းကပင် ယဉ်ကျေးမှု တစ်ရပ်သဖွယ် သတ်မှတ်ထားပြီး အခြားမည်သည့်နိုင်ငံတွင်မှ မတွေ့ရှိနိုင်သော အလေးအနက်ပြုမှုကို တွေ့ရှိရမည်ဖြစ်ပါသည်။ အနန္တောအနန္တဂိုဏ်းဝင် ဆရာ ဆရာမများသည်လည်း စေတနာကို အရင်းခံပြီး ဝါသနာနှင့်အတူ အနစ်နာခံကာ တပည့်များအပေါ် ရင်ဝယ်သားသဖွယ် သဘောထား၍ ကျောင်းသား ကျောင်းသူများအား ဂုဏ်သိက္ခာပြည့်ဝစွာဖြင့် အတတ်ပညာ သင်ကြားပို့ချရုံသာမက **"အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမချန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ပို့"** ဟူသော ဆရာကျင့်ဝတ်ငါးသွယ်ကို ကျေပွန်စွာ ထမ်းဆောင်နေသူများ ဖြစ်ပါသည်။

COVID-19 ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားမှုကြောင့် ရပ်နားထားရသည့် ကျောင်းများကို လက်ရှိအချိန်တွင် အတိုင်းအတာတစ်ခုအထိ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ပြီဖြစ်သည့်အတွက် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်အတွက် အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် ကျောင်းများအား ဇွန် ၁ ရက်နေ့မှစ၍ မြန်မာနိုင်ငံတစ်ဝန်း၌ တစ်ပြိုင်တည်း အေးချမ်းတည်ငြိမ်စွာ စတင်ဖွင့်လှစ်သင်ကြားလျက် ရှိသည်။

စာသင်ကျောင်းများဖွင့်လှစ်ရန် ကြိုတင်ပြင်ဆင်နေသည့်ကာလ နှင့် လက်ရှိသင်ကြားနေသည့်ကာလတွင် မိမိတစ်ပါတီ ကောင်းစား ရေးကိုသာရှေးရှု၍ နိုင်ငံရေးအမြတ်ထုတ်လိုသူများ၊ နိုင်ငံရေး အစွန်းရောက် NLD ပါတီဝင်များနှင့် ၎င်းတို့ကို ထောက်ခံသူများ၊ NUG၊ CRPH နှင့် PDF စသည့်အဖွဲ့များသည် ပညာရေးဝန်ထမ်းများ အား CDM လှုပ်ရှားမှုတွင် ပါဝင်လာစေရန် Social Punishment ပြုလုပ်ခြင်း၊ လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်အကျပ်ကိုင်ခြင်းများအပြင် ကလေးငယ်များ ပညာသင်ကြားရေးကို အခက်အခဲဖြစ်စေရန် ရည်ရွယ်၍ စာသင်ကျောင်းများကို မိုင်းများ၊ လက်လုပ်ဗုံးများဖြင့် ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့ဖျက်ဆီးခြင်းများအပြင် ဆရာ ဆရာမ များကို စာပေသင်ကြားမှုမပြုနိုင်စေရန် ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက် တိုက်ခိုက်ခြင်းများ လုပ်ဆောင်လျက်ရှိသောကြောင့် ထိခိုက်ဒဏ်ရာ ရရှိခြင်းများသာမက အချို့အသက်သေဆုံးသည်အထိ စိတ်မချမ်းမြေ့ ဖွယ်ရာ ဖြစ်စဉ်ဖြစ်ရပ်များဖြစ်ပေါ်ခဲ့ရပြီး သေဆုံးထိခိုက်ဒဏ်ရာရရှိသူ များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် မိသားစု များနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မကောင်းမှု၊ မတရားမှုတို့ကို ပြုလုပ်ရမည့်အပေါ် ရှက်ခြင်း၊ ကြောက်ခြင်းဟူသော ဟီရိ၊ ဩတ္တပ္ပတရားတို့အပေါ်၌ သာမန် လူတို့ထက် ပိုမိုသိရှိစောင့်ထိန်းတတ်သည့် ဆရာ ဆရာမတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲ၊ အကျပ်အတည်းများ၊ နှောင့်ယှက်မှုမျိုးစုံ တို့ကြားမှ အနန္တောအနန္တဂိုဏ်းဝင် ဆရာဟူသည့် မွန်မြတ်လှသည့် ဂုဏ်ပုဒ်နှင့်အညီ ကောင်းမွန်မြင့်မြတ်သည့် စိတ်ထားများဖြင့် နိုင်ငံ့ အတွက် ပညာတတ်လူငယ်၊ လူရွယ်များ ပေါ်ထွန်းလာစေရေး ရှေးရှု၍ သင်ကြားရေးတာဝန်များကို မလစ်ဟင်းရအောင် အားကြိုးမာန်တက် ထမ်းဆောင်လျက်ရှိသည်ကို တွေ့ရှိရသဖြင့် တာဝန်ထမ်းဆောင် နေကြသော ဆရာ ဆရာမများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအနေဖြင့် လှိုက်လှဲစွာ ချီးကျူးဂုဏ်ပြုမှတ်တမ်းတင်အပ် ပါသည်။**

နိုင်ငံ့အနာဂတ် ရင်သွေးငယ်များ၏ စာပေပညာ တတ်မြောက်ရေး၊ ပညာရည် မြင့်မားရေးအတွက် အခက်အခဲမျိုးစုံကြားမှ သင်ကြားရေး တာဝန်များကို ကြိုးပမ်းထမ်းဆောင်လျက်ရှိသည့် ဆရာ ဆရာမများ ဘေးကင်းလုံခြုံရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အထူး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ရပ်ရွာအေးချမ်းသာယာရေး၊ ကလေးငယ်များ အေးချမ်းစွာ ပညာသင်ကြားနိုင်ရေးတို့အတွက် လုံခြုံရေးအသိ၊ လုံခြုံရေးသတိထားကာ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ပူးပေါင်း ဆောင်ရွက်သွားကြရန် မေတ္တာရပ်ခံအပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## မော်လမြိုင်မြို့၌ ကန်ညီနောင်အထက်ဘက်ရေကန် ပြန်လည်တူးဖော်ခြင်းနှင့် ဟောင်သရောမြစ်အောက်ပိုင်း ချောင်းဖြောင့်ခြင်းလုပ်ငန်းဆောင်ရွက်

မော်လမြိုင် စက်တင်ဘာ ၇

**မွန်ပြည်နယ် မော်လမြိုင်မြို့၌ ရေကြီးမှုမဖြစ်စေရန်အတွက် ကန်ညီနောင်အထက်ဘက်ရေကန် ပြန်လည် တူးဖော်ခြင်းနှင့် ဟောင်သရောမြစ်အောက်ပိုင်း ချောင်းဖြောင့်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ပြည်နယ် ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် တာဝန်ရှိသူများက စက်တင်ဘာ ၆ ရက်တွင် ကြည့်ရှုစစ်ဆေးသည်။**



ပြည်နယ်ဝန်ကြီးချုပ်အား မွန်ပြည်နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသန်းဌေးက မော်လမြိုင်မြို့ အတွင်း ကန်ညီနောင်အထက်ဘက်ရေကန်တူးဖော် ခြင်း၊ Check Dam များ တည်ဆောက်ခြင်း၊ သရဖီ ရေတံခါးတွင် ရေတံခါးရွက်နှင့် ဂီယာဘောက်တပ် ဆင်ခြင်း၊ အုတ်ဖိုလမ်း Culvert များတွင် Flap Gate ရေတံခါးရွက်များ တပ်ဆင်ခြင်း၊ ဟောင်သရော မြစ်အောက်ပိုင်း ချောင်းဖြောင့်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လုပ်ငန်းများ အချိန်မီ ပြီးစီးအောင် ဆောင်ရွက်ရန်နှင့် မြို့တွင်းလမ်းများ ရေကြီးမှု လျော့နည်းပပျောက်ရေးအတွက် ဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ သည် လှိုင်ရပ်ကွက်အတွင်းမှ ဟောင်သရောမြစ်ကို ချောင်းဖြောင့်ဆွဲခြင်းလုပ်ငန်း ဆောင်ရွက်မည့်နေရာ သို့ သွားရောက်ပြီး မော်လမြိုင်မြို့သည် မိုးများသည့် အတွက် ရေခေါ်မြောင်းများ စနစ်တကျဆောင်ရွက်ရန် နှင့် အမှိုက်သရိုက်များ စနစ်တကျစွန့်ပစ်ရန် ပြည်နယ် ဝန်ကြီးချုပ်က မှာကြားသည်။

မော်လမြိုင်မြို့သည် နှစ်စဉ်မိုးရေချိန် လက်မ ၂၀၀ ခန့်ရွာသွန်းပြီး မိုးသည်းထန်စွာရွာသွန်းမှုများ ကြောင့် ရိုးချောင်းထွက်ပေါက်များမှ ရေတက်၊ ရေကျ ရှိသော အတ္တရံမြစ်၊ ဂျိုင်းမြစ်၊ သံလွင်မြစ်တို့နှင့် ဆက်စပ်လျက်ရှိရာ အချို့လမ်းများ၊ ရပ်ကွက်များတွင် ရေကြီး၊ ရေလျှံမှုများ ဖြစ်ပေါ်လေ့ရှိသည့်အတွက် မွန်ပြည်နယ်အစိုးရအဖွဲ့၏ အထွေထွေပိုလျှံ ရန်ပုံငွေ ဖြင့် အဆိုပါလုပ်ငန်းများကို ပြည်နယ် ဆည်မြောင်း နှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အချိန်မီ ပြီးစီးအောင် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## မင်းလှမြို့၌ မြို့နယ်ခန်းမအသစ်အဆောက်အအုံ တည်ဆောက်လျက်ရှိ

**အထက်မင်းလှ စက်တင်ဘာ ၇**

မကွေးတိုင်းဒေသကြီး မင်းလှမြို့ ၌ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် တိုင်း ဒေသကြီး အစိုးရအဖွဲ့ အထွေထွေ ရန်ပုံငွေဖြင့် မင်းလှမြို့နယ်ခန်းမ အဆောက်အအုံသစ် တည် ဆောက်နေသည့် အခြေအနေ များကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ် အရည်အသွေးစစ်ဆေး ရေး ကော်မတီဝင်များက ယနေ့ တွင် ကွင်းဆင်းကြည့်ရှု စစ်ဆေး သည်။

အဆိုပါ မြို့နယ်ခန်းမ အဆောက်အအုံသစ်ကို ခွင့်ပြု ရန်ပုံငွေကျပ် ၂၄၄ ဒသမ ၉ သန်း ဖြင့် ဆောက်လုပ်ခြင်းဖြစ်ပြီး ဇူလိုင်လစတုတ္ထအပတ်မှ စတင် တည်ဆောက်ခဲ့ကာ ခန်းမ အဆောက်အအုံသည် အလျား ၆၈ ပေ၊ အနံ ၁၄၈ ပေ၊ အမြင့် ၁၈ ပေ ၉လက်မရှိကြောင်း၊ ယနေ့ အထိ ၅၀ ရာခိုင်နှုန်းခန့် ဆောက်လုပ်ပြီးစီးပြီ ဖြစ်ကာ စက်တင်ဘာလကုန်တွင် ၇၀ ရာခိုင်နှုန်း ပြီးစီးမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေး အဖွဲ့ မှ တာဝန်ခံအင်ဂျင်နီယာ ဦးညီညီထွန်းက ပြောသည်။

အဆိုပါ မြို့နယ်ခန်းမ အဆောက်အအုံသစ် တည် ဆောက်ခြင်းလုပ်ငန်းကို မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ် စည်ပင်သာယာရေး ကော်မတီတို့ ၏ ကြီးကြပ်မှုဖြင့် မြို့နယ်စည်ပင် သာယာရေးအဖွဲ့မှ တာဝန်ခံ အင်ဂျင်နီယာက တာဝန်ယူ ဆောက်လုပ်လျက်ရှိသည်။

**ဇာဇာ (အထက်မင်းလှ)**

## ဝေါမြို့နယ် ပဲခူး- စစ်တောင်းတူးမြောင်းအတွင်းသို့ ငါးကောင်ရေ သုံးသိန်း မျိုးစိုက်ထည့်

**ဝေါ စက်တင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်အတွင်း ငါး သယံဇာတပေါကြွယ်ဝစေရန်၊ ငါးမျိုးပြုန်းတီးမှု လျော့ပါးစေရန်နှင့် ဒေသခံပြည်သူများ ငါးစားသုံးမှု ဖူလုံစေရန် ရည်ရွယ်လျက် ပဲခူး-စစ်တောင်း တူးမြောင်းအတွင်းသို့ ငါးကောင်ရေ သုံးသိန်းကို ငါးလုပ်ငန်းဦးစီးဌာနက စက်တင်ဘာ ၇ ရက်တွင် မျိုးစိုက်ထည့်ပေးခဲ့သည်။

ငါးမျိုးစိုက်ထည့်ရာတွင် ငါးလုပ်ငန်းဦးစီးဌာန မှူး ဦးဇော်မြင့်နိုင်က ငါးကောင်ရေ သုံးသိန်းကို ဝေါမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ပြီးနောက် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဒေါ်ခင်မျိုးနိုင်နှင့် ဝန်ထမ်း များ၊ ပဲခူးမြို့ ငါးသားဖောက်စခန်းမှ တာဝန်ခံနှင့် ဝန်ထမ်းများ၊ မြို့နယ်ငါးလုပ်ငန်းအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် ဒေသခံရေလုပ်သားများက ပဲခူး-စစ်တောင်း တူးမြောင်းအတွင်း ငါးမြစ်ချင်းကောင်ရေ သုံးသိန်းကို စုပေါင်းမျိုးစိုက်ထည့်ပေးကြသည်။

ဝေါမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ မြစ်၊ ချောင်းနှင့် ဆည်တမံများ၊ စပါးစိုက်လယ်မြေများအတွင်း ငါးမျိုးစိတ်များ စိုက်ထည့်ပေးခြင်းကို စဉ်ဆက်မပြတ်ဆောင်ရွက် လျက်ရှိသလို ပဲခူးငါးသားဖောက်စခန်းအနေဖြင့် လည်း ရွှေဝါငါးကြင်း၊ ငါးခုံးမကြီး ၊ ငါးမြစ်ချင်းစသည့် ငါးမျိုးစိတ်များကို မွေးမြူထုတ်လုပ်ကာ ဒေသတွင်း မွေးမြူရေးလုပ်ငန်းများထံသို့ ဖြန့်ဖြူးရောင်းချပေး လျက်ရှိသည်။

ခရိုင်(ပြန်/ဆက်)

# ဟိုပုံးကိုရင်လေး၏ ဆောင်ရွက်ဆဲသာသနာပြုလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးညှိနှိုင်းအစည်းအဝေးကျင်းပ

**ဟိုပုံး စက်တင်ဘာ ၇**
ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ် စငေါ်ကျေးရွာအုပ်စု ဟိုတိကျေးရွာရှိ လောကနာထဘုရားဓမ္မာရုံတွင် သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရေးညှိနှိုင်းအစည်းအဝေးပြုလုပ်ခြင်းကို ယမန်နေ့က အဆိုပါဓမ္မာရုံ၌ ပြုလုပ်သည်။**(ယာပုံ)**

**ဝိုင်းဝန်း ထိန်းသိမ်း**

ရှေးဦးစွာ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် နီလင်းအောင်က ကိုရင်လေးနယ်မြေအတွင်း ဟိုပုံးကိုရင်(ခ) ရှင်ပေါရိသ ပျံလွန်ပြီးနောက် ဆရာတော်၏ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ သာသနာပြုလုပ်ငန်းများနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ရန်နှင့် ဒေသကောင်းကျိုးနှင့် သာသနာပြုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ဆရာတော်များက လိုအပ်သည်များ မိန့်ကြားပေးနိုင်ပါရန် ပြောကြားထားရာ ကောင်းစေတီဆရာတော် ဘဒ္ဒန္တကဝိန္ဒက ကိုရင်လေး (ခ) ရှင်ပေါရိသ ပျံလွန်တော်မူသွားသည့် နောက်ပိုင်းဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆက်လက် ဆောင်ရွက်မည့်လုပ်ငန်းများကို ဆရာဒကာ ညီညီညွတ်ညွတ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ဟွေးဟွမ်းကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုန္ဒက မိန့်ကြားရာတွင် ကိုရင်လေး ဖွဲ့စည်းထားသော ကုသိုလ်တော်အဖွဲ့ကို ဆက်လက်တည်တံ့အောင် ထိန်းသိမ်းရန်နှင့် သာသနာပြုလုပ်ငန်းများဖြစ်သည့် လက်ရှိစေတီပုထိုးများ၊ ထမ်းဆမ်းဂူသို့ ယခင်ကိုရင်လေးရှိစဉ်သကဲ့သို့ ဝိုင်းဝန်းထိန်းသိမ်းပေးကြရန် မိန့်ကြားသည်။

ဆက်လက်၍ လွယ်အိုင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ရာဇဂုရုက ကိုရင်လေး(ခ)ရှင်ပေါရိသရှိစဉ်အခါက ဖွဲ့စည်းထားသော မေတ္တာခမ်းတန်အဖွဲ့၊ ရွှေတိဂုံဘုရား၊ ထမ်းဆမ်းဂူ အပါအဝင် စေတီပုထိုးများအား လုံခြုံရေးအရတာဝန်ပေးအပ်ထားသည့် သာသနာ စောင့်ရှောက်ရေးအဖွဲ့ကို ကိုရင်လေး(ခ)ရှင်ပေါရိသရှိစဉ်အခါအတိုင်း ဆက်လက်စောင့်ရှောက်သွားစေလိုကြောင်း၊ နောင်ခါးကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တဝိလာသဂ္ဂက ကိုရင်လေး(ခ) ရှင်ပေါရိသ၏ တာဝန်များအား ကိုရင်လေး၏ ဥပဇ္ဈာယ်ဆရာတော်ဖြစ်ပြီး သက်တော်ဝါတော်အားဖြင့် ကြီးသည့် ကောင်းစေတီ ဆရာတော်က ဦးဆောင်၍ ဆက်လက်ဆောင်ရွက် ပေးနိုင်ပါရန်တို့ကို မိန့်ကြားသည်။

ထို့နောက် တိုင်းမှူးက တင်ပြပြောကြားထားပြီး ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ဦးစားပေးအလိုက်ခွဲ၍ ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် စီးပွားရေးရာဝန်ကြီးတို့အား အကူအညီ တောင်းခံနိုင်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ စည်းကမ်းလိုက်နာနိုင်ရေး ဆရာတော်များအား မိန့်ကြား ပေးစေလိုကြောင်း ပြောကြားထားသည်။



ထို့နောက် ကောင်းစေတီ ဆရာတော် ဘဒ္ဒန္တကဝိန္ဒက မိန့်ကြားရာတွင် ထမ်းဆမ်းဂူနှင့် ရွှေတိဂုံစေတီတော်အား တာဝန်ခံရန် ဖွဲ့စည်းတာဝန်ပေးအပ်သွားမည့် အခြေအနေများနှင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ စည်းကမ်းလိုက်နာသွားရန် မိန့်ကြားပြီး ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခွန်ရဲထွေးက လောကနာထဘုရားရှိ ရေကန်၊ ပဒေသာ ရေကန်တို့ကို ရေသွယ်တန်းနိုင်ရေး ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ပြောကြားထားသည်။

**တရားဝင်စာဖြင့် တင်ပြ**

ထို့နောက် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်က မေတ္တာခမ်းတန် သာသနာအုပ်ချုပ်သည့် ကျောင်းထိုင်ဆရာတော် ငါးဦး အဖွဲ့အား တရားဝင်စာဖြင့် တင်ပြပေးရန်နှင့် ဆက်လက် တင်ပြမည်ဖြစ်ကြောင်း ပြောကြားထားကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**
အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ပစ္စည်းများအား ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ ရုံးပိတ်ရက်ရှည် ကာလအတွင်း နေ့စဉ်ရုံးပိတ်ရက်မရှိ လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။ ထိုသို့ ထုတ်ပေးရာတွင် စက်တင်ဘာ ၇ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ကုမ္ပဏီ ၂၂ ခုမှ Rubifon Solution For Injection ၃၀၊ Vitamin C+Zinc ၄၈၅၀၊ Enoxaparin Sodium ၁၄၀၀ ၊ Megabion Injection ၅၀၈၀၊ Kymoze Tab ၁၅၀၀၀၊ Suzone Injection ၂၂၈၅၀၊ Neuro B-Forte Tablet ၁၃၂၈၀၊ Arthrostop Rapid Tablet ၂၃၇၂၀၊ Martians With Prebiotics Tablet ၂၆၀၀၊ Martians Syrup ၁၂၄၆၂ ခု၊ Spektrum Tablet ၂၃၀၄၀၊ Desrem ၂၀၀၀၊ Sicknil CC ၄၈၀၀၊ Tenvir-EM Tablet ၁၄၄၀၊ Oframax Injection ၁၀၀၀၀၊ Chericof Throat ၃၀၂၀၀၊ Monan Injection ၉၃၆၁၊ Azimo Tablet ၃၅၆၅ ခု၊ Drosperin Tablet ၂၆၄၆၄ ခု၊ Valiera Tablet ၂၈၃၅ခု၊ Serc Tablet ၁၀၀၀၊ Enam Tablet ၉၉၃၆ ခု၊ Omez Capsule ၇၄၈၈၀၊ Vit D3 Orally Disintegrating Strip ၁၇၂၈၀၊ Versavo Injection ၂၀၀၊ Grastim Injection ၁၅၀၀ ၊ Nitrocontin Tablet ၃၀၀၀ ၊ Tamcontin Tablet ၅၅၀၊ Angivas Capsule ၄၉၂၈ခု၊ Vitarich Tablet ၁၃၀၅၀၊ Lipofib Tablet ၁၀၉၉ ခု။



ရန်ကုန် ဆိပ်ကမ်းများမှ Oxygen Plant လေးခု၊ Oxygen Concentrator ၂၀၈၇ ခု၊ Oxygen Cylinder ၁၉၀၁၇ ခု၊Flow Meter ၂၅၄၀၊ Nasal Oxygen Tube ၃၂၂၇၀ ၊ Mask ၁၃၈၀၀၀၀၀၊ Spare Parts For Oxygen Concentrator ၆၀၅ ခု၊ Spare Parts For Oxygen Plant တစ်ခု၊ ဆေးမျိုးစုံ ၃၅ မျိုး။

နယ်စပ် (ချင်းရွှေဟော်၊ မြဝတီ၊ မူဆယ် ) တွင် ကုမ္ပဏီ ၃၀ ခုတို့မှ Oxygen Cylinder ၉၅၀၊ Oxygen Concentrator ၅၈၀၊ Mask ၂၁၄၇၆ Kg ၊ Liquid Oxygen ၁၄၃၇၂ ဒသမ ၉ $m^3$၊ Flow Meter ၂၈၀၀၊ PPE ၁၅၂၀၀၊ Oxygen Plant ၁၁ ခု၊ Gloves ၆၀၀၀ Kg၊ Oxygen Mask ၅၀၈၀၀၊ Cannula ၄၀၀၀၀ ၊ Molecular Sieves ၂၅၀၀ Kg၊ Surgical Gown ၃၆၀၀ Kg၊ Disposable Cap ၃၈၀၀ Kg ၊ Goggles ၃၀၀၊ Oximeter ၁၀၀၀ တို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံသို့ အောက်ဆီဂျင်အိုးများ လှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၇**
ကိုဗစ်-၁၉ ရောဂါ ခံတွင်ခွဲအတည်ပြု ပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အောက်ဆီဂျင် လိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန်အတွက် တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြု ပစ္စည်းများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများကို လှူဒါန်းပေးလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့ ပြည်သူ့ဆေးရုံသို့ တိုင်းဒေသကြီး အစိုးရအဖွဲ့မှ လှူဒါန်းသည့် အောက်ဆီဂျင်အိုး အလုံး၁၀၀ကို ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ဘုတ်ပြင်းတပ်နယ်မှ နယ်မြေခံ တပ်မတော်သားများက သွားရောက်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၇**
မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သပိတ်ကျင်းမြို့တွင် ၅ ဒသမ ၂၈ လက်မ၊ ကလေးဝမြို့တွင် ၂ ဒသမ ၈၀ လက်မ၊ လပွတ္တာမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ ကလေးမြို့တွင် ၁ ဒသမ ၆၉ လက်မ၊ ဂန့်ဂေါမြို့တွင် ၁ ဒသမ ၅၇ လက်မ၊ ဇောင်းတူမြို့တွင် ၁ ဒသမ ၄၉ လက်မ၊ မိုးညှင်းမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ မော်လိုက်မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ ကိုကိုးကျွန်းမြို့တွင် ၁ ဒသမ ၂၆ လက်မ၊ နောင်ချိုမြို့တွင် ၁ ဒသမ ၂၂ လက်မနှင့် ဝမြို့တွင် ၁ ဒသမ ၁၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၇**
ကိုဗစ်-၁၉ ရောဂါအတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများထားရှိရန် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများ လုပ်ဆောင်လျက်ရှိပြီး ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက် ရှိသည်။

ယင်းသို့ ပြင်ဆင်ဆောင်ရွက်ပေးနေမှုများနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးနေမှုများကို ယနေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ကိုဗစ်-၁၉ ရောဂါ အထောက်အကူပြု ပစ္စည်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် အလှူငွေများပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၁၄၂ ဦးနှင့် အမျိုးသမီး ၁၂၂ ဦး စုစုပေါင်း ၂၆၄ ဦးကို လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခံတွင်ခွဲအတည်ပြုပိုးတွေ့လူနာ အမျိုးသား ၃၆ ဦးနှင့် အမျိုးသမီး ၁၇ ဦး စုစုပေါင်း ၅၃ဦးကို လည်းကောင်း၊ ရဲမွန်တပ်မြို့ရှိ နယ်မြေခံတပ်၌ ခံတွင်ခွဲအတည်ပြုပိုးတွေ့ လူနာအမျိုးသား ၁၅ ဦး ၊ အမျိုးသမီး ကိုးဦး စုစုပေါင်း ၂၄ ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခံတွင်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဟုမ္မလင်း၊ ပခုက္ကူ၊ သဃ်န်းကျွန်း၊ ကျောက်မဲနှင့် သီပေါမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

နေပြည်တော် စက်တင်ဘာ ၇

**မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၅ ရက် ည ၁၁ နာရီခွဲတွင် ဟုမ္မလင်းမြို့နယ် စံကပ်ကျေးရွာအနီး၌ မောင်မောင်လွင်မောင်းနှင်ပြီး အားခေ(ခ) အားခီး လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၅၅ ကီလို ဖမ်းဆီးရမိသည်။**

အလားတူ စက်တင်ဘာ ၆ ရက် နံနက် ၈ နာရီ မိနစ် ၂၀ တွင် မူးယစ်ဆေးဝါး တားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပခုက္ကူမြို့ အမှတ်(၁)ရပ်ကွက်တွင် မဥမ္မာလင်း မောင်းနှင်ပြီး မသန်းဌေးမြင့် လိုက်ပါလာသည့် မော်တော်ဆိုင်ကယ်နှင့် ကျော်စိုး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်တို့ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၈၈၀ ပြားကို လည်းကောင်း။

ထို့အတူ ယင်းနေ့ ညနေ ၄ နာရီတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သဃ်န်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက်ရှိ တည်းခိုခန်းအနီးတွင် စောသန်းစိုး(ခ) ပေါင်မုန့်နှင့် မိုးသူတို့အား မသင်္ကာဖွယ်တွေ့ရှိရသဖြင့် စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၄၀၀၀ ကို လည်းကောင်း။

အလားတူ စက်တင်ဘာ ၆ ရက် ည ၈ နာရီတွင် မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ကျောက်မဲမြို့အဝင် အိုရီယမ်တယ် တိုးဂိတ်အနီး၌ ဝင်းလှိုင်(ခ)မိုဟာမတ်ဟာဆန် မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကို လည်းကောင်း။

စက်တင်ဘာ ၅ ရက် နံနက်ပိုင်းတွင် သီပေါမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သီပေါမြို့နယ် သီပေါ-လားရှိုးသွားကားလမ်း ကုန်းသာကျေးရွာအနီး၌ Mark II အမျိုးအစား မော်တော်ယာဉ်တစ်စီး တိမ်းမှောက်နေကြောင်း သတင်းအရ သွားရောက်စစ်ဆေးရာ ယာဉ်မောင်းကို မတွေ့ရှိရဘဲ ယာဉ်နောက်ခန်းရှိ ဆာလာအိတ်အတွင်းမှ ငွေကျပ် သိန်း ၁၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား



၁၀၀၀၀၀ ကို လည်းကောင်း **(အပေါ်ပုံ)** သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# ပင်လောင်းမြို့နယ်တွင် ငွေကျပ် သိန်း ၂၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ



သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**နေပြည်တော် စက်တင်ဘာ ၇**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၆ ရက် မွန်းတည့် ၁၂ နာရီက ပင်လောင်း-နေပြည်တော်သွားကားလမ်း လိန်းလီကြိုးတံတားအနီး၌ ဇော်မျိုးသန့် မောင်းနှင်ပြီး ဇနီး မနီလာထွေး လိုက်ပါလာသည့် HARRIER အမျိုးအစား မော်တော်ယာဉ်ကို သတင်းအရ စစ်ဆေးရှာဖွေရာ မော်တော်ယာဉ်အတွင်းမှ ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက် ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေး ဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ကော့သောင်းမြို့ လူစည်ကားရာကမ်းနားလမ်းတွင် လုယက်မှုကျူးလွန်သူနှစ်ဦးအား ဖမ်းဆီးရမိ

**ကော့သောင်း စက်တင်ဘာ ၇**

ကော့သောင်းမြို့ လူစည်ကားရာ ကမ်းနားလမ်း အဏ္ဏဝါရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးရှေ့လမ်းပေါ်၌ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ဆိုင်ကယ်မောင်းနှင်လာသည့် အမျိုးသမီးနှစ်ဦးထံမှ လုယက်မှုကျူးလွန်ခဲ့သည့် အမျိုးသားနှစ်ဦးကို စက်တင်ဘာ ၆ ရက် နံနက်ပိုင်းက ကော့သောင်းမြို့နယ်ရဲတပ်ဖွဲ့မှ ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့သည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၂ ရက် နံနက်ပိုင်းက ကော့သောင်းမြို့ လူစည်ကားရာ ကမ်းနားလမ်း အဏ္ဏဝါရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှေ့လမ်းပေါ်၌ ငွေလဲလုပ်ငန်းလုပ်ကိုင်သည့် ဒေါ်မိုးကြည်(ခ)ကေကေနှင့် ညီမဖြစ်သူ ဒေါ်ယဉ်ယဉ်မြင့်တို့နှစ်ဦးထံမှ မြန်မာကျပ်ငွေသိန်း ၁၈၀ ခန့်နှင့် ထိုင်းဘတ်ငွေ ၁၅၀၀၀၀ ခန့်ထည့်ထားသည့် ပလတ်စတစ်ခြင်းကို အမျိုးသားနှစ်ဦးက လုယက်ခဲ့ပြီး တိမ်းရှောင်သွားခဲ့သည်။

ကော့သောင်းမြို့မရဲတပ်ဖွဲ့စခန်း၏ စုံစမ်းဖော်ထုတ်မှုအရ စက်တင်ဘာ ၆ ရက်က ကော့သောင်းမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်သက်နိုင်စိုးနှင့် တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ခိုးမှုကျော်စော သတင်းရှိသူ ကော့သောင်းမြို့ ပိတောက်ရွှေဝါရပ်ကွက် ရွှေမင်းဝံ(၈)လမ်း၊ တန်းလျားနေ ထွန်းအောင်(ခ)သားကြီး၏ နေအိမ်ခန်းကို ဝင်ရောက်ရှာဖွေရာ အိပ်ခန်းမျက်နှာကြက်ပေါ်တွင် ဝှက်ထားသည့် လုယက်လာသော(သက်သေခံ) မြန်မာငွေကျပ် ၁၄၆၉၀၀၀၊ ထိုင်းဘတ်ငွေ တစ်ဘတ်တန် အကြွေစေ့ ၆၉ စေ့၊ CITIZEN ဂဏန်းပေါင်းစက် တစ်ခု၊ လုယက်မှုကျူးလွန်ရာတွင် အသုံးပြုသည့် CLICK အမျိုးအစား (2015 Modle) ဆိုင်ကယ်တစ်စီး၊ Lee တံဆိပ်ဂျင်းဘောင်းဘီ တစ်ထည်၊ အပြာနုရောင်မိုးကာ တစ်ထည်တို့နှင့်အတူ သိမ်းဆည်းရမိခဲ့သည်။

၎င်း၏ထွက်ဆိုချက်အရ ဆိုင်ကယ်ကို ၎င်းကမောင်းနှင်ပြီး အနောက်မှထိုင်လိုက်ပါလာသော လုယက်သူ အုပ်စိုးကျော်(ခ)အုပ်ကြီးအား ၎င်းနေထိုင်ရာ ပိတောက်ရွှေဝါရပ်ကွက်ရှိ ၎င်း၏နေအိမ်တွင် သက်သေခံ မြန်မာကျပ်ငွေ ၃၀၀၀၀၀ နှင့်အတူ ထပ်မံဖမ်းဆီးဖော်ထုတ်နိုင်ခဲ့သည်။

ဖြစ်စဉ်နှင့်စပ်လျဉ်း၍ လုယက်မှုကျူးလွန်သူ ထွန်းအောင်(ခ)သားကြီးနှင့် အုပ်စိုးကျော်(ခ)အုပ်ကြီးတို့ နှစ်ဦးအား ကော့သောင်းမြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်လှစ် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**



# မိုးညှင်းမြို့နယ် နန်းမားမြို့တွင် ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ပြည်သူ့စစ်နှစ်ဦးနှင့် လက်နက်ကိုင်အဖွဲ့(စိစစ်ဆဲ)တစ်ဦးသေဆုံး

**မိုးညှင်း စက်တင်ဘာ ၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားမြို့တွင် ပြည်သူ့စစ်တစ်ဦး နေထိုင်သည့်နေအိမ်ကို လက်နက်ကိုင်ဆောင်ထားသူ သုံးဦး ရောက်ရှိလာပြီး ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ ပြည်သူ့စစ် နှစ်ဦးနှင့် လာရောက်ပစ်ခတ်သူ တစ်ဦးတို့ သေဆုံးကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ စက်တင်ဘာ ၆ ရက် ညနေ ၄ နာရီခွဲခန့်တွင် နန်းမားမြို့ ချောင်းသာရပ်ကွက်နေ ပြည်သူ့စစ်အဖွဲ့ဝင် ဦးထွန်းထွန်းသည်နေအိမ်တွင် ဦးချစ်ကို၊ ဦးစိုးလွင်၊ ဇနီးဖြစ်သူ ဒေါ်ဝေဝေစိုးတို့နှင့်အတူ ရှိနေစဉ် နန်းမားမြို့ သာယာကုန်းရပ်ကွက်နေ ဟိန်းဝေစိုး(၂၇ နှစ်)(ဘ)ဦးမြင့်စိုးနှင့် အပေါင်းပါ နှစ်ဦးတို့သည် ဆိုင်ကယ်တစ်စီးဖြင့် ရောက်လာပြီး ဟိန်းဝေစိုးက ဆိုင်ကယ်ပေါ်မှ ဆင်းကာ သေနတ်ဖြင့် ပစ်ခတ်သဖြင့် ဦးစိုးလွင်၏ ပေါင်တွင် သေနတ်ဒဏ်ရာ တစ်ချက်ရရှိပြီး နေအိမ်နောက်ဖေးထွက်ပြေး၍ ဒေါ်ဝေဝေစိုးက အိမ်ပေါ်တက်ပြေးစဉ် ဝဲဘက်တင်ပါးဆုံတွင် သေနတ်ဒဏ်ရာတစ်ချက်၊ ဦးချစ်ကို၏ ရင်ဘတ်နှင့်လက်မောင်းတွင် သေနတ်ဒဏ်ရာ နှစ်ချက်ရရှိခဲ့သည်။ ဦးထွန်းထွန်းက အသင့်ရှိနေသော သေနတ်ဖြင့် ပြန်လည်ပစ်ခတ်ရာ ဟိန်းဝေစိုး၏ ရင်ညွန့်နှင့် ယာဘက်ပေါင်တွင် ဒဏ်ရာရရှိပြီး ထွက်ပြေးစဉ် ဦးထွန်းထွန်းက လိုက်လံလိုက်ထွေးဖမ်းဆီးခဲ့ရာ ဦးထွန်းထွန်း၏ သေနတ်မှာ ဟိန်းဝေစိုးထံပါသွားသဖြင့် ဦးထွန်းထွန်းက နေအိမ်ဘက်ပြန်ပြေးလာစဉ် ဆိုင်ကယ်ပေါ်မှ လူနှစ်ဦးက သေနတ်ဖြင့် ပစ်ခတ်ခဲ့သဖြင့် ဦးထွန်းထွန်း၏ ရင်ဘတ်တွင် သေနတ်ဒဏ်ရာရရှိကာ သေဆုံးခဲ့သည်။

ဟိန်းဝေစိုးမှာ ရရှိသောဒဏ်ရာဖြင့် သေဆုံးခဲ့ပြီး ဆိုင်ကယ်စီးလာသူနှစ်ဦးမှာ ဆိုင်ကယ်ကို မောင်းနှင်ထွက်ပြေးသွားခဲ့သည်။ သေဆုံးသူ ဟိန်းဝေစိုးထံမှ ပစ္စတိုသေနတ်တစ်လက်နှင့် ၎င်းကျည်ခွံ သုံးတောင့် သိမ်းဆည်းရရှိပြီး ဒဏ်ရာရရှိသော ဦးချစ်ကို၊ ဦးစိုးလွင်၊ ဒေါ်ဝေဝေစိုးတို့အား ဆေးဝါးကုသရန် မိုးညှင်းမြို့ ပြည်သူ့ဆေးရုံသို့ ခေါ်ဆောင်လာစဉ် ဦးချစ်ကိုမှာ ရရှိသောဒဏ်ရာဖြင့် လမ်းတွင်သေဆုံးသွားခဲ့သည်။

အဆိုပါဖြစ်စဉ်နှင့် ပတ်သက်၍ တာဝန်ရှိသူများမှ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ကြောင်း သိရှိရသည်။

**၀၇၈**

# ရပ်စောက်မြို့၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရပ်ကွက်အချို့၌ ရေကြီးရေလျှံမှုဖြစ်ပွား

**ရပ်စောက် စက်တင်ဘာ ၇**

ရှမ်းပြည်နယ်တောင်ပိုင်း ရပ်စောက်မြို့၌ ယနေ့ နံနက် ၆ နာရီခန့်မှစ၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇော်ဂျီချောင်း ရေလျှံမှုဖြစ်ပွားပြီး ရပ်ကွက်အချို့ လူနေအိမ်များ ရေဝင်မှုဖြစ်ပွားခဲ့၍ တာဝန်ရှိသူများမှ သွားရောက် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်ဝင်းဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းတပ်ဖွဲ့ဝင်များနှင့် စေတနာ့ဝန်ထမ်းများက ရေဝင်ရောက်သည့် နေအိမ်များအတွင်းမှ လူများနှင့် တိရစ္ဆာန်များအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးကြပြီး ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရပ်စောက်မြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ဇော်ဂျီချောင်းရေလျှံတက်လာပြီး ဇော်ဂျီရပ်ကွက်နှင့် ဥတ္တံတားရပ်ကွက်အတွင်းရှိ လူနေအိမ်များအတွင်း တစ်ပေမှ ငါးပေအထိရေများ ဝင်ရောက်ခဲ့သည့် အိမ်ခြေ ၅၀ ခန့်ကို တာဝန်ရှိသူများက သွားရောက်၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ရဲထက်ဦး(ပြန်/ဆက်)**

## တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်းနှင့် စက်၊ ယာဉ်၊ ယန္တရားများ ငှားရမ်းခြင်းကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| တင်ဒါလျှောက်လွှာရောင်းမည့်ရက် | - | ၁-၁၀-၂၀၂၁ရက် |
| တင်ဒါလျှောက်လွှာပိတ်သိမ်းမည့် ရက်/အချိန် | - | ၁၂-၁၀-၂၀၂၁ရက် မွန်းတည့် ၁၂:၀၀နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် | - | ၁၃-၁၀-၂၀၂၁ရက် နံနက် ၁၀:၀၀နာရီ |
| တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊ ကော့သောင်းမြို့ |

၂။ တင်ဒါစည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များကို ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ကော့သောင်းခရိုင်**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**ကော့သောင်းမြို့**
ဖုန်း-၀၉-၆၉၂၁၇၀၆၅၄၊ ၀၅၉-၅၂၀၄၀၊ ၀၉-၄၅၈၀၀၀၄၅၈

## ကုန်အမှတ်တံဆိပ် သတိပေးကြေညာခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေနှင့်အညီ တည်ထောင်ထားသော K-Lens Company Limited သည် ma:nyo အမှတ်တံဆိပ်နှင့် ထုတ်ကုန်များ၏ ပိုင်ရှင်ဖြစ်သော MANYO FACTORY CORP., နှင့် KOCOS Internationတို့၏တရားဝင် ခန့်အပ်လွှာနှင့် စာချုပ်အရ MANYO FACTORY CORPORATION မှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းများအားလုံးတို့ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တစ်ဦးတည်းကိုယ်စားလှယ်အဖြစ် တရားဝင်တင်သွင်းကာ လက်လီလက်ကား ဖြန့်ဖြူးရောင်းချနေသော Company ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ MANYO FACTORY CORPORATION မှထုတ်လုပ်သော ထုတ်ကုန်ပစ္စည်းနှင့် အမှတ်တံဆိပ် အမှတ်အသားအားလုံးတို့ကို K-LENS COMPANY LIMITED ၏ ခွင့်ပြုချက်မရှိဘဲ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း တရားမဝင်တင်သွင်းခြင်း၊ ဖြန့်ဖြူးခြင်း၊ ရောင်းချခြင်း၊ (Online selling, Internet Website, Page) တို့တွင် ရောင်းချခြင်း၊ ရောင်းချရန်အလို့ငှာ လက်ဝယ်ထားရှိခြင်း၊ ခွင့်ပြုချက်မရှိဘဲ တစ်ဆင့်ခံရောင်းချခြင်းတို့အပြင် အမှတ်တံဆိပ်အားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ၊ တိုက်ရိုက်/သွယ်ဝိုက်၍ သော်လည်းကောင်း ပုံတူပုံမှား၊ ဆင်တူယိုးမှား တုပပြုလုပ်ထားသောပစ္စည်းကို လက်လီလက်ကားဖြန့်ဖြူးခြင်း၊ ရောင်းချခြင်းများတွေ့ရှိပါက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးကြေညာအပ်ပါသည်။

**K-Lens Myanmar Co., Ltd .၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဆိုင်းတောင်**
**အထက်တန်းရှေ့နေ(စဉ်-၄၃၁၆၁)**
**အမှတ်(၄၀၂-ဘီ)၊ ရွှေကမ္ဘာအိမ်ရာ(၂)လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**

## တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၁-၂၀၂၂ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် လုပ်ငန်းများအတွက် လိုအပ်သော ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား လုပ်ငန်းခွင်အရောက်ဝယ်ယူခြင်းနှင့် စက်၊ ယာဉ်၊ ယန္တရားများ ငှားရမ်းခြင်းကို မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူ/ငှားရမ်းလိုပါသဖြင့် တင်ဒါတင်သွင်းလိုသူများအား ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က)တင်ဒါလျှောက်လွှာရောင်းမည့်ရက် | - | ၁-၁၀-၂၀၂၁ရက် (သောကြာနေ့) |
| (ခ)တင်ဒါလျှောက်လွှာ ပိတ်သိမ်းမည့်ရက်/ အချိန် | - | ၇-၁၀-၂၀၂၁ရက် (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီအချိန် |
| (ဂ)တင်ဒါဖွင့်ပွဲကျင်းပမည့်ရက် | - | ၁၁-၁၀-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၉နာရီအချိန် |
| (ဃ) တင်ဒါဖွင့်ပွဲကျင်းပမည့်နေရာ | - | လက်ထောက်ညွှန်ကြားရေးမှူး(မြို့ပြ)ရုံး ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန၊မြိတ်ခရိုင်၊ မြိတ်မြို့ |

၂။ တင်ဒါ စည်းကမ်းချက်နှင့် လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါ ဌာနတွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပါကြောင်းနှင့် အသေးစိတ် သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မြိတ်ခရိုင်**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**
**မြိတ်မြို့**
ဖုန်း-၀၅၉-၄၂၀၁၇၊ ၀၉-၂၆၂၈၀၃၁၃၄

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် (၁၃၂)၊ ဗိုလ်မင်းရောင်လမ်း၊ မြေကွက်အမှတ်(၁၀၀၅)၊ မိတ္တူခြမ်း အကျယ်အဝန်း (၂၀ ပေ x ၆၀ ပေ)၊ ဧရိယာ (၁၂၀၀) စတုရန်းပေရှိသော ဒေါ်သောင်းကြည် အမည်ပေါက် ပါမစ်မြေအမျိုးအစားမြေကွက်နှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ယင်းအမည်ပေါက် ပိုင်ရှင်ထံမှ အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပြီး လက်ရောက်ရယူပိုင်ဆိုင်ထားသူ ဒေါ်မှူ ၅/အရတ(နိုင်) ၀၁၁၉၄၅ ထံမှ ဝယ်ယူရန် ကျွန်ုပ်မှ ရောင်းချသော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

ဤအရောင်းအဝယ်ကို ပိုင်ရေးဆိုင်ခွင့်ရှိသူတို့မှ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစပြီး (၇)ရက်အတွင်း ခိုင်လုံသော စာချုပ်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်၍ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စုစုဝေ**
**၁၂/ဥကတ(နိုင်)၀၀၂၁၉၆**
**အမှတ်(၂၀၉)၊ သူရ(၇)လမ်း၊**
**(၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၂၅၆၁၁၃၂၉၉**

## အလိမ္မာ စာမှာရှိ

## အများသိစေရန်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ မမ-၁၅၊ တိုက်(၁၃)နေ ဒေါ်ဖြိုးမမ ပိုင်ဆိုင်သည့် Station Wagon မော်တော်ယာဉ် အမှတ် 9N/8763၏ ဖောင်းကြွနံပါတ် ပြားများသည် ၆-၉-၂၀၂၁ရက် ညနေတွင် ပျောက်ဆုံးသွားပါသဖြင့် ၎င်းနံပါတ်နှင့် ပတ်သက်၍ အမှုအခင်း တစ်စုံတစ်ရာ ပေါ်ပေါက်လာပါက သက်ဆိုင်မှုမရှိကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြိုးမမ**
**၁၃/ကမန(နိုင်) ၀၈၄၄၃၀**

## မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ လမ်းမတော်နယ်မြေ၊ ဆိပ်ခံဇောတံတား(၃)လက် နှင့် ဗားကရာ နယ်မြေရှိတံတား(၃)လက်၊ စုစုပေါင်း(၆)လက်အား အိတ်ဖွင့်တင်ဒါသွင်းနိုင်ကြောင်း ကြေညာစာ

၁။ လမ်းမတော်နယ်မြေ၊ ဆိပ်ခံဇောတံတား(၃)လက်နှင့် ဗားကရာနယ်မြေရှိ တံတား(၃)လက်၊ စုစုပေါင်း(၆)လက်

(က) ဝါးတန်းအမှတ်(၃)တံတား

(ခ) ဝါးတန်းအမှတ်(၆)တံတား

(ဂ) ကိုင်းတန်းအမှတ်(၁)တံတား

(ဃ) ဗားကရာအမှတ်(၁)တံတား

(င) ဗားကရာအမှတ်(၂)တံတား

(စ) ဗားကရာအမှတ်(၃)တံတား

| | | | |
|---|---|---|---|
| ၂။ | တင်ဒါပုံစံနှင့်စည်းကမ်းချက် ဝယ်ယူရန်နေ့ရက်၊အချိန်နှင့်နေရာ | - | ၁၀-၉-၂၀၂၁ရက်မှ ၁၄-၁၀-၂၀၂၁ရက်ထိ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းဌာန၊ ဒုတိယ အထွေထွေမန်နေဂျာရုံး (ဆူးလေ(၅)ဂိတ်အနီး) |
| ၃။ | စပေါ်ငွေပေးသွင်းရန် အချိန်နှင့်နေရာ | - | ၁၀-၉-၂၀၂၁ရက်မှ ၁၄-၁၀-၂၀၂၁ရက်ထိ ၉:၃၀နာရီမှ ၁၄:၀၀နာရီအတွင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ် မြေညီထပ်ရှိ ငွေစာရင်းဌာန၊ |
| ၄။ | အိတ်ဖွင့်တင်ဒါဈေးနှုန်း အဆိုပြုလွှာထည့်သွင်းရန် နေ့ရက်၊ အချိန်နှင့်နေရာ | - | ၁၀-၉-၂၀၂၁ရက်မှ ၁၄-၁၀-၂၀၂၁ရက်ထိ ၉:၃၀နာရီမှ ၂:၀၀နာရီအတွင်း၊မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ ကုန်လုပ်ငန်းဌာန၊ ဒုတိယအထွေထွေမန်နေဂျာရုံး (ဆူးလေ(၅)ဂိတ်အနီး) |
| ၅။ | အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ စိစစ်ရွေးချယ်မည့်နေ့ရက်နှင့်အချိန် | - | ၁၄-၁၀-၂၀၂၁ရက်(၁၄:၀၀)နာရီ |
| ၆။ | တင်ဒါပုံစံရောင်းချမည့်ဈေးနှုန်း | - | တင်ဒါပုံစံ(၁)စောင်လျှင် ၅,၀၀၀ိ/ |
| ၇။ | အိတ်ဖွင့်တင်ဒါအဆိုပြုလွှာ စိစစ်ရွေးချယ်မည့်နေရာ | - | အစည်းအဝေးခန်းမ(၂) မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ရုံးချုပ် |

**အိတ်ဖွင့်တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

စစ်ကိုင်းမြို့၊ ပန်းဘဲတန်းရပ်၊ ဦးပိုင်အမှတ်(၂၈ခ-၁)၊ အရှေ့ဘက်တောင်မြောက်(၂၆ပေ၈လက်မ)၊ အနောက်ဘက်တောင်မြောက်(၂၅)ပေ၊ တောင်ဘက်အရှေ့အနောက်(၅၂)ပေ၊ မြောက်ဘက်အရှေ့အနောက်(၄၉ပေ ၉ လက်မ)အကျယ်အဝန်းရှိ မြေကွက်အား ပိုင်ဆိုင်သူများဖြစ်သော ဦးမြင့်အောင် (ဘ)ဦးသာဟံ ၅/စကန(နိုင်)၀၃၆၈၇၇ နှင့် ဒေါ်သန်းသန်းထွေး (ဘ)ဦးစိန် ၅/စကန(နိုင်)၀၁၁၆၇၈ တို့မှ ၎င်းပိုင်ဆိုင်ကြောင်း စာရွက်စာတမ်းအထောက်အထားများဖြင့် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် ၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်သူများရှိပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အပြီးသတ်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူများ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးကျော်နိုင်ဦး** | **ဒေါ်မေသန်းနွယ်(LL.B)** |
| **၅/စကန(နိုင်)၂၅၇၂၈၈** | **အထက်တန်းရှေ့နေ(စဉ်-၃၉၈၃၄)** |
| **ဒေါ်ဆွေဇင်မိုးမြင့်** | **နေပြည်တော်လမ်း၊ မင်းလမ်းရပ်** |
| **၅/စကန(နိုင်)၂၁၉၂၅၄** | **စစ်ကိုင်းမြို့** |

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်ရပ်ကွက်၊ ၃၂/ပေါင်းလောင်း၂၊ ၁၅လမ်းတွင်ရှိသော မြေကွက်အမှတ်(၁၃၅၂)ဟုခေါ်တွင်သော အလျား ပေ၆၀ x အနံ ပေ ၄၀ရှိ နှစ်(၃၀)ဂရန်မြေကွက်သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဦးရွှေအိုးအမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ယင်းဂရန်မြေကွက်နှင့် မြေပေါ်တွင် ဆောက်လုပ်ထားသော တစ်ထပ်တိုက်နံကပ် နေအိမ်တစ်လုံးတို့အပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့် အရပ်ရပ်တို့အား ပိုင်ဆိုင်ရောင်းချခွင့်ရှိသူ ဒေါ်သန်းနွယ် ၉/ပဘန(နိုင်)၀၀၆၀၃၅ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်ဇော်အောင် ၇/တငန(နိုင်)၀၀၀၀၆၁က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၄ရက်အတွင်း ခိုင်မာသော တရားဝင် စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်မြောက်သည်အထိ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးရဲလင်းအောင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၄၆/၁၉)**
**အမှတ်-၁/၅၆၃၊ ၂-လမ်း၊ ဥယျာဉ်စုရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၃၀၁၅၅၃၃**

## သီပေါနမ့်လန်၌ မိုးနှင့် တောင်ကျရေများကြောင့် လူနေအိမ်နှစ်လုံး ရေထဲမျောပါ

**သီပေါ စက်တင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ကျေးရွာအုပ်စုတွင် မိုးအဆက်မပြတ် ရွာသွန်းမှုနှင့် တောင်ကျရေများကြောင့် ယနေ့ မွန်းလွဲပိုင်းက ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါရေကြီးရေလျှံမှုကြောင့် စိုက်ခင်းအချို့ ရေနစ်မြုပ်ပြီး ကောင်းလန်းရွာနှင့် ပန်ဟိုက်ရွာအဝင်တွင် လည်းကောင်း၊ နမ့်လန်တောင်ပိုင်းရပ်ကွက် နမ့်လွတ်ကျေးရွာ၌ လူနေအိမ်နှစ်အိမ် ရေစီးနှင့် မျောပါသွားသဖြင့် ၎င်းတို့စားသောက်ရေးအတွက် နမ့်လန်အုပ်ချုပ်ရေးမှူးနှင့် စေတနာရှင်များက ဆန်၊ ဆီ၊ ဆားနှင့် ပဲများ သွားရောက် ကူညီထောက်ပံ့ပေးသည်။

**စိုင်း(သီပေါ)**



## မွေးစားသမီးများအဖြစ်မှ ပယ်ဖျက်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အမှတ်(၄၉၁/ ၃၂အေ+ဘီ)၊ အဥ္စလီဖြိုးကွန်ဒို၊ ပထမထပ်နေ ကျွန်မ ဒေါက်တာခင်ဝင်းရီ ၁၂/ဗဟန(နိုင်)၀၃၀၈၂၄ က ကြေညာအပ်ပါသည်။

ကျွန်မသည် ၈-၁-၁၉၈၈ နေ့စွဲပါ ရန်ကုန်မြို့စာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏ မှတ်ပုံတင် မွေးစားစာချုပ်အမှတ် -၃၈၉/၈၈ ဖြင့် ဒေါ်အေးအေးမော် ၁၂/လသန(နိုင်)၀၀၈၀၇၆၊ ဒေါ်မာလာမော် ၁၂/လသန(နိုင်)၀၀၇၉၆၈၊ ဒေါက်တာကျော်စိုးမိုး ၁၂/လသန(နိုင်)၀၀၁၂၅၅ တို့(၃)ဦးတို့ကို မွေးစားခဲ့ပါသည်။ ယခုအခါ ကျွန်မသည် ရောဂါဝေဒနာခံစားနေရပြီး အာရုတော်ဝင်ဆေးရုံ၌ ဆေးဝါးကုသရခြင်း၊ နေအိမ်တွင်လည်း သူနာပြုဆရာမခေါ်ယူ၍ ဆေးဝါးကုသမှုပြုလုပ်နေချိန်တွင် မွေးစားသားတစ်ဦးဖြစ်သူ ဒေါက်တာကျော်စိုးမိုး နေ့ညမပြတ်လာရောက်ကြည့်ရှု စောင့်ရှောက်လျက်ရှိသော်လည်း မွေးစားသမီးများဖြစ်ကြသော ဒေါ်အေးအေးမော်နှင့် ဒေါ်မာလာမော်တို့သည် လုံးဝလာရောက်ကြည့်ရှုခြင်းပင်မရှိဘဲ သမီးဝတ္တရားများ ပျက်ကွက်လျက်ရှိပါသည်။ ထို့ကြောင့်မွေးရကျိုးပင် မနပ်တော့သော မွေးစားသမီးများဖြစ်သည့် ဒေါ်အေးအေးမော်နှင့် ဒေါ်မာလာမော်တို့နှစ်ဦးအား ယနေ့မှစ၍ မွေးစားသမီးများ အဖြစ်မှ ပယ်ဖျက်လိုက်ပါသည်။

**ဒေါက်တာဒေါ်ခင်ဝင်းရီ၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်လွင်(ADVOCATE)**
**B.COM.(A.A), D.E.P,R.L**
**တရားလွှတ်တော်ရှေ့နေ(၂၈၅၉/၁၉-၁၁-၁၉၈၄)**
**အမှတ်(၁၉)၊ ၁၂၇-လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်**
**ဖုန်း-၀၉-၄၂၀၁၂၄၁၄၉၊ ၀၁-၂၉၇၈၃၀**

## အပြီးအပိုင်ဝယ်ယူကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၄)ရပ်ကွက်၊ စံပယ်(၂) လမ်း၊ အမှတ်(၅၅၁)၊ ခြောက်လွှာ(ခြေရင်းခန်း) ရေမီးအပါအဝင် တိုက်ခန်းကို ရောင်းချသူ ဒေါ်စန်းစန်းဝေ-၁၂/ဗဟန(နိုင်)၀၀၉၆၅၅နှင့် သားဖြစ်သူ တာလာမျိုးဝေ ၁၂/ဒဂတ(နိုင်)၀၆၅၀၆၁ ထံမှ ဒေါ်စန္ဒာထွန်း၁၂/ဗဟန(နိုင်)၀၇၉၁၈၄ က အပြီးအပိုင် လက်ရောက်ဝယ်ယူရန် စရန်ငွေပေးချေပြီး ဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ တစ်စုံတစ်ရာ ကန့်ကွက်လိုပါက ၄-၁၀-၂၀၂၁ရက်မတိုင်မီ ခိုင်လုံသောသက်သေခံဆက်စပ်စာချုပ်မူရင်း(မူရင်း)အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**ဒေါ်စန္ဒာထွန်း၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမျိုးမော် B.Sc,PGDL**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၆၇၄)**
**ဖုန်း-၀၉-၅၁၅၆၆၈၃**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ် (၃၇၂၊ ၃၇၃၊၃၇၅)၊ ဧရိယာ (၀ ဒသမ ၃၈၂)ဧကရှိ ဒေါ်ကြည်ကြည်ညွန့် အမည်ပေါက် နှစ် (၃၀) မြေငှားစာချုပ် မြေကွက်ကို အမည်ပေါက်သူ ဒေါ်ကြည်ကြည်ညွန့် (ဘ)ဦးသောင်းညွန့် ၁၀/မဒန(နိုင်) ၀၃၂၁၆၆ မှ ဦးသောင်းထွန်း (ဘ)ဦးကျော်သိန်း ၁၀/သဖရ(နိုင်)၀၅၃၅၁၁ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask) ကို
စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း


မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၀ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၁၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က)ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၄၆-၃၁၀၀၅**
**(ခ)ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

## လက်ပံတန်းမြို့နယ် မီးသတ်နာယကကြီး
## ဦးဇော်ဝင်း(တရားလွှတ်တော်ရှေ့နေ)
## အသက်(၈၄)နှစ်

ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၊ အမှတ်(၆)၊ (၁)လမ်းနေ (ဦးမောင်စိန်-ဒေါ်အေးစိန်)တို့၏သား၊ ဒေါ်သိန်းနွဲ့(KING စားသောက်ဆိုင်)၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်နိုင်ဝင်း-မခိုင်ခိုင်တင့်၊ ကိုဇော်ခိုင်ဝင်း-မနေနွယ်ထွန်း၊ ကိုဇော်သက်ဝင်း-မတင်တင်အေးတို့၏ဖခင်၊ မြေးခြောက်ယောက်တို့၏အဘိုး ဦးဇော်ဝင်းသည် ၇-၉-၂၀၂၁ရက် နံနက် ၄:၀၅နာရီတွင် (၈၄)ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ကူးပြောင်းသွားပါသဖြင့် ကျန်ရစ်သည့် ရုပ်ကလာပ်ကို လက်ပံတန်းမြို့ အရှေ့သုသာန်၌ ယင်းနေ့ ညနေ ၃:၁၅နာရီတွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေသားချင်းများအား ညိုးငယ်သောစိတ်ထားဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**
**မြန်မာ့အာမခံလုပ်ငန်း**
**အငယ်တန်းစာရေးရာထူး (၈၆)နေရာနှင့် ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး ရာထူး(၅)နေရာများအတွက် ရေးဖြေစာမေးပွဲအောင်မြင်သည့် ခုံအမှတ်များထုတ်ပြန်ခြင်း**
**၁၃၈၃ခုနှစ် တော်သလင်းလဆန်း ၃ရက်**
**၂၀၂၁ခုနှစ် စက်တင်ဘာ ၈ရက်**

၁။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့အာမခံလုပ်ငန်းတွင် လစ်လပ်လျက်ရှိသော လစာနှုန်းကျပ် (၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရရှိသော အငယ်တန်းစာရေးရာထူး(၆၈)နေရာနှင့် ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး(၅)နေရာများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲအား ၁၀-၇-၂၀၂၁ရက်တွင် တိုင်းဒေသကြီး(ပဲခူးတိုင်းဒေသကြီးမှအပ)/ပြည်နယ် အသီးသီးနှင့် ပြည်ထောင်စုနယ်မြေတို့၌ ကျင်းပပြုလုပ်ခဲ့ပြီး ရေးဖြေအောင်မြင်သူများ၏ ခုံအမှတ်များအား အောက်ပါအတိုင်း ထုတ်ပြန်ကြေညာလိုက်သည်-

(က) **ရန်ကုန်တိုင်းဒေသကြီး(ရုံးချုပ်)**
ရန်ကုန် - ၀၀၁၊ ၀၀၂၊ ၀၀၃၊ ၀၀၄၊ ၀၀၅၊ ၀၀၆၊ ၀၀၈၊ ၀၀၉၊ ၀၁၀၊ ၀၁၁၊ ၀၁၂၊ ၀၁၃၊ ၀၁၄၊ ၀၁၅၊ ၀၁၆၊ ၀၁၇၊ ၀၁၈၊ ၀၂၀၊ ၀၂၁၊ ၀၂၂၊ ၀၂၄၊ ၀၂၆၊ ၀၂၇၊ ၀၂၈၊ ၀၃၀၊ ၀၃၃၊ ၀၃၄၊ ၀၃၅၊ ၀၃၆၊ ၀၄၁၊ ၀၄၂၊ ၀၄၃၊ ၀၄၄၊ ၀၄၅၊ ၀၄၆၊ ၀၄၈၊ ၀၅၀၊ ၀၅၁၊ ၀၅၂၊ ၀၅၅၊ ၀၅၇၊ ၀၆၅၊ ၀၆၉၊ ၀၇၀၊ ၀၇၂၊ ၀၇၆၊ ၀၇၇၊ ၀၇၈၊ ၁၀၉၊ ၁၁၀၊ ၁၁၁၊ ၁၁၂၊ ၁၁၃၊ ၁၁၄၊ ၁၁၅၊ ၁၁၇၊ ၁၂၀၊ ၁၂၂၊ ၁၂၃၊ ၁၂၄၊ ၁၂၅၊ ၁၂၇၊ ၁၂၈၊ ၁၂၉၊ ၁၃၀၊ ၁၃၁၊ ၁၃၂၊
ရန်ကုန် (ကွန်ပျူတာ) - ၀၀၁၊ ၀၀၂၊ ၀၀၃၊ ၀၀၄၊ ၀၀၅၊ ၀၀၆၊ ၀၀၈၊ ၀၀၉၊ ၀၁၀

(ခ) **နေပြည်တော်**
နေပြည်တော် - ၀၀၁၊ ၀၀၂၊ ၀၀၃၊ ၀၀၄၊ ၀၀၅၊ ၀၀၆၊ ၀၀၇၊ ၀၀၉၊ ၀၁၀၊ ၀၁၁

(ဂ) **ကချင်ပြည်နယ်**
ကချင် - ၀၀၁၊ ၀၀၂၊ ၀၀၃

(ဃ) **ကရင်ပြည်နယ်**
ကရင် - ၀၀၁၊ ၀၀၂

(င) **မွန်ပြည်နယ်**
မွန် - ၀၀၁၊ ၀၀၂၊ ၀၀၅၊ ၀၀၆၊ ၀၀၇၊ ၀၁၀၊ ၀၁၁၊ ၀၁၂

(စ) **ရခိုင်ပြည်နယ်**
ရခိုင် - ၀၀၁၊ ၀၀၂၊ ၀၀၆

(ဆ) **ရှမ်းပြည်နယ်**
ရှမ်း - ၀၀၃၊ ၀၀၄၊ ၀၀၇

(ဇ) **စစ်ကိုင်းတိုင်းဒေသကြီး**
စစ်ကိုင်း - ၀၀၁၊ ၀၀၂၊ ၀၀၃၊ ၀၀၄၊ ၀၀၅၊ ၀၀၆

(ဈ) **တနင်္သာရီတိုင်းဒေသကြီး**
တနင်္သာရီ - ၀၀၁၊ ၀၀၂

(ည) **မကွေးတိုင်းဒေသကြီး**
မကွေး - ၀၀၁၊ ၀၀၂၊ ၀၀၃၊ ၀၀၄၊ ၀၀၈၊ ၀၁၁၊ ၀၁၂၊ ၀၁၃၊ ၀၁၅

(ဋ) **မန္တလေးတိုင်းဒေသကြီး**
မန္တလေး - ၀၀၁၊ ၀၀၂၊ ၀၀၃၊ ၀၀၄၊ ၀၀၅၊ ၀၀၆၊ ၀၀၇၊ ၀၀၈၊ ၀၀၉
မန္တလေး (ကွန်ပျူတာ) - ၀၀၁

(ဌ) **ဧရာဝတီတိုင်းဒေသကြီး**
ဧရာဝတီ - ၀၀၁၊ ၀၀၂၊ ၀၀၃၊ ၀၀၄၊ ၀၀၅၊ ၀၀၉
ဧရာဝတီ (ကွန်ပျူတာ) - ၀၀၁

၂။ အရည်အချင်းစစ်ရေးဖြေစာမေးပွဲအောင်မြင်သူများအား **၁၄-၉-၂၀၂၁ရက်**တွင် လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုစစ်ဆေးခြင်းများကို တိုင်းဒေသကြီး/ပြည်နယ်အသီးသီးနှင့် ပြည်ထောင်စုနယ်မြေများ၌ COVID-19 ကာကွယ်ထိန်းချုပ်မှုဆိုင်ရာ ကန့်သတ်ချက်များနှင့်အညီ ပြုလုပ်မည်ဖြစ်ရာ ဖြေဆိုခဲ့ကြသည့် သက်ဆိုင်ရာမြန်မာ့အာမခံလုပ်ငန်း ပြည်နယ်/တိုင်းဒေသကြီး/ခရိုင်ရုံးများနှင့် ပြည်ထောင်စုနယ်မြေများသို့ အောက်ပါစာရွက်စာတမ်းများနှင့်အတူ **၁၃-၉-၂၀၂၁ရက်** ရုံးချိန်အတွင်း အချိန်မီသတင်းပေးပို့ရမည်ဖြစ်ပါသည်-
(က) နိုင်ငံသားစိစစ်ရေးကတ်ပြား(မူရင်း/မိတ္တူ)
(ခ) တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်၊ ဘွဲ့ရလက်မှတ်(မူရင်း/မိတ္တူ)

၃။ လူတွေ့စစ်ဆေးခြင်းနှင့် ကွန်ပျူတာကျွမ်းကျင်မှုအစစ်ဆေးခံရန် လာရောက်သူများသည် **မြန်မာ့ယဉ်ကျေးမှုနှင့်လျော်ညီစွာ** ဝတ်ဆင်လာရမည်။

၄။ အငယ်တန်းစာရေးရာထူးနေရာနှင့် ဒု-လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူးရာထူးနေရာများအတွက် အရွေးချယ်ခံရသူများစာရင်းအား နိုင်ငံပိုင်သတင်းစာများ၌ ထည့်သွင်းကြေညာပေးသွားမည်ဖြစ်ပြီး ရွေးချယ်ခံရသူများထံသို့ တယ်လီဖုန်းဖြင့် ဆက်သွယ်အကြောင်းကြားသွားမည်ဖြစ်ပါသည်။

**မြန်မာ့အာမခံလုပ်ငန်း**

---

**ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ**

---

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဦးသျှောင်ဩဝါဒါစရိယ၊ ပြည်တွင်း-ပြည်ပ မဟာစည်သာသနာ့ရိပ်သာများ၏ နာယက- လမ်းညွှန်ဦးသျှောင်ဩဝါဒါစရိယ မဟာကမ္မဋ္ဌာနာ စရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ
### မဟာစည်မြဝတီ သာသနာ့ရိပ်သာ၏ ဦးစီးပဓာန နာယက
## ဘဒ္ဒန္တ ပဏ္ဍိဝံသ
### သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မဟာစည်မြဝတီသာသနာ့ရိပ်သာ၏ ဦးစီးပဓာန နာယက၊ ပြည်တွင်း ပြည်ပ မဟာစည်သာသနာ့ရိပ်သာများ၏ နာယက၊ လမ်းညွှန်ဦးသျှောင်ဩဝါဒါစရိယ၊ မဟာကမ္မဋ္ဌာနာစရိယ၊ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တ ပဏ္ဍိဝံသ မဟာထေရ်သည် (၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၂ရက်) ၇-၉-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၄နာရီ ၄၄မိနစ်အချိန်တွင် ခန္ဓာဝန်ဇာတ်သိမ်း ချုပ်ငြိမ်းတော်မူခဲ့ပါသည်။

မဟာစည် မြဝတီသာသနာ့ရိပ်သာ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို (၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၂ ရက်) ၇-၉-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ပူဇော်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဆရာတော် သံဃာတော်များ၊ ဆွေတော်မျိုးတော်များနှင့် တပည့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်
တပည့်ဒါယကာ၊ ဒါယိကာမများ

---

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ကန်၊ လမ်း ဒါယကာကြီး
## သီရိသုဓမ္မမဏိဇောတဓရ မုံရွာဆရာမိုး
## (မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း)
## အသက်(၇၈)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (ဈ)ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ်(၃၅၆)နေ (ဦးမြထင်-ဒေါ်ရွှေကြည်) တို့၏သား၊ ဦးကျော်ကိုကိုရှိန်း-သီရိသုဓမ္မသိင်္ဂီ ဒေါ်မိုးပြည့်ပြည့်ဖြိုးတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မောင်ကျော်ကိုကိုဆက်နိုင်၊ မောင်သုဝေယံရှိန်း၊ မောင်မိုးပြည့်စုံဟိန်း တို့၏ချစ်လှစွာသောအဘိုး၊ (ဒေါ်သိန်းမှီ)၏ချစ်လှစွာသောခင်ပွန်းသည် ၇-၉-၂၀၂၁ရက်(အင်္ဂါနေ့) ညနေ ၅:၁၅ နာရီတွင် ကန်သာယာဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၉-၂၀၂၁ရက် မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကွယ်လွန်သူအားရည်စူး၍ ၁၃-၉-၂၀၂၁ရက်တွင် သံဃာတော် အရှင်သူမြတ်တို့အား ဆွမ်း၊ ခဲဘွယ်၊ ဘောဇဉ်၊ ချိုချဉ်၊ ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်း အမျှအတန်းပေးဝေမည်ဖြစ်ပါသဖြင့် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ကြပါရန် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

**မေတ္တာဖြင့် တိုက်ခန်းအပိုင်ပေးခြင်းအား**
**အများသိစေရန်ကြေညာခြင်း**

ကျွန်မ ဒေါ်သန်းသန်းလှ ၁၂/တမန(နိုင်) ၀၉၁၇၆၇ သည် ကျွန်မ တရားဝင် ပိုင်ဆိုင်သော ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်တောင်ပိုင်းခရိုင်၊ သန်လျင်မြို့နယ်၊ သန်လျင်-ရန်ကုန်တံတားအနီး ကြယ်စင်အိမ်ရာရှိ တိုက်အမှတ် B4, အခန်းအမှတ် ၁၀၀၈၊ ၁၀လွှာ ၏ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို သားဖြစ်သူ ဦးသက်စိုးလှဆိုင် ၁၂/တမန(နိုင်) ၀၀၀၇၇၃အား ၅-၉-၂၀၂၁ရက်စွဲပါ မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း စာချုပ်ဖြင့် အပြီးအပိုင်ပေးကမ်းခြင်းအား အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်သန်းသန်းလှ ၁၂/တမန(နိုင်)၀၉၁၇၆၇

---

**အများသိစေရန် ကြေညာခြင်း**

နေပြည်တော်၊ ပျဉ်းမနားမြို့၊ ရွာကောက်အုပ်စု၊ ကုန်းမြင့်ရပ်ကွက်၊ မင်္ဂလာစမ်းရေတွင်းလမ်းတွင်ရှိသော အလျား (၃၀)ပေxအနံ(၂၀)ပေရှိသော မြေကွက်အား ဦးတင်အေးထံမှ ၇-၆-၂၀၁၄ ရက်တွင် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးသိန်းလှိုင် ၈/နမန(နိုင်)၁၁၄၅၁၆ က အပြီးအပိုင်ဝယ်ယူ၍ အိမ်အမှတ် ၉/၁၂၀(ခ)နှစ်ထပ်တိုက် နံကပ်နေအိမ်အား ဆောက်လုပ်နေထိုင်ခဲ့ပါသည်။

သို့ဖြစ်ပါ၍ အထက်ပါနေအိမ်နှင့် ဝိုင်းမြေသည် ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော နေအိမ်နှင့် ဝိုင်းမြေဖြစ်၍ မည်သူတစ်ဦးတစ်ယောက်မှ ကျွန်ုပ်မိတ်ဆွေ သိရှိခြင်းမရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်းခြင်းများ မပြုလုပ်ကြရန် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးရဲလင်းအောင် (LL.B.)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၇၄၆/၁၉)
အမှတ်-၁/၅၆၃၊ ၂-လမ်း၊ ဥယျာဉ်စုရပ်ကွက်၊
ပျဉ်းမနားမြို့၊ နေပြည်တော်၊ ဖုန်း-၀၉-၄၃၀၁၅၅၃၃

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ သာသနာ့ဒါယကာကြီး

## ဦးစိန်ညွန့်

ဆောက်လုပ်ရေး(ငြိမ်း)ဒေသအဖွဲ့(၆)

**အသက်(၉၃)နှစ်**

ပုဂံညောင်ဦးမြို့နယ်၊ ကန်စောင့်ရွာနေ (ဦးဘိုးဟန်-ဒေါ်ဖီ)တို့၏သား၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၅၃)ရပ်ကွက်၊ ရတနာပုံလမ်း၊ အမှတ်(၈/က)နေ (ဒေါ်စန်း)၏ခင်ပွန်း၊ ဦးအေးမြင့်ရွှေ-ဒေါ်အေးအေးမူ၊ဦးဝင်းထွန်းစိုး-ဒေါ်အေးအေးကြူ၊ ဦးခင်မောင်ဆွေ-ဒေါ်ခင်သင်းကြူ၊ဦးကျော်ကျော်နိုင်-ဒေါ်မင်းမင်းအေး၊ ဦးတင်မောင်လှ-ဒေါ်သန့်ဇင်တိုး၊ ဦးကျော်ကျော်ထွန်း-ဒေါ်နှင်းရတနာထွေးတို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မောင်ရဲရင့်ထက်၊ မဆုမြတ်ထူး၊ မကြယ်စင်နှင်းတို့၏ ချစ်လှစွာသောအဘိုးသည် ၃-၉-၂၀၂၂ရက် (သောကြာနေ့) နံနက် ၆နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ယင်းနေ့ ညနေ ၃နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးသိန်းအေး

လ/ထမန်နေဂျာ(ငြိမ်း)၊ လူမှုဖူလုံရေးအဖွဲ့
အလုပ်သမားဝန်ကြီးဌာန

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၆၄၆)(ခ)၊ အင်းဝ(၁၉)လမ်း(ခ)၊ (၆)ရပ်ကွက်နေ ဒေါ်အုံးရီ၏ ခင်ပွန်း၊ (ဦးကျော်-ဒေါ်သိန်းကြွယ်)တို့၏သားကြီး၊ Dr.ယဉ်ယဉ်အေး(တွဲဖက်ပါမောက္ခ၊ သင်္ချာဌာန၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်)၊ ဒေါ်မိုးမိုးအေး၊ Dr.ချိုချိုအေးတို့၏ မွေးသဖခင်ကျေးဇူးရှင် ဦးသိန်းအေးသည် ၅-၉-၂၀၂၂ရက် ည ၇:၀၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၆-၉-၂၀၂၂ရက်တွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ကွယ်လွန်သူအားရည်စူး၍ ၁၁-၉-၂၀၂၂ရက်(စနေနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာယူခြင်းပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ခင်စိုးရီ

**အသက် (၆၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ၃-ရပ်ကွက်၊ သုခလမ်း၊ အမှတ်(၄၆၉)နေ ဦးကျော်ဝင်း(စိုက်ပျိုးရေး၊ ပြန်ကြားရေး-ငြိမ်း)၏ ဇနီး၊ (ဦးဝင်းနိုင်)၊ ဒေါ်နွယ်နွယ်စိုး၊ ဦးကျော်သူ၊ ဦးဇော်မော်တို့၏ မိခင်၊ ကိုစိုင်းမောင်မောင်၊ မအေးငြိမ်းလှိုင်၊ မအိရွှေစင်တို့၏ အဘွားဒေါ်ခင်စိုးရီသည် ၆-၉-၂၀၂၂ရက် (တနင်္လာနေ့) ညနေ ၄:၃၅နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၇-၉-၂၀၂၂ ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ကျီစုသုသာန်၌ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ **ကျန်ရစ်သူမိသားစု**

## ဦးကျော်ကျော်မြင့်(ခ) ဦးဆန်နီ

မြို့နယ်သတင်းထောက်(ငြိမ်း)

**အသက်(၆၄)နှစ်**

မိတ္ထီလာမြို့၊ အမှတ်(၆၁)၊ ရပ်ရှင်ရုံလမ်း၊ မြို့မလေးရပ်နေ အလင်းရောင်စာပေ(ဦးလှဖေ-ဒေါ်ကြည်သန်း)တို့၏ သားငယ်၊ ရန်ကုန်မြို့နေ(ဦးသန်းရွှေ)-ဒေါ်တင်စမ်းရည်(ခ)ဒေါ်တူးတူး၊ မိတ္ထီလာမြို့နေ ဦးမောင်မောင်-ဒေါ်အေးအေးမာ(အထက်တန်းကျောင်းအုပ်ကြီး၊ ငြိမ်း)တို့၏ညီ/မောင်၊ ဦးသန့်ဇင်ရွှေ-ဒေါ်နီလာခင်၊ ဒေါ်အိအိရွှေ၊ ဦးအောင်မြင့်ဦး-ဒေါ်အုအုရွှေ၊ ဒေါ်ယုယုရွှေ၊ ဦးဇော်ဝင်းဦး-ဒေါ်စုစုရွှေ၊ ဦးစွမ်းပြည့်မောင်၊ ဦးဇာနည်-ဒေါ်နှင်းဝင့်မောင်၊ ဦးရဲဝင့်မောင်၊ ဦးရဲရင့်မောင် တို့၏ဦးလေး၊ မြေး ငါးယောက်တို့၏ အဘိုးလေးသည် ၃-၉-၂၀၂၂ရက် (သောကြာနေ့) မွန်းလွဲ ၂:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေတွင် ကောင်းမွန်စွာသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဝမ်းနည်းစွာဖြင့် အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

### ဒေါ်ထက်ထက်ဝေကျော်(ဘ)ဦးကျော်စိုး ၇/ရတရ(နိုင်)၁၂၁၆၄၀နှင့် အများသိစေရန် ကြေညာချက်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ သာဂရကျေးရွာအုပ်စု၊ ကန်ကြီးရပ်နေ ဦးသန်းထွန်း၏သား ကျွန်ုပ်မိတ်ဆွေ ဦးအောင်ထွန်းမင်း ၇/ရတရ(နိုင်)၁၁၃၅၀၆ ၏ လွှဲအပ်ချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

ရေတာရှည်မြို့နယ်၊ သာဂရကျေးရွာအုပ်စု၊ ကန်ကြီးရပ်နေ ဦးသန်းထွန်း၏သား ကျွန်ုပ်မိတ်ဆွေ ဦးအောင်ထွန်းမင်းနှင့် ဦးကျော်စိုး၏သမီး ဒေါ်ထက်ထက်ဝေကျော်တို့သည် လွန်ခဲ့သော(၁၆)နှစ်ခန့်က မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ လက်ထပ်ပေါင်းသင်းခဲ့ကြ၍ သားသမီး(၃)ဦး ထွန်းကားခဲ့ပြီးနောက် ဒေါ်ထက်ထက်ဝေကျော်သည် ပေါင်းသင်းစဉ်တလျှောက်လုံး ခင်ပွန်းနှင့်သားသမီးများကို ထားရစ်ကာ ခင်ပွန်းသည်၏ ခွင့်ပြုချက်မရရှိဘဲ မိမိ၏ စိတ်သဘောဆန္ဒအလျောက် နေအိမ်မှ အကြိမ်ကြိမ် မည်သည့်ဒေသသို့ ထွက်ခွာသွားခြင်းဖြစ်ကြောင်း သိရှိရခြင်းမရှိဘဲ ထွက်ခွာသွားခြင်းများပြုလုပ်၍ ကျွန်ုပ်အမှုသည်အားပတ်ဝန်းကျင်တွင် ဂုဏ်သိက္ခာကျဆင်းစေခြင်း၊ အရှက်ရစေခြင်းများ ပြုလုပ်နေသူဖြစ်သောကြောင့် ယနေ့မှစ၍ ဒေါ်ထက်ထက်ဝေကျော်နှင့်ပတ်သက်သမျှ ကိစ္စအရပ်ရပ်တို့အပေါ် ကျွန်ုပ်မိတ်ဆွေမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကျွန်ုပ်မိတ်ဆွေနှင့် လုံးဝသက်ဆိုင်မှုမရှိတော့ကြောင်း အများသိစေရန် ကြေညာပါသည်။

**ဦးအောင်ထွန်းမင်း၏လွှဲအပ်ချက်အရ-**
**ဒေါ်မိုးမြင့်မြင့်ကျော်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်-၁၀၀၁၆(၂၄-၆-၂၀၁၄)**
**အမှတ်(၅) သကြားစက်ရုံရှေ့၊ မြို့လှမြို့။**
**ဖုန်း-၀၉-၄၂၀၇၂၆၅၁၄**




# ဘဒ္ဒန္တတိလောကာဘိဝံသ

## (အဘိဓဇမဟာရဋ္ဌဂုရု)

## သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ မဟာနန္ဒိသေနာရာမတိုက်၊ ပဓာနနာယကဆရာတော် ဘဒ္ဒန္တတိလောကာဘိဝံသ (သ.အ.သိရီပဝရဓမ္မာစရိယ၊ ပါဠိပါရဂူ၊ အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇမဟာရဋ္ဌဂုရု၊ နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)မဟာထေရ်မြတ်ကြီးသည် (၁၃၈၃ခုနှစ် ဝါခေါင်လဆန်း ၁ ရက်) ၈-၈-၂၀၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ရာ ကိုဗစ်စည်းကမ်းနှင့်အညီ အန္တိမအဂ္ဂိစျာပနကျင်းပပူဇော်ပြီးဖြစ်ပါသည်။ မဟာထေရ်မြတ်ကြီး၏ သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ကို အာရုံပြု၍ (၁၃၈၃ခုနှစ် တော်သလင်းလဆန်း ၁ ရက်) ၆-၉-၂၀၂၂ ရက်(တနင်္လာနေ့)တွင် (၁)လပြည့်အထိမ်းအမှတ်အဖြစ်ဖြင့် ဘုရားအမှူးရှိသော သံဃာတော်အရှင်မြတ်တို့အား ဆွမ်းသင်္ကန်း အစရှိသော လှူဖွယ်ဝတ္ထုတို့ကို ဆက်ကပ်လှူဒါန်းလျက် ကျေးဇူးဆပ်ကုသိုလ်ပြုပါသည်။

**မဟာနန္ဒိသေနာရာမတိုက်**
**တပည့်သံဃာတော်များနှင့် ဒါယကာ၊ ဒါယိကာမများ**

# အထူးဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ စေတီ၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ်၊ ရေတွင်း ၊ရေကန် ဆည်၊လမ်းနှင့် တံတားဒါယိကာမကြီး

# ဒေါ်ခင်ရီ(သံဖြူဇရပ်)

## အသက်(၇၉)နှစ်

SML Business Group Co.,Ltd, SML Medical and Diagnostic Center, SML Advanced Medical Laboratory ၏ Managing Director ဦးစိုးမင်းလတ်-ဒေါက်တာချောချောလင်းစန္ဒာတို့၏ မိခင်ကြီး ဒေါ်ခင်ရီသည် ၄-၉-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**SML ဝန်ထမ်းမိသားစုများ**

**ရန်ကုန်၊ မန္တလေး၊ မုံရွာ၊ မော်လမြိုင်**
**ပဲခူး၊ ပြည်၊ တောင်ကြီး၊ ပုသိမ်**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၃၇၇)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ကြည်ကြည်ညွန့် အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို အမည်ပေါက်သူ ဒေါ်ကြည်ကြည်ညွန့်(ဘ)ဦးသောင်းညွန့် ၁၀/မဒန(နိုင်) ၀၃၂၁၆၆မှ ဦးသောင်းထွန်း (ဘ)ဦးကျော်သိန်း ၁၀/သဖရ(နိုင်)၀၅၃၅၁၁ နှင့် မှတ်ပုံတင်အရောင်းအဝယ် စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင် ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

### ပြင်ဆင်ဖတ်ရှုပါရန်

၄-၉-၂၀၂၂နေ့ထုတ် ဤသတင်းစာ စာမျက်နှာ(၃၁)ပါ ဦးအောင်ဇော်ဟိန်း အသက်(၆၃)နှစ်ကြော်ငြာတွင် (ဦးအောင်စိန်မြင့်-ဒေါ်အောင်ကြည်)တို့၏သားကြီးအစား (ဦးအောင်စိန်မြင့်)-ဒေါ်အောင်ကြည်တို့၏ သားကြီးဟု ပြင်ဆင်ဖတ်ရှုပါရန်။

### ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့၊ ငန်းတေးရပ်ကွက်၊ အမှတ်(၉၄၃)ဟုခေါ်တွင်သော အကွက်အမှတ်(၅၉၉)၊ ဦးပိုင်အမှတ်(၁၈)၊ ဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ နှစ်(၃၀)ဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့အား ၃-၉-၂၀၂၂ ရက်စွဲပါ နှစ်ဦးသဘောတူမြေနှင့် အိမ်အရောင်းအဝယ် စရန်ငွေပေးကတိစာချုပ်အရ ဒေါ်ဝင်းဝင်းစိုး ၁၀/မလမ(နိုင်)၀၈၅၃၄၆ အား ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေ၍ ဝယ်ယူထားပါသည်။ အဆိုပါပစ္စည်းနှင့် ပတ်သက်၍ အပြီးသတ်ငွေချေပြီး တရားဝင်လက်ရောက်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တရားဝင်ပိုင်ဆိုင်ရေး ကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သန္တာအောင် (LL.B,D.I.L)**
**တရားလွှတ်တော်ရှေ့နေ၊ စဉ်-၁၂၀၈၇**
**အမှတ်-၅၁၆/ခ၊ တောင်ငူလမ်း၊ (၁၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၁၁၇၀၃၉**

### ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ စိန်ပန်းမြိုင်လမ်း၊ မြေကွက်အမှတ်(၉၁၂)၊ မြေပေအကျယ် အလျား၄၁ပေxအနံ၆၀ပေ၊ ဧရိယာ စတုရန်းပေ ၂၄၆၀ ရှိ နှစ်(၆၀)ဂရန်မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု(မြေယာဌာန)၏ မြို့မြေစာရင်းတွင် ဒေါ်သန်းတင်(ISN-၀၅၃၅၄၉) အမည်ဖြင့် မှတ်သားတည်ရှိလျက်ရှိပြီး ထိုအိမ်ခြံမြေကွက်ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိသူ ဦးကျော်ကျော်စိုး ၉/မရမ(နိုင်)၀၂၁၄၈၅ က ယင်းအိမ်ခြံမြေကွက်အား ၎င်းမှရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသဖြင့် အပြီးအပိုင်လက်ရောက်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးခင်မောင်ထွေး ၁၂/ဗဟန(နိုင်)၀၀၁၃၈၆ နှင့် ဒေါ်နီလာဝင်း ၁၂/တမန(နိုင်)၀၀၀၄၄၃ တို့က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အားကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ရီရီသန့်( အလင်္ကာ Law Firm)**
**LL.B, D.B.L, D.M.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၉၃၉)**
**အမှတ်(၅၂၅/ခ)၊ မင်းရဲကျော်စွာ(၄)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၃၀၆၆၁၆၄၊ ၀၉-၇၉၆၆၀၀၂၁၇**

### အမွေပြတ်စွန့်လွှတ်ခြင်း

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ မိုင်းဆတ်မြို့၊ မယ်ဆွမ်မြောက်ရပ်ကွက်၊ ကွက်သစ်ရပ်၊ အနော်ရထာလမ်းနေ ဦးမြတ်သူ၏သား မောင်စိုးဒီမို ၁၃/မဆန(နိုင်)၀၂၂၆၃၂သည် မိဘဆိုဆုံးမမှုကို နာခံခြင်းမရှိဘဲ မိမိသဘောဆန္ဒအလျောက် ပြုမူနေထိုင်သဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၎င်းနှင့်ပတ်သက်သည့် ကိစ္စအားလုံးကို တာဝန်ယူမည်မဟုတ်ကြောင်းအသိပေးကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဖခင်- ဦးမြတ်သူ**
**၁၃/မဆန(နိုင်)၀၀၁၄၅၆**

**သွေးသည် အသက်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ပြန်လည်ရောက်ရှိ

**နေပြည်တော် စက်တင်ဘာ ၇**

ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၆ ရက် ဒေသစံတော်ချိန်ညပိုင်းတွင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ Novosibirsk မြို့၊ Tolmachevo လေဆိပ်မှ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သို့ အပြည်ပြည်ဆိုင်ရာ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာရာ အမှတ် (၄၁) တပ်မထောက်လှမ်းရေးဌာန အကြီးအကဲ Colonel Dimity V. Menchov နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ စစ်သံမှူး ဗိုလ်မှူးချုပ် ကျော်စိုးမိုးနှင့် တာဝန်ရှိသူများက လေဆိပ်တွင် လိုက်လံပို့ဆောင် နှုတ်ဆက်ကြသည်။

### ပြန်လည်လိုက်ပါလာ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) နှင့်အတူ ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသည့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး အောင်စိုးနှင့် တပ်မတော်အရာရှိကြီးများ၊ တာဝန်ရှိသူများသည်လည်း ပြန်လည်လိုက်ပါလာခဲ့ကြသည်။

*စာမျက်နှာ ၆ ကော်လံ ၁* ▼



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း အား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးမှ သံရုံးဒုတိယအကြီးအကဲ Mr. Pavel Klabukov နှင့် တာဝန်ရှိသူများက နေပြည်တော် လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

## ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ဗိုလ်တိန်တင်းနစ်မယ် ရာဒူကာနူ ကွာတားဖိုင်နယ်တက်



ယူအက်စ်အိုးပင်းတင်းနစ်ပြိုင်ပွဲ ၁၆ ဦး အဆင့် အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲအဖြစ် ယမန်နေ့က နယူးယောက်ရှိ Arthur Ashe Stadium ၌ ဗြိတိန် ဆယ်ကျော်သက် တင်းနစ်မယ် အမ်မာ ရာဒူကာနူနှင့် အမေရိကန်တင်းနစ်မယ် ရော်ဂျာတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ရာ ရာဒူကာနူက ရော်ဂျာကို ၆-၂ ၆-၁ ဖြင့် အနိုင်ယူကာ ကွာတားဖိုင်နယ်သို့ တက်လှမ်းနိုင်ခဲ့သည်။

*စာမျက်နှာ ၈ ကော်လံ ၁* ✻

**ယနေ့ မာ တိ ကာ**

ကိုဗစ်-၁၉ ရောဂါ ခံတက်ခွဲအတည်ပြု လူနာသစ် ၂၄၃၁ ဦးတွေ့ရှိ စာ - ၁၅

ပင်လောင်းမြို့နယ်တွင် ငွေကျပ်သိန်း ၂၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ စာ - ၂၆